shwenantthar
publishing house

မောင်မင်းစိုး

ရွှေနန်းသာ

# ပုလဲတစ်ကန့် ရွှဲတစ်သန့်



# မောင်မင်းစိုး

ရွှေနံ့သာ

# ပုလဲတစ်ကန့် ရွှေတစ်သန့်

လွယ်အိတ်ကြီးများနယ်တွင်အပတ်စဉ်ဖော်ပြခဲ့သောပေးစာများပြန်လည်စုစည်းမှု

shwenantthar
publishing house
no.6, shwepitakat tike,
arzarni street,
east of shwedagon, bahan tsp,
yangon, myanmar.
ph. 01-384363

### နိုင်ငံတော်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ........ ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ....... ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအားဘုံရန်သူ အဖြစ်သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုအမှတ်-၄၀၁၀၅၂၀၉၀၇
မျက်နှာဖုံးခွင့်ပြုအမှတ်-၄၀၀၉၈၅၁၀၀၇

# တအုပ်ဖြစ်ပြောက်လာပုံအကျဉ်း

ဒီစာအုပ်ကို ထုတ်ဝေသူအဖြစ် ဦးကျော်ဟင်း• က ဆောင်ရွက်ခဲ့ပြီး ပုံနှိပ်သူအဖြစ် ဦးဌေးလှိုင်•• က ဆောင်ရွက်ခဲ့ပါတယ်။ စာအုပ်ရဲ့အပြင်အဆင်ကို လူဇော်သစ်တို့ဇနီးမောင်နှံနဲ့ ပီကာဒီဖိုင်းဂရပ်ဖ်တို့က စိတ်ရှိလက်ရှိမွမ်းမံပေးကြပြီး အတွင်းသရုပ်ဖော်ပုံတွေကိုတော့ လူငယ်ကဗျာဆရာ သူရင့်က မီးကုန်ယမ်းကုန်ရေးဆွဲခဲ့ကာ အင်ပါယာကာလာ ရိပရိုမှာ စက်ခွဲဖလင်၊ ပုံရိပ်ရှင်အောင်ဇော်ဆီမှာ လက်ခွဲဖလင် အသီးသီးအပ်နှံခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလအတွင်း ပထမအကြိမ်အဖြစ် စာဖတ်သူရှေ့မှောက် အရောက်ပို့ဆောင်နိုင်အောင် စာအုပ်ချုပ်ဝင်းပပကို အပူတပြင်း လော ခဲ့ရပါတယ်။ ဒီစာအုပ်ကို မျိုးဆက်သစ်လူငယ်တွေဖတ်ဖို့ အဓိကရည်ရွယ်တာမို့ မတင်မာဦးရဲ့ မျိုးဆက်သစ်စာပေကာပဲ တစ်ပြည်လုံး အတိုင်းအတာအထိ ဖြန့်ချိလိုက်ပါတယ်။

အုပ်ရေ-၁၀၀၀ တန်ဖိုး-၁၀၀၀

• ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ၊
အမှတ်-၁၁၁၊ ၃၃-လမ်း၊ ကျောက်တံတား။

•• ဦးဌေးလှိုင်၊ ခရီးဖော်စာပေတိုက်၊
အမှတ်-၇၅၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်း။

# မာတိကာ


သစ္စာနီရဲ့မိတ်ဆက်နိဒါန်းစကား page- 1

စာရေးသူ၏ အမှာစာ page- 5

page- 7 ငြိမ်းချမ်းရေးအတွက် သဲလွန်စ

စိတ်ဓာတ်မွေးမြူနည်း page- 11

page- 17 မိတ်တုဆွေတု

လူမှုရေးတာဝန်နဲ့ဝတ္တရား page- 21

page- 27 ကဲ့ရဲ့တွန်းလှန် လမ်းကြောင်းမှန်

လူဖြစ်ရကျိုးနပ်ပြီလား page- 36

page- 39 မျက်ကန်းယုံကြည်မှုနဲ့ ဗိဘဇ္ဇဝါဒ

ခေတ်နဲ့အညီတွေး ခေတ်နဲ့အညီပြေး page- 45

page- 51 မိရိုးဖလာအဆင့်မြင့်ယဉ်ကျေးမှု

စဉ်းစားတွေးခေါ်တတ်တဲ့ အလေ့အကျင့် page- 57

page- 63 သိပ္ပံပညာ၊ ဗုဒ္ဓဘာသာနှင့် ကမ္ဘာမြေ ငြိမ်းချမ်းရေး

ရုပ်ဝတ္ထုနှင့်ယဉ်ကျေးမှု page- 69

page- 75 ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်

# မာတိကာ


page- 81 အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး

လောကကြီးရဲ့ လိုအပ်ချက် page- 87

page- 93 အောင်မြင်မှုနဲ့ဆုတ်ယုတ်မှု

ကဖေးဆိုင်ယဉ်ကျေးမှု page- 99

page- 105 အလုပ်နဲ့ သက်သေပြပါ

မကောင်းသူတို့ရဲ့ သွားရာလမ်း page- 111

page- 117 လုပ်ရဲရင် ခံရဲရမယ်

နေ့စဉ်မှတ်တမ်းရေးရင်း အဖြေရှာဖို့ page- 123

page- 129 လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်

ကြိုတင်ဟောကိန်းထုတ်၍မရသော သေခြင်းတရား page- 135

page- 141 ဆုံးဖြတ်ချက်နဲ့ ရှေ့ခရီးစဉ်

မိမိကိုယ်ကိုယ်တန်ဖိုးထားပါ page- 147

page- 153 စာရေးသူ၏ကိုယ်ရေးအကျဉ်း

# ပိတ်ခေါက်နှုတ်ခွန်းစကား

သစ္စာနီ

ဆရာမောင်မင်းစိုး(ရွှေနံ့သာ)က သူထုတ်ဝေမည့် စာအုပ်မှာ အမှာစာရေးပေးဖို့ ပြောလာသည်။ အသက်အရွယ်အရလား၊ ဝါအရလား မသိ။ ကျွန်တော်သည် ဟိုစာအုပ်သည်စာအုပ်တွေမှာ မကြာခဏ အမှာစာရေးနေရသည်။

ဝတ္ထုတိုပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဆောင်းပါးပေါင်းချုပ်၊ ကဗျာစာအုပ်စသဖြင့် အတော်များလာသည့် အမှာစာတောင်းလာသူမှန်သမျှ (ယခုအချိန်အထိ) ဘယ်သူ့ကိုမျှ ကျွန်တော် မငြင်းဘူးသေး။ ရေးပေးလိုက်သည်သာ ဖြစ်သည်။ တတ်လို့၊ တော်လို့ ဆရာကြီးလုပ်ချင်လို့ မဟုတ်။ ကိုယ်က သူတို့အရင် သည်လောကထဲ ရောက်နေသူ၊ ဒါကြောင့် လက်ကမ်းကြိုဆိုတဲ့သဘော။ ပြီးတော့ သူတို့စာအုပ်ကို အကြောင်းပြု၍ ကိုယ်ပြောချင်သည့် ကဗျာအကြောင်း၊ စာအကြောင်းလေးတွေကို အလျဉ်းသင့်သလို (အမြီးအမောက် တည့်ချင်မှတည့်ပါမည်) ပြောခွင့်ရသောကြောင့် ဖြစ်သည်။

ယခင် မောင်မင်းစိုး(ရွှေနံ့သာ)၏ စာအုပ်မှာ လွယ်အိတ်ကြီး ဂျာနယ်တွင် သူရေးခဲ့သော ဆောင်းပါးများနှင့် မည့်သည့်မဂ္ဂဇင်း၊ဂျာနယ်များတွင်မျှ ထည့်သွင်းဖော်ပြခြင်းမပြုရသေးသည့် ဆောင်းပါးအသစ်များကို စုစည်းထုတ်ဝေခြင်းဖြစ်ရာ ယေဘုယျအားဖြင့် ဆောင်းပါးပေါင်းချုပ်ဟု ခေါ်နိုင်၏။ ပေးစာ(တူဖြစ်သူထံ)ပုံစံရေးသားထားသဖြင့် လူငယ်စာပေဟုလည်း ဆိုနိုင်၏။ (သို့သော် လူလတ်၊လူကြီးတွေ ဖတ်ပါကလည်း အသိဉာဏ်ဗဟုသုတ တိုးပွားစေနိုင်သည်ကို တွေ့ရပါသည်)

ကမ္ဘာပေါ်တွင် ပေးစာပုံစံဖြင့်ရေးသော စာပေအဖွဲ့အနွဲ့တွေ အတော်များများ ရှိနေပါသည်။ မြန်မာနိုင်ငံတွင်လူသိများသောစာအုပ်မှာ နေရှုး၏ ချစ်သမီးထံပေးစာများ ဖြစ်၍ ဆရာပါရဂူက မြန်မာပြန်ဆိုကာ အကြိမ်ကြိမ်ရိုက်နှိပ်ရသည့်စာအုပ် ဖြစ်၏။ နောက်ထပ်နာမည်ကြီးသောစာအုပ်မှာ ဆရာရန်ကုန်ဘဆွေ၏ ချစ်ဖနီးသို့ပေးစာ ဖြစ်သည်။

တူမောင်ဟု အစချီကာ စကားပြောဟန် ရေးရာ၌မူ ဆရာဇဝန၏ (ဦးလေးပြောမယ်)သည် အစောဆုံးဟု ထင်ပါသည်။ ရှင်မြူးသွက်လက်သည့် ရေးဟန်ကြောင့် တစ်ခေတ်က လူကြိုက်အင်မတန်များ ခဲ့ပါသည်။ ဆရာမဂျူးကလည်း (သမီး)ဟု ခေါင်းစဉ်တပ်ကာ တူမလေးတွေကို စကားပြောဟန်ဖြင့် ရေးသည့် ဆောင်းပါးများကို ဖတ်ရှုဖူးသည်။

အမိကမှာ လူငယ်များကို ရည်ညွှန်းပြောဆိုလိုသောအခါ ယခုကဲ့သို့သောပုံစံကို အသုံးပြုလေ့ရှိသည်ဟု ယေဘုယျပြောဆိုနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ပုတ္တောဝါဒဟူသော အစဉ်အလာ ရှိခဲ့၏။ လူငယ်များကို နည်းပေးလမ်းညွှန် ဆုံးမစကားပြောလို၍ ရေးဖူးသူမရှားလှသော်လည်း ထိုလိုင်းတစ်လိုင်းတည်းကို အဓိကထားရေးသူမျိုးကား ရှားလှ၏။ ဥပမာ–ကျွန်တော် တွေ့မိသည်မှာ ဦးအောင်သင်း၊ နောက်တော့ လူထုစိန်ဝင်း စသူတို့သာ ဖြစ်သည်။ နန္ဒာသိန်းဇံ၊ ဖေမြင့်နှင့် ကြည်မင်းတို့စာအုပ်များမှာ လူငယ်တွေအကြားမှာ ခေတ်စားကာ လူငယ်များ အသိဉာဏ်ဗဟုသုတတိုးပွားစေသည့်စာအုပ်များ ဖြစ်သော်လည်း (လူငယ်တို့အတွက်သာ ရည်ရွယ်ထုတ်ဝေသည့်

စာအုပ်များ မဟုတ်မှုဘဲ) လူကြီးလူငယ်မရွေး ဖတ်ရှုနိုင်သော စာအုပ်များသာ ဖြစ်လေတော့သည်။ ယခု မောင်မင်းစိုး(ရွှေနံ့သာ)၏ စာအုပ်မှာမူ အထက်က ဆိုခဲ့သလို (ငါ့တူ)ဟု အစချီထားသည်နှင့်အညီ အဓိက အားဖြင့် လူငယ်ထုအတွက် ရေးသားလိုက်သော ပေးစာဆောင်းပါး ဖြစ်နေလေသည်။

သူ့စာများကို အကဲခတ်လိုက်သောအခါ အမျိုးအစားသုံးခု ထွက်လာသည်ကို တွေ့ရသည်။

**၁။လူမှုဆက်ဆံရေးဗေဒ**

လူ့အဖွဲ့အစည်းဝင်တစ်ဦးအနေဖြင့် အပြန်အလှန် လူ့အဖွဲ့အစည်းနှင့် ပေါင်းစည်းသင့်မြတ်ရေးကို လမ်းညွှန်ထားသောဆောင်းပါးတွေ ဖြစ်သည်။ ဥပမာ–မိတ်တုဆွေတု၊ တာဝန်နဲ့ဝတ္တရား၊ လူဖြစ်ရကျိုးနပ်ပြီလား (ပရဟိတ)၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်၊ မိရိုးဖလာအဆင့်မြင့်ယဉ်ကျေးမှု စသည်တို့ ဖြစ်သည်။

**၂။တစ်ဦးချင်း စိတ်စွမ်းရည်မြှင့်တင်မှု**

တစ်ဦးချင်း စိတ်စွမ်းအားတိုးပွားအောင် မြှုပြင်မြှင့်တင်ပေးနိုင်သည့် ဆောင်းပါးများအဖြစ် စိတ်ဓာတ်မွေးမြူနည်း၊ ကဲ့ရဲ့တွန်းလှန်လမ်းကြောင်းမှန်၊ မျက်ကန်းယုံကြည်မှုနဲ့ ဝိဘဇ္ဇဝါဒ၊ အလုပ်နဲ့သက်သေပြပါ၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပါ၊ ဆုံးဖြတ်ချက်နဲ့ ရှေ့ခရီးစဉ် စသည်တို့ကို တွေ့နိုင်သည်။ စဉ်းစားတွေးခေါ်တတ်တဲ့ အလေအကျင့်ဆိုတဲ့ဆောင်းပါးတွင် ကြံကြီးစည်ရာ၊ အရည်မရအဖတ်မရ အတွေးအခေါ်တွေကို ရှုတ်ချထားတာ တွေ့ရသည်။ ဥပမာ 'မိုးသည် အထက်မှရွာ၍

တော်၏ အောက်မှရှာသော် ထီး မည်သို့ဆောင်းရမည် မသိ' ဆိုသော အတွေးအခေါ်မျိုးကို ရှောင်ရမည်ဟု ဆုံးမထား၏။ (တချို့ကား ဤအရာကိုပင် ဟုတ်လှပြီ ဖြစ်သည်ဟု ထင်နေကြသည်)။ ကောင်းတဲ့ အကြံ အစည်ဆိုသော(သမ္မာသင်္ကပ္ပ)ကို ထုတ်နုတ်ပြထား၏။

## ၃။ မျက်မှောက်ခေတ် ကမ္ဘာ့အရေး

စာရေးသူသည် မျက်မှောက်ခေတ်ကမ္ဘာ့အရေး ကိုလည်း မေ့လျော့နေသူ မဟုတ်ချေ။ ကမ္ဘာ့မြေ ငြိမ်း ချမ်းရေးအတွက် အနုမြူလက်နက်ပြန့်ပွားမှာကို စိုးရိမ် ပူပန်သူဖြစ်သည်။ အိုဇုန်းလွှာပြဿနာနှင့် သဘာဝပတ် ဝန်းကျင်ထိန်းသိမ်းရေးကိစ္စကို သတိတရ ပြောနေ တတ်သူ ဖြစ်သည်။ ဆက်ဒမ်ဟူစိန်၏ သံဝေဂရဖွယ် ကျဆုံးခန်းကိုလည်း သင်ခန်းစာ ယူစေချင်သည်။ ထို အကြောင်းများကို သိပ္ပံပညာ ဗုဒ္ဓဘာသာနှင့် ကမ္ဘာ့မြေ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးအတွက် သဲလွန်စ၊ လောက ကြီးရဲ့လိုအပ်ချက်၊ အောင်မြင်မှုနှင့် ဆုတ်ယုတ်မှု၊ မကောင်းသူတို့ရဲ့သွားရာလမ်းဆောင်းပါးတွေမှာ တွေ့ မြင်ဖတ်ရှုနိုင်သည်။

ကျွန်တော့်အကြိုက်ဆုံးအချက်ကား စာရေးသူ သည် သူ ပြောချင်ရေးချင် သည့်အချက်များကို ဘုရား ဟောအဆို အမိန့်အထောက်အထားတွေနှင့် အညီ ဘာသာရေးရှုထောင့်မှ အခြေခံသုံးသပ်တင်ပြသွားသော အချက်ဖြစ်သည်။ ယင်းမှာ ဤဆောင်းပါးများအတွက် အချိုပေါ်သကာလောင်းသကဲ့သို့ ရှိလေတော့သည်။

လေးစားလျက်

**သစ္စာနီ**

ဇူလိုင်၊ ၂၀၀၇

# စာရေးသူ၏ အမှာစာ

အတိမ်အနက်၊ အဆိုးအကောင်း၊ အလှည့်အပြောင်း၊ အရွဲ့အစောင်း စတာတွေနဲ့ ခရီးသွားနေရတဲ့ လူသား တစ်ယောက်ရဲ့ရှင်သန်ဖြတ်သန်းမှုတွေကို ပုံဖော်ရင်း ဒီစာအုပ်လေး ရေးဖြစ်သွားတာပါ။ လူ့အဖြစ်မှာ ခဏတာ အသက်ရှင်နေရရိုက် လူသားဆန်တဲ့ အပြုအမူ၊ အပြော အဆို၊ အတွေးအခေါ်၊ အလေ့အထတွေနဲ့ ကြီးပြင်းခဲ့ရတဲ့ လူသားတွေရှိသလို ဆန့်ကျင်ဘက်တွေနဲ့ ရင်ဆိုင်ဖြတ် သန်းနေကြရတဲ့လူတွေလည်း ရှိကောင်းရှိနေလိမ့်မယ်။ ဒါတွေဟာ လူ့ဘဝရဲ့ဖြစ်စဉ်တွေဆိုတော့ ဘယ်လို ပြော ရမလဲ။

ဒီစာအုပ်လေးဟာ ဦးလေးကနေ တူတော်မောင် ထံသို့ ပေးစာသဘောမျိုးလေးတွေ ရေးထားတာဆို တော့ ပညာတတ်လူတန်းစားတွေအနေနဲ့တော့ ဖတ်ရ တာ ဘဝင်တွေ့ချင်မှ တွေ့မှာပါ။ ဒီအတွက် ခေတ်စကား နဲ့ပြောရရင် အနုပညာ၊ အတတ်ပညာ ဝမ်းစာရှိပြီး သူတွေအနေနဲ့ နားလည်ပေးပါလို့ ပြောချင်ပါတယ်။

ပထမကတော့ လွယ်အိတ်ကြီးဂျာနယ်မှာ အပတ် စဉ်ရေးသားခဲ့တယ်။ အခု အဲဒီစာမူတွေ ဖရိုဖရဲ ဖြစ်မသွား ရလေအောင် ရေးပြီးသားစာမူတွေကို စုစည်းပြီး စာအုပ် လေးဖြစ်အောင် မနည်း ကြိုးစားလိုက်ရတယ်။ ဘာပဲ ဖြစ်ဖြစ် ကျေနပ်ပါတယ်။

တစ်ဆက်တည်း ပြောချင်တာကတော့ ကျေးဇူးတင်စကားပါ။ ပထမဆုံး ကျေးဇူးတင်ထိုက်သူကတော့ မအားလပ်တဲ့ကြားထဲကနေ စာအုပ်နာမည်နဲ့ အမှာစာရေးပေးတဲ့ ဆရာသစ္စာနီ၊ စာအုပ်အပြင်အဆင် မျက်နှာဖုံးနဲ့ အတွင်းဒီဇိုင်းကို မေတ္တာဖြင့်ဖန်တီးပေးခဲ့သော ကဗျာဆရာလူဖော်သစ်နဲ့ မသန္တာကျော်မောင်၊ အတွင်းသရုပ်ဖော်ပုံများကို ဖန်တီးပေးခဲ့သော ကဗျာဆရာ သူရင့်၊ စာပြင်မှုကို မေတ္တာဖြင့်ကူညီပေးခဲ့သော ကဗျာဆရာစိုးမင်းအောင်၊ စာအုပ်ဖြစ်ပေါ်လာအောင် အစစအရာရာ စေတနာများစွာဖြင့် အပင်ပန်းခံ ကူညီဆောင်ရွက်ပေးခဲ့သော နေသစ်မျိုး (ငွေသာတွင်း)၊ ဆရာကြူးနှစ်၊ ကဗျာဆရာအောင်ရင်ငြိမ်း၊ ကဗျာဆရာ ဖိုးခေါင်း၊ ကိုစိုးကိုအောင်၊ စာအုပ်ဖြစ်မြောက်အောင် အဓိကအဖြစ် ငွေကြေးစိုက်ထုတ်ပေးခဲ့သော ဦးအေးကြူ+ဒေါ်အေးအေးမော်၊ ကိုမင်းမင်းဦး+မဥမ္မာပြုံးမိသားစု၊ စာမူများ အသုံးပြုခဲ့သော လွယ်အိတ်ကြီးဂျာနယ်အားလည်းကောင်း၊ အခြားအခြားသော ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

မောင်မင်းစိုး၊ရွှေနံ့သာ၊

အခန်း - ၁

# ငြိမ်းချမ်းရေးအတွက် သဲလွန်စ

လူတွေဟာ
ရုပ်ဝတ္ထုတွေရဲ့ ကျေးကျွန်ဖြစ်လာခဲ့ပြီး
အရှေပြားဆန်လာခဲ့တယ်။
အနှစ်သာရအစစ်အမှန်တွေ
တစ်နေ့တခြား
ပျောက်ဆုံးလာနေခဲ့တယ်။
ရုပ်ဝတ္ထုတွေ တိုးတက်သလောက်
နာမ်ပိုင်းဆိုင်ရာကိုယ်ကျင့်တရားတွေဟာ
တရွေ့ရွေ့ ပြိုဆင်းလာတာနဲ့အမျှ
ကမ္ဘာကြီးဟာ
ပူလောင်မှုတွေနဲ့
ခရီးဆက်နေရတော့တယ်။

တစ်ဆက်တည်း ပြောချင်တာကတော့ ကျေးဇူးတင်စကားပါ။ ပထမဆုံး ကျေးဇူးတင်ထိုက်သူကတော့ မအားလပ်တဲ့ကြားထဲကနေ စာအုပ်နာမည်နဲ့ အမှာစာရေးပေးတဲ့ ဆရာသစ္စာနီ၊ စာအုပ်အပြင်အဆင် မျက်နှာဖုံးနဲ့ အတွင်းဒီဇိုင်းကို မေတ္တာဖြင့်ဖန်တီးပေးခဲ့သော ကဗျာဆရာလူဖော်သစ်နဲ့ မသန္တာကျော်မောင်၊ အတွင်းသရုပ်ဖော်ပုံများကို ဖန်တီးပေးခဲ့သော ကဗျာဆရာ ဆူးရင့်၊ စာပြင်မှုကို မေတ္တာဖြင့် ကူညီပေးခဲ့သော ကဗျာဆရာစိုးမင်းအောင်၊ စာအုပ်ဖြစ်ပေါ်လာအောင် အစစအရာရာ စေတနာများစွာဖြင့် အပင်ပန်းခံ ကူညီဆောင်ရွက်ပေးခဲ့သော နေသစ်မျိုး (ငွေသာတွင်း)၊ ဆရာကြူးနှစ်၊ ကဗျာဆရာအောင်ရင်ငြိမ်း၊ ကဗျာဆရာ ဖိုးခေါင်၊ ကိုစိုးကိုအောင်၊ စာအုပ်ဖြစ်မြောက်အောင် အဓိကအဖြစ် ငွေကြေးစိုက်ထုတ်ပေးခဲ့သော ဦးအေးကြူ+ဒေါ်အေးအေးမော်၊ ကိုမင်းမင်းဦး+မဥမ္မာပြုံးမိသားစု၊ စာမူများ အသုံးပြုခဲ့သော လွယ်အိတ်ကြီးဂျာနယ်အားလည်းကောင်း၊ အခြားအခြားသော ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

မောင်မင်းစိုး၊ ရွှေနံ့သာ၊

## ငါတို့...

မင်းရဲ့အားကောင်းမောင်းသန်စိတ်ကူးတွေနဲ့ ကမ္ဘာကြီးကို ကယ်တင်ဖို့ ကြိုးစားပါ။ အခု ကမ္ဘာကြီးဟာ စစ်မက်ဒဏ်တွေနဲ့ ဝန်ပိနေခဲ့တယ်။ လူသားတွေဟာ လူသားချင်း စာနာထောက်ထားဖို့ကင်းစ ပြုလာပြီ မဟုတ်လား။ ငါတို့လည်း ကြားမယ်ထင်တယ်။ ကမ္ဘာကြီးဟာ အနုမြူ ကိစ္စနဲ့ပတ်သက်လို့ ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်နေကြရတယ်လေ။

နာညမညာသ ဒုက္ခမိစ္ဆေယျ။ ။ ဒီစကားလေးကို ငါတို့လည်း ဘုန်းကြီးကျောင်းသားဖြစ်ဖူးတော့ နှုတ်ထဲတိုးနေတဲ့စကားလုံး ဖြစ်နေလိမ့်မယ်ထင်တယ်။ အဓိပ္ပာယ်က **"လူသားတစ်ယောက်ဟာ လူသားတစ်ယောက်ရဲ့ ကိုယ်စိတ်နှစ်ပါးဆင်းရဲမှုကို အလိုမရှိရာ"**တဲ့။ ဆိုလိုတာကကွာ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်အတွက်နဲ့ သူတစ်ပါးအကျိုး ပျက်စီးရာပျက်စီးကြောင်းအလုပ်ကို မလုပ်နဲ့လို့ ဆိုလိုတာပေါ့။

ကမ္ဘာကြီးငြိမ်းချမ်းဖို့ လိုတယ်။ ကမ္ဘာကြီးငြိမ်းချမ်းဖို့ဆိုတာကလည်း တစ်ဦးအပေါ်တစ်ဦး မေတ္တာသက်ဝင်ပြီး ကြင်ကြင်နာနာ ယုယုယယရှိဖို့ လိုတယ်။ ဒီလိုမှမဟုတ်ဘဲ ကိုယ့်မာနတွေ အစွယ်ဖွေးဖွေးနဲ့ အမောက်ထောင်လာပြီး လူတကာလိုက်ပြီး စော်ကားမော်ကား လုပ်နေကြမယ်ဆိုရင်တော့ ငါတို့သိတဲ့အတိုင်း ကမ္ဘာကြီးဟာ တစ်နေ့တခြား ပိုမိုဆုတ်ယုတ်မှုတွေနဲ့ ပျက်စီးမယ်။

အခုဖြစ်နေတာက အကြမ်းဖက်မှုတွေ၊ နယ်နိမိတ်လုယူမှုတွေ၊ ကိုယ့်ပါဝါကိုမင်းမူပြီး နယ်ချဲ့မှုတွေ စတဲ့ ဆိုးကျိုးတွေကြောင့် ကမ္ဘာကြီးဟာ မီးဟုန်းဟုန်းတောက် လောင်ကျွမ်းနေခဲ့ရတယ်။ ဒါကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ဖို့ကတော့ ငါတို့တစ်ယောက်နဲ့တော့ မဖြစ်ဘူးပေါ့။ လူသားအားလုံး ကိုယ့်မာန၊ပါဝါ စတာတွေကိုခဝါချပြီး တစ်ယောက်နဲ့တစ်ယောက် လူသားချင်းစာနာထောက်ထားတတ်ဖို့ လိုတယ်ပေါ့ကွာ။

လူ့ဘဝရဲ့ ခဏတာဖြစ်တည်မှုလေးမှာ ငါတို့တစ်တွေဟာ ဧည့်သည်အဖြစ် ခဏဝင်နားခိုကြရတဲ့ ခရီးသည်တွေ မဟုတ်လား။ တစ်နေ့တော့ ကိုယ့်လမ်းကိုယ်ထွင်ပြီး ကိုယ့်ခရီးကိုယ် လျှောက်ကြရမယ့် ဧည့်သည်တွေ

ဆိုတော့ ခဏတာဆုံစည်းခိုက်မှာ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပျော်ပျော်ရွှင်ရွှင် ဖြစ်စေချင်တယ်။

ငါ့တူသိတဲ့အတိုင်း လူတွေဟာ ရုပ်ဝတ္ထုတွေရဲ့ ကျေးကျွန်ဖြစ်လာခဲ့ပြီး အရေပြားဆန်လာခဲ့တယ်။ အနှစ်သာရအစစ်အမှန်တွေ တစ်နေ့တခြား ပျောက်ဆုံးလာနေခဲ့တယ်။ ရုပ်ဝတ္ထုတွေ တိုးတက်သလောက်၊ နာမ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်တရားတွေဟာ တရွေ့ရွေ့ ပြိုဆင်းလာတာနဲ့အမျှ ကမ္ဘာကြီးဟာ ပူလောင်မှုတွေနဲ့ ခရီးဆက်နေရတော့တယ်။ ဒါတွေကို ကမ္ဘာကြီးမှာရှိတဲ့ အသင်းအဖွဲ့အစည်းတိုင်းရဲ့ ခေါင်းဆောင်အသီးသီးဟာ အရေးတမူရှိပြီး သတိဝီရိယရှိစွာနဲ့ ဖြေရှင်းနိုင်ဖို့ လိုနေပြီ။

နောက် ငါ့တူ ကြားဖူးပြီးသားဖြစ်တဲ့ ဗုဒ္ဓစကားတစ်ခွန်းကတော့ **"အသာရေ သာရမတိနော"**တဲ့။ လူတွေဟာ တကယ့်အစစ်အမှန် မဟုတ်တဲ့ အရာဝတ္ထုတွေအပေါ်မှာ အနှစ်သာရရှိတယ်လို့ ထင်နေကြတယ်။ ဆိုလိုတာကကျွာစောစောကပြောခဲ့တဲ့အတိုင်း လူသားတွေဟာ ရုပ်ဝတ္ထုတွေရဲ့ ကျေးကျွန်ဖြစ်နေတော့ ဒီရုပ်ဝတ္ထုတွေအပေါ် သာယာတပ်မက်ပြီး ရုပ်ဝတ္ထုတွေနောက် တကောက်ကောက်လိုက်နေခဲ့ကြတယ်။ ဒီတော့ မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေက တန်းစီပြီး လိုက်လာကြတာပေါ့။ ခက်တာက ဒါကိုမှ အမှန်ထင်ပြီး မျက်စိမှိတ်စွတ်လုပ်နေကြတယ်။


ဒီတော့ စစ်မှန်တဲ့တရားတွေဟာ တဖြည်းဖြည်း ပျောက်ကွယ်လာပြီး လောဘ၊ ဒေါသ၊ မောဟ၊ မာန စတဲ့ ကိလေသာအညစ်ကြေးတွေနဲ့ ကမ္ဘာကြီးကို သုတ်လိမ်းပစ်လိုက်ကြတော့တာပဲ။ ငါ့တူမှာလည်း ဒီအညစ်အကြေးတွေ စွန်းထင်းနေခဲ့ရင် ပယ်ခွာနိုင်ဖို့ ကြိုးစားစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါ့တူတို့ရဲ့လက်ထဲမှာ အနာဂတ်ကမ္ဘာသစ်ကြီးကို သွေးမစွန်းစေချင်ဘူး။ "ဘယ်သူသေသေ ငတေမာရင်ပြီးရော" ဆိုတဲ့ အမူအကျင့်တွေနဲ့ ခရီးဆက်နေဦးမယ်ဆိုရင်တော့ အနာဂတ်ကမ္ဘာသစ်ကြီးဟာလည်း မတွေးဝံ့စရာပဲ မဟုတ်လား။

ဘယ်လိုမှ ငြင်းပယ်လို့မရဘဲ အနာဂတ်ကမ္ဘာသစ်ကြီးဟာ ငါ့တူတို့ရဲ့လက်ထဲမကြာခင် ရောက်လာတော့မယ်။ ဒီတော့ ကမ္ဘာသစ်ကြီး သာယာလှပအောင် မေတ္တာဓာတ်တွေစီးမျောပြီး လူသားချင်းစာနာထောက်ထားဖို့နဲ့ လူ့ဘဝရဲ့အစစ်အမှန်တရားကိုဖော်ထုတ်နိုင်ဖို့ စွမ်းဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ။

အခန်း - ၂

# စိတ်ဓာတ်မွေးမြူနည်း

ဒါရိုက်ယိုဆေးလိပ်တားအကြောင်းရေးထားတဲ့
သတင်းအတိုအစလေးတွေတာနဲ့
ဒီစာလေး ရေးဖြစ်သွားတာပါ။
ဒါရိုက်ယိုဆေးလိပ်တားဆိုတာ
ဟိုယခင်ကတော့
ဥရုဂွေးလက်ရွေးစင်တိုက်စစ်မှူး
တစ်ယောက်ပေါ့။
ခုတော့
ဘဝပေးကံကြမ္မာရဲ့ဆိုးသွမ်းမှုကြောင့်
ကွင်းပြင်ဘက်ကနေ • • •


SUEYINT

ဒီတစ်ပတ်တော့ စိတ်ဓာတ်မွေးမြူနည်းလေး အကြောင်း ပြောကြရအောင်။ ဘာရယ်တော့ မဟုတ်ပါ ဘူး။ ဒီစာလေးမရေးခင် ဂျာနယ်တစ်စောင်တွေ့တာနဲ့ ကောက်ဖတ်ဖြစ်လိုက်တယ်။ အဲဒီထဲက ဒါရီယိုဆေးလ် ဗားအကြောင်းရေးထားတဲ့ သတင်းအတိုအစလေးတွေ တာနဲ့ ဒီစာလေးရေးဖြစ်သွားတာပါ။ ဒါရီယိုဆေးလ်ဗား ဆိုတာ ဟိုယခင်ကတော့ ဥရုဂွေးလက်ရွေးစင်တိုက်စစ်မှူး တစ်ယောက်ပေါ့။ ခုတော့ ဘဝပေးကံကြမ္မာရဲ့ဆိုးသွမ်း မှုကြောင့် ကွင်းပြင်ဘက်ကနေ လမ်းလျှောက်လို့ရအောင် ကြိုးစားနေရတဲ့ အားကစားသမားကြီးပေါ့ကွာ။

သူဟာ မတော်တဆ ကားအက်ဆီးဒင့် ဖြစ် ပြီး ညာခြေထောက်ဖြတ်တောက်ခံထားခဲ့ရတယ်။ မကြာ ခင်အချိန်မှာတော့ ခြေအတုတပ်ဆင်ပြီး လမ်းလျှောက်၊ မြင်းစီး၊ အားကစားကွင်းထဲ တစ်ကျော့ပြန် ဝင်လာနိုင် လိမ့်မယ်လို့ယုံကြည်ပြီး စိတ်ဓာတ်တွေ မွေးမြူနေတဲ့ မသန်စွမ်းဒုက္ခိတတစ်ယောက်ဆိုပါတော့။ သူက ဘာပြော သလဲ ဆိုတော့“မကြာခင် အချိန်အတွင်းမှာ ကျွန်တော့် ကို လမ်းလျှောက်နေတာ၊ မြင်းစီးနေတာ၊ ဒါထက် အားကစားကွင်းထဲမှာပါ ပြန်လည်မြင်တွေ့ကြရလိမ့် မယ်။ ကျွန်တော့်အနေနဲ့ မသန်မစွမ်းဖြစ်နေတာကို ရှက်ရွံ့တတ်သူ မဟုတ်ဘူးဆိုတာ သက်သေပြသွား မှာပါ။ ကျွန်တော် ဒုက္ခခံစားနေရချိန်မှာ တယ်လီဖုန်း စာတွေနဲ့ ဆက်သွယ်ပြီး အားပေးကူညီခဲ့ကြတဲ့အတွက်

ဝမ်းသာမိပါတယ်။ ပြန်စာတွေလည်း ပြန်လည်ပေးပို့သွားဖို့ စီစဉ်ထားပါတယ်။ ကျွန်တော့်ဇနီး အက်ဒရီယာနာ၊ သား ဒါရီယိုနဲ့ သမီးအီလီနီတို့က ကျွန်တော် စိတ်ဓာတ်ကျမှာ စိုးရိမ်နေကြပေမယ့် ကျွန်တော်ကတော့ ဘဝကို မွန်မြတ်တဲ့လက်ဆောင်တစ်ခုလို့ သတ်မှတ်ထားသူပါ'' တဲ့။

ကဲ ငါတူရေ ဘဝပေးကံကြမ္မာကြောင့် အားကောင်းမောင်းသန်ပြေးလွှားရင်း ကွင်းတစ်ခုလုံး အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်တွေနဲ့ အားကစားလောကမှာ နာမည်ရှိခဲ့တဲ့ အခု ဒုက္ခိတဘဝရောက်နေတဲ့ ဒါရီယိုဆေးလ်ဗားရဲ့စကားတစ်ခွန်းဟာ ဘယ်လောက်အားမာန်တွေ တက်ကြွနေလဲဆိုတာ စဉ်းစားသာ ကြည့်ပေတော့။ လူ့ဘဝမှာ ကိုယ်တန်ဖိုးအထားဆုံးအရာဝတ္ထုတစ်ခု ကျိုးကြေပျက်စီးသွားခဲ့ရင် သူသူငါငါ စိတ်ဓာတ်တွေကျပြီး စိတ်ဆင်းရဲခဲ့ကြရတယ် မဟုတ်လား။ သူ့ဆိုလည်း ကြည့်ပေါ့။ သူ အလွန်အင်မတန်အလေးထားရတဲ့ခြေတစ်ဖက်ကို စွန့်လွှတ်လိုက်ရပြီ မဟုတ်လား။ ဒါပေမဲ့ သူဟာ စိတ်ဓာတ်ကျမသွားအောင် သူ့ကိုယ်သူ အားတင်းနေရတဲ့ဒုက္ခိတသည်ပေါ့။

ဦးလေး ပြောချင်တာကတော့ ဒါကို နည်းယူစေချင်တာပါ။ သူပြန်ပြီး ဘောကန်ဖို့ မကန်ဖို့ ဆိုတာကတော့ ထားလိုက်ပါတော့။ သူဟာ သူ့ကိုယ်သူ စိတ်ဓာတ်မွေးမြူပြီး ဘဝအတွက် လက်ဆောင်ကောင်းတစ်ခုလို့ မှတ်ယူနေခဲ့တယ် မဟုတ်လား။ ဒီလိုပဲ ခပ်ဆင်ဆင်

လူတန်းစားမျိုးစုံ၊ အဆင့်အတန်းအပုံပုံနဲ့ လူ့ဘဝရဲ့ လောကဓံတိုက်ပွဲတွေ တစ်ခုပြီးတစ်ခု ရင်ဆိုင်ခဲ့ရတယ်။ အောင်နိုင်ဖို့ကြိုးစားရင်း ပြန်လဲကျ၊ ပြန်ထလိုက်နဲ့ အခုတော့ လူ့ဘဝတစ်ဆစ်ချိုးတောင် ရောက်ခဲ့ပြီ။

ဖြစ်စဉ်တွေလည်း ငါ့တူ ကြားဖူးကောင်း ကြားဖူးလိမ့်မယ်။ အဲဒီတော့ လူ့ဘဝမှာ ကိုယ်မယူချင်ပေမယ့် လောကဓံတွေကတော့ တစ်ခုပြီးတစ်ခု လက်ဆောင်ပေးနေလိမ့်မယ်။ ဒါတွေကို မခံယူချင်ပါဘူးလို့ အတင်းငြင်းဆန်ပြီး တွန်းလှန်နေရုံနဲ့တော့ မဖြစ်သေးဘူး။ ဘယ်လိုရင်ဆိုင်ရမလဲ၊ တုံ့ပြန်ရမလဲ၊ ဖြေရှင်းရမလဲဆိုတဲ့ လောကဓံကို အန်တုနိုင်ဖို့ စိတ်ဓာတ်တွေ နိုင်မာဖို့ မွေးမြူကြရမယ် မဟုတ်လား။

နေပြည်ကျော်ထွန်းရဲ့ ဟိုယခင်က ရေးခဲ့တဲ့ ကဗျာအပိုင်းအစလေးက ခေါင်းထဲ ရောက်လာခဲ့တယ်။

'တိုက်ပွဲဆိုတာ၊ သာချင်သာမည်၊
တိုက်ပွဲဆိုတာ၊ နာချင်နာမည်၊
နာနာ,သာသာ၊ ဘာမှမဖြူ၊
စိတ်လုံခြုံရင်၊
မတုန်မလန့်ဖျပ်ပါဘူး။
အဟုန်မတန့်ရပ်ပါဘူး။

. . . . . . . . . . . . .

ယောက်ျားပေ့နော်၊ တိုက်ပွဲပျော်၊
ကျွန်တော်တိုက်ရင်းတက်မှာပဲ' ဆိုတဲ့
ကဗျာလေးပါ။

လူ့ဘဝမှာ အသက်တစ်ရာ မနေရသော်ငြား အမှုတစ်ရာပွေ့ရတယ်ဆိုသလို လိုချင်တာတွေရော၊ မလိုချင်တာတွေရော ယှဉ်ပြိုင်ဒွန်တွဲပြီး ကြုံတွေ့ကြရဦးမယ် မဟုတ်လား။ အဲဒီတော့ လောကဓံဆိုတဲ့တိုက်ပွဲတွေကို အနိုင်မခံအရှုံးမပေးဘဲ တွန်းလှန်နိုင်ဖို့ တိုက်ရင်းတက်နေကြရမယ် မဟုတ်လား။ ငါ့တူတို့ အသက်လေးတွေကလည်း ငယ်သေးတယ် မဟုတ်လား။

တစ်ခုပြီးတစ်ခု ဝင်ရောက်လာမယ့် လောကဓံတရားတွေကတော့ လက်ယပ်ခေါ်ပြီး စောင့်လင့်နေခဲ့ပြီ။ မသွားချင်လည်း လျှောက်ရဦးမှာပဲ။

ဦးလေးတို့လည်း လူတန်းစားမျိုးစုံ၊ အဆင့်အတန်းအဖုံဖုံနဲ့ လူ့ဘဝရဲ့ လောကဓံတိုက်ပွဲတွေ တစ်ခုပြီးတစ်ခု ရင်ဆိုင်ခဲ့ရတယ်။ အောင်နိုင်ဖို့ ကြိုးစားရင်း ပြန်လဲကျ၊ ပြန်ထလိုက်နဲ့ အခုတော့ လူ့ဘဝတစ်ဆစ်ချိုးတောင် ရောက်ခဲ့ပြီ။ အခုလည်း လောကဓံတွေ တွန်းလှန်ပြီး တက်နေရတုန်းပဲ။ ဒါပေမဲ့ စိတ်ဓာတ်တွေ အောက်အထိ ပြုတ်ကျမသွားအောင်တော့ မွေးမြူနေရဆဲပဲ မဟုတ်လား။ တစ်ခါ တလေ ဘဝမှာ လူဖြစ်ရကျိုးမနပ်လိုက်လေခြင်းဆိုတဲ့ အတွေးတွေနဲ့ လောကဓံ ဂယက်တွေအောက်စီးမျောရင်း ဘဝကိုအရှုံးပေးဖို့ အကြိမ်ကြိမ် ဖြစ်ခဲ့မိတယ်။ ဒါပေမဲ့ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ဒါလေးတွေတောင် မခုခံ၊ မတွန်းလှန်အနိုင် မယူနိုင်ဘူးဆိုရင် ကိုယ့်ကိုယ်ကိုယ် ညံ့ရာကျမှာပေါ့ဆိုတဲ့ အတွေးတွေဝင်လာပြီး မနည်းမောင်းထုတ်ရင်း စိတ်ဓာတ်တွေမွေးမြူခဲ့ရတယ်။

ငါ့တူမှာလည်း "ဒီလူရယ်တဲ့ ပူမှုဆယ်ကုဋေ" ဆိုသလို ဒုက္ခအဖုံဖုံရဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေကတော့ တစ်ခုပြီးတစ်ခု တစ်မျိုးတစ်ဖုံနဲ့ ဝင်ရောက်လာ လိမ့်မယ်။ ဒါကို အရှုံးပေးမယ်ဆိုရင်တော့ ငါ့တူရဲ့အနာဂတ်ဟာ ကျရှုံးမှုတွေနဲ့ ခရီးမတွင်ဘဲ ဖြစ်နေလိမ့်မယ်။ "ယောကျ်ားဟော့နော်၊ တိုက်ပွဲပျော်၊ ကျွန်တော် တိုက်ရင်းတက်မှာပဲ"ဆိုတဲ့ ကဗျာအပိုင်းအစလေးတွေရွတ်ပြီး စိတ်ဓာတ်မွေး မြူနည်းနဲ့ ကြုံတွေ့လာမယ့် လောကဓံတွေကို တွန်းလှန်နိုင်ပါစေလို့။ ။

အခန်း – ၃

# မိတ်တုဆွေတု

မိတ်ကောင်းဆွေကောင်း ဟုတ်၊ မဟုတ်
ခွဲခြားပြီးပေါင်းဖော်ဖို့ အရေးကြီးတယ်။
အခုချိန်မှာ အပေါင်းသင်းမှားရင်
ရောက်ရှိလာတော့မယ့်
အနာဂတ်ကမ္ဘာသစ်ဟာ
မှုန်ဝါးဝါးနဲ့
မှေးမှိန်သွားလိမ့်မယ် မဟုတ်လား။


SUEYINT

"မိတ်ဆွေကောင်းဆိုတာ အမှုကိစ္စ တစ်ဝက် ပြီးမြောက်နိုင်တယ်"၊ "မဟုတ်သေးဘူး အာနန္ဒာ မိတ်ဆွေကောင်းဆိုတာ အမှုကိစ္စအားလုံး ပြီးမြောက်နိုင်တယ်" လို့ ရှင်အာနန္ဒာရဲ့စကားကို ဗုဒ္ဓက ထပ်မံမြှင့်တင်ပေးလိုက်တယ်။ ဒီစကားလုံးလေးဖတ်မိပြီး ဒီတစ်ပတ်တော့ မိတ်တုဆွေတုအကြောင်း ငါ့တူကို ပြောဆိုဆွေးနွေးချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါ့တူတို့ခေတ်မှာ ဖိမ်ခံစရာမျိုးစုံနဲ့ယစ်မူးနေဖို့ အလွန်ကောင်းတဲ့ခေတ် မဟုတ်လား။

အာရုံ(၅)ပါးအတွက် အမျိုးမျိုးအဖုံဖုံ တီထွင်ဆန်းသစ်လာတာနဲ့အမျှ ဒီအာရုံကာမဂုဏ်တွေနဲ့ မွေ့လျော်ပျော်ပါးနေခဲ့ကြတယ်။ ဦးလေးအနေနဲ့ ဒါကိုအပြစ်ပြောနေတာ မဟုတ်ပါဘူး။ ဒါပေမဲ့ လွန်လွန်ကြူးကြူး မလိုက်စားဖို့တော့ ငါ့တူကို မှာကြားလိုပါတယ်။ အဓိကကတော့ အပေါင်းအသင်းက အလွန်အရေးကြီးတယ် မဟုတ်လား။ လူမိုက်နဲ့ပေါင်းရင်တော့ လူမိုက်ဖြစ်မှာပဲ။

ဇာတ်တော်တစ်ခု ဖတ်ဖူးတယ်။ ဇာတ်တော်နာမည်တော့ မမှတ်မိတော့ဘူး။ ဦးလေးတို့ အသက်တွေကလည်းကြီးလာပြီ မဟုတ်လား။ ဒီတော့ မှတ်ဉာဏ်တွေကလည်း တဖြည်းဖြည်း ယိုယွင်းပျက်စီးလာနေခဲ့ပြီပေါ့ကွာ။ ကဲ ထားပါတော့။ တစ်နေ့ မင်းတစ်ပါး ရေချိုးနေစဉ် နတ်တွေရဲ့အသုံးအဆောင်ဖြစ်တဲ့ သရက်သီးတစ်လုံးကြွေကျပြီး မျောလာခဲ့တယ်။ အဲဒီ သရက်သီးကို မင်းခယောက်ျားတွေက ကောက်ယူလာပြီး မင်းကြီးထံဆက်သကြတယ်။ မင်းကြီးကလည်းစားလို့ရတဲ့ သရက်သီးဆိုတာသိတော့ သုံးဆောင်တော်မူပြီး အစေ့ကို စိုက်ပျိုးခိုင်းလိုက်တယ်။ ဆိုပါတော့ကွာ သရက်ပင်လေး

ပေါက်လာတယ်ဆိုရင်ပဲ မင်းကြီးဟာ နို့ရည်တွေနဲ့ သွန်လောင်းခိုင်း၊ နံ့သာရည်တွေနဲ့ ပက်ဖျန်းခိုင်း၊ နောက်ပြီး ပန်းဆိုင်းတွေနဲ့ပါချိတ်ဆွဲပြီး သရက်ပင်ကို ပူဇော်သက္ကာရ ပြုတယ်။ ဒီလိုနဲ့ သရက်ပင်လေးဟာ သုံးနှစ်သားအရွယ်လည်း ရောက်ရော ချိုမြိန်ကောင်းမြတ်အရသာရှိတဲ့သရက်သီးတွေ သီးတယ်ပေါ့။

ဒီလိုနဲ့ ဥယျာဉ်စောင့်အသစ် ရောက်လာတယ် ဆိုပါတော့။ အဲဒီဥယျာဉ်စောင့်အသစ်ဟာ အချိန်မဟုတ်ဘဲ အပွင့်ပွင့်အောင်၊ အသီးသီးအောင် လုပ်တယ်။ နောက် သရက်ပင်ရဲ့အနီးအနားမှာ တမာပင်တွေ စိုက်၊ ငွေးတောက်ပင်တွေစိုက်ပြီး ဝိုင်းရံထားတယ်။ နောက်တော့ တမာမြစ်၊ ငွေးတောက်မြစ်တွေနဲ့ သရက်မြစ်တွေ ရောယှက် ဆက်နွယ်ကုန်တယ်။ ဒီတော့သရက်ပင်ဟာ အရင်တုန်းကလို ချိုမြိန်မှု မရှိတော့ဘဲ ခါးသီးတဲ့အသီးတွေပဲ သီးတော့တာပေါ့။ (ဒါဟာ ကောက်ကျစ်ပြီး ရောက်လာတဲ့ ဥယျာဉ်စောင့်ရဲ့ တမင်ဖန်တီးပြီးလုပ်တဲ့ အဖျက်လုပ်ရပ်ဆိုပါတော့)။

ဒီဝတ္ထုလေးကိုဖတ်ပြီး ငါ့တူ ဘယ်လိုဆင်ခြင်မိသွားလဲ။ သင်ခန်းစာဆိုတာ ရော ရလိုက်ရဲ့လား။ အသက်မရှိတဲ့ သစ်ပင်တွေတောင် မကောင်းတဲ့အပင်တွေနဲ့ပေါင်းမိရင် မိမိရဲ့ အရသာပျက်သေးရင် အသက်ရှိတဲ့လူတွေမှာလည်း မကောင်းတဲ့ မိတ်တု၊ ဆွေတုတွေနဲ့ပေါင်းမိရင် မိမိဘဝပျက်သွားမယ်ဆိုတာ ဒီအကြောင်းအရာလေးကနေရလိုက်တဲ့ သင်ခန်းစာပဲ မဟုတ်လား။

ငါ့တူတို့ခေတ်မှာကတော့ အပျော်အပါးဆိုတာ ငွေရှိရင်ရှိသလို မဟုတ်လား။ ငါ့တူအနေနဲ့လည်း အပျော်အပါးလိုက်စားတာကို ဦးလေးအနေနဲ့ မကန့်ကွက်၊ မတားဆီး၊ မပိတ်ပင်ချင်ပါဘူး။ ငါ့တူရဲ့ အသက်အရွယ်လေးကလည်း ငယ်သေးတယ် မဟုတ်လား။ ဒါပေမဲ့ အလွန်အကြူးမဖြစ်အောင်တော့ ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်အောင် ကြိုးစားစေချင်တယ်။ လူအမျိုးမျိုး စိတ်အဖုံဖုံဆိုသလို လူတွေကတော့ လှည့်စားမှုအသွယ်သွယ်နဲ့မြှူဆွယ်ပြီး ဖြားယောင်းသိမ်းသွင်းလာကြမှာပဲ။ ဒီတော့ ငါ့တူအနေနဲ့ မိတ်ကောင်း၊ဆွေကောင်း ဟုတ်–မဟုတ် ခွဲခြားပြီးပေါင်းဖော်ဖို့ အရေးကြီးတယ်။ အခုအချိန်မှာ အပေါင်းသင်းမှားရင် ရောက်ရှိလာတော့မည့် အနာဂတ်ကမ္ဘာသစ်ဟာ မှုန်ဝါးဝါးနဲ့ မှေးမှိန်သွားလိမ့်မယ် မဟုတ်လား။ ဦးလေးအနေနဲ့ နောက်ဆုံးမှာချင်တာကတော့ ကိုယ့်ဘဝတစ်ခုလုံးကို ပြောင်းလဲပစ်နိုင်တဲ့အပေါင်းအသင်းကို ရွေးချယ်ပေါင်းသင်းနိုင်အောင် ,သတိထားပြီး ပေါင်းသင်းနိုင်ပါစေလို့။ ။

အခန်း - ၄

# လူမှုရေးတာဝန်နဲ့ဝတ္တရား

တာဝန်ဆိုတာကတော့
ကိုယ့်အပေါ်ကျရောက်လာတဲ့
အမှုကိစ္စတွေကို
မဖြစ်မနေလုပ်ရမည့်ကိစ္စဖြစ်ပြီး
ဝတ္တရားဆိုတာကတော့
တာဝန်ထက်လေးနက်တယ်
လူတစ်ယောက်ချင်းဆီရဲ့
ကိုယ်ရည်ကိုယ်သွေးနဲ့
အကျင့်စာရိတ္တဆိုတာတွေ
ရောယှက်ပါဝင်နေတယ်


SUEYINT

ငါ့တူရေ၊ ဒီတစ်ခါတော့ တာဝန်နဲ့ ဝတ္တရား အကြောင်းကို ပြောဆိုဆွေးနွေးချင်တယ်။ ဒီစာမှာတော့ ငါ့တူကို ဦးလေးအနေနဲ့ မေးခွန်းလေးတွေ ထုတ်သွား ချင်တယ်။ ငါ့တူအနေနဲ့လည်း ကြိုးစားပြီး ပြန်ဖြေပေး စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းမှာ တာဝန်၊ ဝတ္တရားဆိုတာတွေ တစ်ခုမဟုတ်တစ်ခုတော့ ရှိနေခဲ့ ကြတယ် မဟုတ်လား။ အဲဒီတော့ တာဝန်၊ဝတ္တရား ဆိုတာတွေ ငါ့တူအနေနဲ့ရော ကျေပွန်ရဲ့လားဆိုတာကို ဦးလေးအနေနဲ့သိချင်တယ်။ တိုင်းပြည်တစ်ခုမှာ ရှင် ဘုရင်ကစပြီး သူတောင်းစားအထိ သူ့တာဝန်ဝတ္တရား ဆိုတာ မလွဲမသွေရှိနေခဲ့တယ် မဟုတ်လား။ ရှင်ဘုရင်မှာ လည်း ရှင်ဘုရင်တာဝန် ဝတ္တရားရှိသလို သူတောင်းစား မှာလည်း သူတောင်းစားရဲ့တာဝန်ဝတ္တရားဆိုတာ ရှိနေ ခဲ့တယ်။ ဒီတော့ တာဝန်ဝတ္တရားဆိုတာ လူ့အသိုင်း အဝိုင်းမှာ အရေးပါနေပြန်တယ် မဟုတ်လား။

တာဝန်ဆိုတာကတော့ ကိုယ့်အပေါ် ကျရောက် လာတဲ့အမှုကိစ္စတွေကို မဖြစ်မနေလုပ်ရမယ့်ကိစ္စဖြစ်ပြီး ဝတ္တရားဆိုတာကတော့ တာဝန်ထက် လေးနက်တယ်။ နောက်ပြီး လူတစ်ယောက်ချင်းဆီရဲ့ ကိုယ်ရည်ကိုယ် သွေးနဲ့ အကျင့်စာရိတ္တဆိုတာတွေ ရောယှက်ပါဝင်နေ တယ်။ ဒီနေရာမှာတော့ ဦးလေးအနေနဲ့ ဝတ္တရားဆိုတာ ကို အဓိကထားပြီး ဆွေးနွေးချင်တယ်။ ဦးလေး သူငယ်ချင်းတစ်ယောက်အကြောင်းကို ပထမဆုံး ပြော ပြမယ်။ ပုဂ္ဂိုလ်ရေးထိခိုက်မှာစိုးလို့ နာမည်တော့ ထုတ် မပြောလိုဘူး ။ ဒါဟာလည်း ဝတ္တရားတစ်ခုမဟုတ်လား။


အဲဒီ ဦးလေးသူငယ်ချင်းမှာ မရခင်က ဖူးဖူးမှုတ်ထား လောက်အောင် ချစ်ခင်တဲ့ သူ့မိန်းမတစ်ယောက် ရှိတယ်။ သူဟာ အနုပညာသည်ဖြစ်သလို သူ့မိန်းမကလည်း အနုပညာကို ချစ် ခင်မြတ်နိုးသူတစ်ယောက်ဆိုရင် မမှားဘူးပေါ့။ အခုတော့ သူ့ ယောက်ျားဖြစ်တဲ့ ဦးလေးသူငယ်ချင်းက ရှောင်ဖယ်ရှောင်ဖယ် လုပ် နေခဲ့တယ်။ ပြောရရင်ကွာ ညဘက် အိမ်ပြန်မအိပ်တဲ့ညတွေ တစ်ည ထက်တစ်ည များများလာနေခဲ့ပြီ။ ဒီတော့ မိန်းမဖြစ်သူက စိတ်ပူပြီး ပြောတာပေါ့။ ဒါကိုယောက်ျားဖြစ်သူက သူ့ကိုယ်ချုပ်ချယ်တယ်ဆိုတဲ့ စကားတစ်လုံးနဲ့ ပိုပြီး ရှောင်ဖယ်ရှောင်ဖယ်လုပ်နေတာပေါ့။ ခက်တာ က သူ့ခမျာမှာ အခု ကိုယ်ဝန်အရင့်အမာကြီးနဲ့ဆိုတော့ အားငယ် နေရတယ်ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ မိဘအသိုင်းအဝိုင်းကလည်း သူတို့နဲ့သဘောမတူတဲ့ ဦးလေးသူငယ်ချင်းနောက် လိုက်သွားတော့ ဥပေက္ခာပြု ကြဉ်ထားခံနေရတယ်။ ဆိုတော့ အခု သူ့မှာ ဆွေမျိုး အသိုင်းဝိုင်းနဲ့ကလဲ ဝေးနေခဲ့တယ်ပေါ့ကွာ။ နောက်ပြီး ဝတ္တရားဆိုတာ နားမလည်တဲ့လူသားတစ်ယောက်ရဲ့လက်ခုပ်ထဲက ရေဖြစ်နေတော့ အားငယ်နေတာတော့ အမှန်ပဲ။ အကျဉ်းပဲ ပြောပြမယ်ကွာ။ အခု သူ့မှာ မီးဖွားတော့မယ်။ သူ့အသိုင်းဝိုင်းကလဲ သူ့အနီးအနားမှာ တစ်ယောက်မှ မရှိဘူး။ သူ့ယောက်ျားကလဲ သူ့ဘေးမှာ မရှိဘဲ

> ငါ့တူအနေနဲ့ရော အဲဒီလို ဒုက္ခရောက်နေတဲ့ မယား တစ်ယောက်ကို ဘယ်လို ဖြေရှင်းပေးနိုင်မလဲ။ ငါ့တူ ကော မဖြစ်စေရဘူးလို့ အာမခံနိုင်မလား။ ဒါဟာ ကံတရားပေါ့ဆိုပြီးတော့ ကံတရားကိုတော့ ပုံမချစေ ချင်ဘူး။ တကယ်တော့ ကံတရားဆိုတာ ...

ရှောင်ဖယ်ရှောင် ဆိုတော့ သူ့ခမျာမှာ ဘယ်လိုဖြစ်နေမလဲဆိုတာ ငါ့တူ စဉ်းစားသာ ကြည့်ပေါ့။ တကယ်တော့ ကောင်မလေးမှာ ဘာမှလဲ ကိုယ်ကျင့်တရားဖောက်ပြန်မှုဆိုတာ မရှိပါဘူး။ သူ့ကို ချုပ်ချယ်တယ်ဆိုတဲ့စကားတစ်လုံးနဲ့ ဝတ္တရားကင်းမဲ့နေတဲ့ သူငယ်ချင်းအနေနဲ့ နားလည်ရင် ကောင်းမယ်ပေါ့ကွာ။

ကဲ ငါ့တူအနေနဲ့ကော အဲဒီလို ဒုက္ခရောက်နေတဲ့ မယားတစ်ယောက်ကို ဘယ်လို ဖြေရှင်းပေးနိုင်မလဲ။ ငါ့တူရော မဖြစ်စေရဘူးလို့ အာမခံနိုင်မလား။ ဒါဟာ ကံတရားပေါ့ဆိုပြီးတော့ ကံတရားကိုတော့ ပုံမချစေချင်ဘူး။ တကယ်တော့ ကံတရားဆိုတာ ကိုယ်လုပ်တဲ့အလုပ်ရဲ့ ရလဒ်ကို ဆိုလိုတယ်။ ကောင်းတာလုပ်ရင် ကောင်းတဲ့ကံ၊ မကောင်းတာလုပ်ရင် မကောင်းတဲ့ကံပေါ့ ။

ငါ့တူရော ဒီလိုကိစ္စမျိုးမဟုတ်ဘဲ အခြားခြားသော ကိုယ့်မိသားစု၊ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံကြီးအတွက် မဖြစ်မနေလုပ်ရမယ့် တာဝန်ဆိုတာတွေကို ကျေပွန်စွာထမ်းဆောင်နေခဲ့သလား။ ထမ်းဆောင်နေမယ်လား။ မဖြစ်မနေမဟုတ်သော်လည်း ဝတ္တရားရှိတဲ့အလျောက် ကိုယ့်ပေါ်ကျလာတဲ့ကိစ္စရပ်တွေကို မသွေဖည်ဘဲ စိတ်ဓာတ်ကိုမြှင့်တင်ပြီး မဖြစ်မနေလုပ်ဆောင်ခဲ့သလား။ လုပ်ဆောင်နေဆဲလား။ လုပ်ဆောင်နေဦးမလား။ ဒါပေမဲ့ တာဝန်နဲ့ဝတ္တရားဆိုတာကိုတော့ ခွဲခြားပြီး သိရမယ်ပေါ့။ တာဝန်ဆိုတာကတော့ မဖြစ်မနေလုပ်ရမယ့်ကိစ္စ ဖြစ်ပြီး ဝတ္တရားဆိုတာကတော့ တာဝန်ထက် ပိုပြီးလေးနက်မှု ရှိတယ်။ ဒါထက်




ပိုပြောရရင်တော့ အသိဥာဏ်ဆိုတဲ့ စဉ်းစားတွေးခေါ်မှုဆိုတာတွေ ပါဝင်လာတယ်။ မလုပ်ဘဲနေလို့ ရသော်ငြား လူတစ်ယောက်ရဲ့အဆင့်အတန်းကို ဆုံးဖြတ်တဲ့အခါ အဲဒီပေတံတွေနဲ့ တိုင်းတာရတယ်ပေါ့။ ကဲ ဒီလောက်ဆို ငါ့တူ သဘောပေါက်လောက်ပြီ ထင်ပါတယ်။

ငါ့တူလည်း စဉ်းစားတွေးခေါ်တတ်တဲ့ အသိဉာဏ်တွေရှိနေပြီလို့ ဦးလေး ယုံကြည်တယ်။ ဆိုတော့တာဝန်ရှိတာကိုတာဝန်ရှိတာသိတဲ့အလျောက်၊ ဝတ္တရားဆိုတာကို ဝတ္တရားရှိတာ သိတဲ့အလျောက် ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ ကိုယ့်သာသနာ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်မိသားစုအသိုင်းအဝိုင်းကြီးရဲ့ မလွဲမသွေကျရောက်လာမည့် တာဝန်ဝတ္တရားဆိုတာတွေကို မညည်းမညူဘဲ ကျေပွန်စွာထမ်းဆောင်နိုင်လိမ့်မယ်လို့ ဦးလေး ယုံကြည်မိပါတယ်။ ။

အခန်း - ၅

# ကဲ့ရဲ့တွန်းလှန် လမ်းကြောင်းမှန်

ကဲ့ရဲ့မှုဆိုတာကတော့
ရှင်တော်မြတ်ဘုရားတောင်
မလွတ်ခဲ့ဘူး မဟုတ်လား။
စွပ်စွဲလည်း လမ်းကြောင်းမှန်နေတော့
တစ်နေ့တော့ အမှန်တရားတွေက
ဘွင်းဘွင်းကြီးပေါ်လာပြီး
အောင်မြင်မှုတွေနဲ့ချည်း
ကြုံတွေ့ခဲ့တယ် မဟုတ်လား


SUEHMT

"လူ့ဘုံထုံးစံ၊ ကဲ့ရဲ့ဒဏ်ဖြင့်
ရန်မာန်ပိတ်သည်။ ခရီးခဲ၌
စိတ်ဖွဲ့သန်သန်၊ နောက်မပြန်ဘဲ
ရဲမာန်ရဲဆေး ရဲစိတ်မွေးလျက်
ရဲသွေးနီနီ၊ စီရရီဖြင့်
ဦးတည်မပျက်၊ ရှေ့သို့ဆက်လော့"

ဦးလေးငယ်ငယ်ကတည်းက ဒီကဗျာလေးကို နှုတ်ထဲတိုးနေခဲ့တယ်။

နာမည်ကြီး ဆရာတော်ကြီးတစ်ပါး ရေးသားခဲ့တာပေါ့။ အလွန်ကောင်းလို့ နာမည်ကြီးခဲ့တဲ့ ကဗျာတစ်ပုဒ်ဆိုပါတော့။

ငါ့တူလည်း ဒီကဗျာလေးကို မရသေးရင်လည်း ကျက်မှတ်ထားပေါ့။ ဒီကဗျာလေးကနေ တစ်ဆင့် ငါ့တူကို အားမာန်တွေ တက်ကြွလာအောင် လုပ်ပေးနိုင်မယ်လို့ ဦးလေးတော့ ယုံကြည်တယ်။ ကဲ ဒီတစ်ပတ်တော့ လူ့ဘဝရဲ့ ဓမ္မတာတစ်ခုကို ဒီကဗျာလေးနဲ့ နှိုင်းယှဉ်ပြီး ဆွေးနွေးကြရအောင်။

လူ့ဘဝရဲ့ ဖြစ်စဉ်တစ်ခုပဲလားတော့ မသိဘူး။ လူတွေဟာ များသောအားဖြင့်တော့ ဣဿာ၊ မစ္ဆရိယတွေ တော်တော်များများ ရှိနေခဲ့ကြတယ်။ ဒီတော့ မနာလို ဝန်တိုမှုတွေကနေတစ်ဆင့် အောင်မြင်မှုတွေ ရပ်တန့်သွားအောင် တစ်မျိုးမဟုတ် တစ်မျိုး တားဆီးပိတ်ပင်ကြတာပေါ့။ ငါ့တူရဲ့ ရှေ့ဆက်

လျှောက်ရမယ့်ခရီးစဉ်တွေမှာကော ဒီလို ကဲ့ရဲ့ဒဏ်တွေ တဝေစည် စည်နဲ့ တားဆီးပိတ်ဆို့မှုတွေ ရှိမနေဘူးလား။

ဦးလေးပြောချင်တာကတော့ ပတ်ဝန်းကျင်ကတော့ တစ်ခု မဟုတ်တစ်ခုနဲ့ ရှေ့ဆက်လျှောက်ရမယ့်လမ်းတွေကို ပြောင့်ဖူး သဖွယ် ကာကွယ်တားဆီးနေကြလိမ့်မယ်။ အဲဒီလို အဖျက်အမှောင့် တွေနဲ့ ကြုံလာခဲ့ရင်တော့ တွေတွေဝေဝေဖြစ်ပြီး ခရီးမတွင်ဘဲ နေမှာ ကိုစိုးရိမ်ပြီး တွေးပူနေခဲ့တယ်။ ကိုယ်လုပ်တဲ့လုပ်ရပ်ဟာ ပတ်ဝန်း ကျင်ကို မထိခိုက်သလို ကိုယ့်အတွက်လည်း အကျိုးရှိ၊ ပတ်ဝန်းကျင် အတွက်လည်း အကျိုးရှိမယ်ဆိုရင် ဘယ်သူ့ရဲ့တားဆီးပိတ်ပင်မှုမျိုး ကိုမဆို ခံနိုင်ရည်အပြည့်နဲ့တွန်းလှန်နိုင်ပြီး ကိုယ့်ခရီးကိုယ် အားမာန် အပြည့်နဲ့ဆက်လျှောက်နိုင်အောင် ကြိုးစားပါလို့ ဦးလေး မှာချင်တယ်။

ဒီလိုဆက်လျှောက်ဖို့ ကိုယ့်စိတ်ကိုယ် ရဲမာန်ရဲဆေးတွေ သွင်းပြီးတော့ နောက်လှည့်ပြီး ပြန်မဆုတ်ဖြစ်အောင် စိတ်ကို တင်းထားရမယ်ပေါ့။ ဆရာတော်ကြီးတစ်ပါးရေးထားတဲ့ ကဗျာတိုလေး ကလည်း ခေါင်းထဲရောက်လာတာနဲ့ ငါ့တူကို ရွတ်ပြလိုတယ်။ အစ အဆုံးတော့မဟုတ်ဘူးနဲ့ တူတယ်။ ဦးလေးလည်း အသက်အရွယ် ကကြီးလာတော့ မှတ်ဉာဏ်တွေ မကောင်းတော့ဘူး။ သင်္ခါရတရား ကို မလွန်ဆန်နိုင်တဲ့သဘောပေါ့ကွာ။

ငါ့တူတို့ရဲ့ အသက်လေးတွေကလည်း ဦးလေးတို့နဲ့ စာရင် အရမ်းငယ်သေးတယ် မဟုတ်လား။ ဒါပေမဲ့ လည်း ငါ့တူတို့ရဲ့ အနာဂတ်ကမ္ဘာသစ်ကြီးကတော့ ပခုံးလွှဲတာဝန်ယူဖို့ အဆင်သင့် စောင့်ကြိုနေခဲ့ပြီ။

**အရည်အသွေး မပြောင်သေးခင်**
**ကလေးက ပြောင်၊ ခွေးက ဟောင်နှင့်**
**ဟော့ကောင်ဒီအတွက် စိတ်မပျက်နှင့်**
**ရှေ့ဆက်ပြီး အလုပ်လုပ်။ ။**

ကိုယ်လျှောက်ရမယ့်လမ်းပေါ် မရောက်ခင် အောင်မြင်မှုတွေနဲ့ဝေးကွာပြီး ဆုံးရှုံးမှုတွေ ဝင်ရောက်လာခဲ့ရင် ကလေးတွေကတောင် လှောင်ပြောင်လာလိမ့်မယ်။ နောက်ဆုံးကွာ ပူဆွေးပက်လက်နဲ့ တုန်ငင်ချည့်နဲ့စွာပြန်လာခဲ့ရင် ခွေးကတောင် ထဟောင်ကောင်း ထ ဟောင်လာလိမ့်မယ် မဟုတ်လား။ အေး . ဒါတွေကို စိတ်ပျက်လက်ပျက်နဲ့ အရှုံးမပေးဘဲ ရှေ့ဆက်လျှောက်ဖို့ အားတင်းထားစေချင်တယ်။

ကဲ့ရဲ့မှုဆိုတာကတော့ သုံးလောက ထွတ်ထားရှင် တော်မြတ်ဘုရားတောင် မလွတ်ခဲ့ဘူး မဟုတ်လား။ စွပ်စွဲလည်း လမ်းကြောင်းမှန်နေတော့ တစ်နေ့တော့ အမှန်တရားတွေက ဘွင်းဘွင်းကြီးပေါ်လာပြီး အောင်မြင်မှုတွေနဲ့ချည်း ကြုံတွေ့ခဲ့တယ် မဟုတ်လား။

ဦးလေးတို့၊ ငါတူတို့ဆိုတာ ဘာမှမဟုတ်တဲ့ လူပမ္မားလေးတွေဆိုတော့ အဖျက်တွေကတော့ တစ်ခုမဟုတ် တစ်ခု ဝင်ရောက်လာလိမ့်ဆိုတာ မြေကြီးလက်ခတ်တီးမလွဲ ကြုံတွေ့လာလိမ့်မယ်။ ဒါကို အနိုင်ယူဖို့ဆိုတာကတော့ ကိုယ့်လုပ်ရပ်တွေနဲ့သက်သေပြပြီး အနိုင်ယူရမယ်ပေါ့ကွာ။ အဓိကကတော့ ကိုယ့်လုပ်ရပ်အပေါ် စေတနာထားရမယ်၊ သတ္တိရှိရမယ်၊ ခိုင်မာမှု အပြည့်အဝရှိရမယ်၊ လူသားကောင်းကျိုးပြုလုပ်ငန်း ဖြစ်ရမယ်၊ ဘယ်တော့မှ အရှုံးမပေးဘူးဆိုတဲ့စိတ်ဓာတ်ကို မွေးမြူရမယ်၊ သူတစ်ပါးကိုလည်း မထိခိုက် မနစ်နာစေရဘူးပေါ့။



လူမှုရေးလုပ်ငန်းဆိုတာတွေကတော့ လောကမှာ ဒုနဲ့ဒေးရှိနေခဲ့တယ် မဟုတ်လား။ ဒါပေမဲ့လည်း တစ်ဖက်ကလည်း အဖျက်အမှောင့်လုပ်ငန်းတွေနဲ့ တွန်းလှန်တိုက်ခိုက်နေကြတာလည်း ရှိနေခဲ့ပြန်တယ် မဟုတ်လား။ ဥပမာထုတ် ပြောရရင် ကုန်နိုင်ဖွယ်တောင် မရှိပါဘူး။

ငါ့တူတို့ရဲ့ အသက်လေးတွေကလည်း ဦးလေးတို့နဲ့စာရင် အရမ်းငယ်သေးတယ် မဟုတ်လား။ အသက်ငယ်သေးတော့လည်း အတွေ့ကြုံတွေလည်း နုနယ်သေးတယ်ပေါ့ကွာ။ ဒါပေမဲ့လည်း ငါ့တူတို့ရဲ့အနာဂတ်ကမ္ဘာသစ်ကြီးကတော့ ပခုံးလွှဲတာဝန်ယူဖို့ အဆင်သင့် စောင့်ကြိုနေခဲ့ပြီ။ ဒီတော့ အခုတည်းက ရဲမာန်ရဲဆေးရဲစိတ်တွေမွေးပြီးတော့ ကိုယ့်လမ်းကြောင်းကိုယ် မရွဲ့မစောင်းဘဲ ဖြောင့်တန်းတည့်မတ်စွာ လျှောက်လှမ်းပြီး အနာဂတ်ကောင်းကျိုးတွေ ဆတက်တိုးလုပ်ကိုင်ဆောင်ရွက်နိုင်ပါစေလို့ ဦးလေး အာသီသပြုလိုက်ပါတယ်။ ။

အခန်း - ၆

# လူဖြစ်ရကျိုးနပ်ပြီလား

ဉာဏတ္တစရိယံ ဆိုတာကတော့
ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဆွေမျိုး၊
ကိုယ့်အသိုင်းအဝိုင်းရဲ့ ကောင်းကျိုး
ဘယ်လောက်လုပ်ခဲ့ပြီးပြီလဲဆိုတဲ့ပေတံနဲ့
တိုင်းတာရမယ်ပေါ့။
မျိုးချစ်ပုဂ္ဂိုလ်တွေထဲက
အလေးတမူထားခံခဲ့ရတဲ့
ဗိုလ်ချုပ်တို့လို ပုဂ္ဂိုလ်မျိုးတွေလိုပေါ့



ငါ့တူရေ ဒီတစ်ပတ်တော့ လူသားတစ်ယောက် လူ့အဖြစ်ကို ရလာတာနဲ့အမျှလူ့အဖြစ်အသက်ရှင်လှုပ်ရှားနေတဲ့အခါ သူ ဘာလုပ်နေသလဲ၊ ဘာလုပ်ခဲ့သလဲဆိုတဲ့ အမေးပုစ္ဆာပေတံတွေနဲ့ လူဖြစ်ရကျိုးနပ်၊ မနပ်ဆိုတာတွေကို ဦးလေး ပြောဆိုဆွေးနွေးလိုတယ်။ ငါ့တူလည်း ဦးလေးဆီ စာပြန်ပြီး ပြန်လည်ဆွေးနွေးပါလို့ ရှေးဦးစွာ မှာကြားလိုတယ်။

လူတစ်ယောက် မသေခင်မှာ သူ ဘာလုပ်ခဲ့သလဲဆိုတဲ့ ပေတံတွေနဲ့ တိုင်းတာရမယ်ပေါ့။ ဗုဒ္ဓရဲ့ ရတနသုတ်မှာတော့ လောကတ္ထစရိယံ၊ ဉာတတ္ထစရိယံ၊ ဗုဒ္ဓတ္ထစရိယံ လို့ ရှိတယ်။ ဒီတော့ အဲဒီပေတံသုံးချောင်းနဲ့ တိုင်းတာကြည့်ရအောင်။ လောကတ္ထစရိယံ–ဆိုတာက လောကကောင်းကျိုးကို ဘယ်လောက် လုပ်ခဲ့ပြီးပြီလဲ ပေတံပေါ့။ ဥပမာကွာ- FARADAY,NOBLE, LUISPA-STEUR စတဲ့ ပုဂ္ဂိုလ်မျိုးတွေလိုပေါ့။ သူတို့ ရှာဖွေတွေ့ရှိခဲ့တဲ့ အကျိုးရလဒ်တွေဟာ တို့တစ်တွေအတွက် အခုအထိ အကျိုးသက်ရောက်နေခဲ့တယ် မဟုတ်လား။

ဉာတတ္ထစရိယံ– ဆိုတာကတော့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဆွေမျိုး၊ ကိုယ့်အသိုင်းအဝိုင်းရဲ့ ကောင်းကျိုး ဘယ်လောက်လုပ်ခဲ့ပြီးပြီလဲဆိုတဲ့ ပေတံနဲ့ တိုင်းတာရမယ်ပေါ့။ ဒါကိုတော့ မျိုးချစ်ပုဂ္ဂိုလ်တွေထဲက အလေးတမူထားခံခဲ့ရတဲ့ ဗိုလ်ချုပ်တို့လို ပုဂ္ဂိုလ်မျိုးတွေလိုပေါ့။ သူတို့ကြောင့် ငါတို့ဟာ နယ်ချဲ့ပုဂ္ဂိုလ်တွေ လက်ထဲကနေ လွတ်မြောက်ပြီး လွတ်လပ်တဲ့ နိုင်ငံတစ်ခုကို ကိုယ်ပိုင်ပြန်လည်ရပ်တည်နိုင်ခဲ့တယ် မဟုတ်လား။

ဗုဒ္ဓတ္တစရိယံ–ဒါကိုတော့ ဗုဒ္ဓအနေနဲ့ မပြောလိုပါဘူး။ အတ္တတ္တစရိယံ–လို့ ပြောင်းပြီး ပြောကြရအောင်။ အတ္တတ္တစရိယံ ဆိုတာကတော့ အလွယ်ပြောရရင် ကိုယ်ကျိုးအတွက်ရော ဘယ်လောက်လုပ်ခဲ့ပြီးပြီလဲ၊ ဘယ်လောက်လုပ်နေခဲ့သလဲဆိုတဲ့ ပေတံပေါ့။ ဒါကိုတော့ ဥပမာထုတ်ပြီး မပြောလိုတော့ဘူး။

ခုပြောခဲ့တဲ့ ပေတံသုံးချောင်းအနက် ပထမ၊ ဒုတိယ ပေတံတွေက ပရဟိတအတွက်ဖြစ်ပြီး တတိယပေတံကတော့ အတ္တဟိတအတွက်ပေါ့။ ပရဟိတဆိုတာ သူတစ်ပါးအတွက်လုပ်တဲ့ ကိစ္စဖြစ်ပြီး အတ္တဟိတဆိုတာ ကိုယ့်အတွက်လုပ်ဆောင်မှုကို ဆိုလိုတယ်။ ငါ့တူအနေနဲ့ အခုကျောင်းသားဖြစ်လို့ ပရဟိတလုပ်ငန်းတွေကို မလုပ်ဆောင်နိုင်သေးတာကို ဦးလေးအနေနဲ့ နားလည်ပါတယ်။ ဒါပေမဲ့ နောင်တစ်ချိန်မှာ ပရဟိတလုပ်ငန်းကို ဘယ်လောက်အထိ လုပ်ဆောင်နိုင်မလဲဆိုတာ ဦးလေး မသေသေးရင်တော့ စောင့်ကြည့်သွားဦးမယ်လေ။

အခု အတ္တဟိတဖြစ်တဲ့ ကျောင်းစာတွေနဲ့ နပန်းလုံးနေချိန်ဆိုတော့ ဦးလေး အခုချက်ချင်းလုပ်ပါလို့ မတိုက်တွန်းလိုပါဘူး။ ဒါပေမဲ့ ငါ့တူရဲ့ အနာဂတ်ကိုတော့ စောင့်ကြည့်နေမယ်လေ။ ငါ့တူရဲ့

ငါ့တူတို့ဟာ ကျောင်းသားအရွယ် အလွန်နုနယ်သေးတဲ့ လူလားတောင် မမြောက်သေးတဲ့ ကလေးအရွယ်တွေ ပဲမဟုတ်လား။ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်အောင် သတိ၊ ဝီရိယရှိစွာနဲ့ ကြိုးစားပြီး မကြာခင် ကျရောက်လာမယ့် ကမ္ဘာသစ်ကြီးကို •••




ချမလား။ ဒါမှမဟုတ် မရောင်ရာဆီလူးခဲ့ကြတဲ့ မိဘတွေကိုပဲ အပြစ်ဆိုမလား။ စဉ်းစားကြည့်ရင်တော့ ဝတ္ထုတစ်ပုဒ်၊ ဇာတ်ကားတစ်ကားရိုက်ချင်လောက်အောင်ကောင်းတဲ့ စိတ်ဝင်စားစရာ အဖြစ်အပျက်လေးပေါ့။

ငါတို့တို့ဟာ ကျောင်းသားအရွယ် အလွန်နုနယ်သေးတဲ့၊ လူလားတောင်မမြောက်သေးတဲ့ ကလေးအရွယ်တွေပဲ မဟုတ်လား။ ဒီတော့ ဒီအရွယ်လေးမှာ မကောင်းတဲ့စိတ်တွေ မဝင်အောင်၊ အပေါင်းအသင်း မမှားရအောင် သတိ၊ ဝီရိယရှိစွာနဲ့ ကြိုးစားပြီး ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းနိုင်အောင် ကြိုးစားစေချင်တယ်။ မကြာခင် ကျရောက်လာတော့မယ့် ကမ္ဘာသစ်ကြီးကို ငါတို့တို့ရဲ့ အတ္တဟိတ၊ ပရဟိတဆိုတဲ့ လုပ်ဆောင်ချက်အသစ်တွေနဲ့ အကောင်အထည်ဖော်နိုင်အောင်ဆောင်ရွက်နိုင်ပါစေလို့ ဦးလေးအနေနဲ့ တိုက်တွန်းရင်းမျှော်လင့်နေမယ်။ ။

အခန်း - ၇

# မျက်ကန်းယုံကြည်မှုနဲ့ ဝိဘဇ္ဇဝါဒ

မျက်ကန်းယုံကြည်မှုတွေ
ဖြစ်လာတယ်။
အဲဒီလို မျက်ကန်းယုံကြည်မှုတွေ
ဖြစ်လာတာနဲ့အမျှ
လောကကြီးဟာ
အမှန်တရားဆိုတာတွေ
တဖြည်းဖြည်း
ပျောက်ဆုံးလာတော့တာပဲ မဟုတ်လား။



ငါ့တူလည်း စာမေးပွဲဖြေပြီးပြီဆိုတော့ စိတ်လက်တွေပေါ့ပါးနေမယ် ထင်တယ်။ အခု ဘာတွေလုပ်ဖြစ်နေခဲ့သလဲ။ အားလပ်တဲ့အချိန်တွေမှာ မိဘတွေကိုရော ကူညီရိုင်းပင်းမှု ရှိရဲ့လား။ ကျမ်းမာရေးလည်း ဂရုစိုက်ဦးနော်။ ဦးလေး ဒီတစ်ခါ ပြောဆိုဆွေးနွေးချင်တာက ဝိဘဇ္ဇဝါဒဆိုတဲ့ ဝေဖန်ပိုင်းခြားမှုအကြောင်းလေးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဂေါတမဗုဒ္ဓကလည်း ဒီဝိဘဇ္ဇဝါဒကို ဆွဲကိုင်ထားခဲ့တယ် မဟုတ်လား။ တို့ဘုရားရှင်က မျက်ကန်းယုံကြည်မှုကို မကြိုက်ဘူးကွ။

ကောသမုတ္တိသုတ်မှာ ဒီဝိဘဇ္ဇဝါဒနဲ့ပတ်သက်လို့ ဘုရားရှင်ဟောကြားခဲ့တဲ့ အချက်(၁၀)ချက်ရှိတယ်။ အကုန်တော့ ထုတ်မပြောပြမယ်။ နည်းနည်းရှည်သွားကယ်ထင်ရင်လည်း ခွင့်လွှတ်ပေါ့ကွာ။ ငါ့တူအနေနဲ့ မှတ်သားသင့်တယ် ထင်လို့ပါ။

၁။ ပြောသံကြားရုံနဲ့လည်း အတည်မယူနဲ့။

၂။ ဘိုးဘွားစဉ်ဆက်က ဒီလိုဖြစ်တယ်ဆိုပြီးလည်း အတည်မယူနဲ့။

၃။ ဒီလို ဖြစ်ဖူးသတတ်ဆိုပြီးလည်း အတည်မယူနဲ့။

၄။ ပိဋကတ်(ရှေးဟောင်းစာပေ)နှင့် ညီညွတ်တယ်ဆိုပြီးလည်း အတည်မယူနဲ့။

၅။ ကြံဆတွေးတော၍ ယူခြင်းမျှဖြင့်လည်း အတည်မယူနဲ့။

၆။ အခြားသော နည်းတွေကိုမှီပြီးလည်း အတည်မယူနဲ့။
၇။ အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း အတည်မယူနဲ့။
၈။ ငါတို့လက်ခံထားတဲ့ နည်းနဲ့တူတယ်ဆိုပြီးလည်း အတည်မယူနဲ့။
၉။ မှတ်ယူထိုက်တဲ့သဘောမျှဖြင့်လည်း အတည်မယူနဲ့။
၁၀။ ငါတို့လေးစားရတဲ့ ရဟန်း(ပုဂ္ဂိုလ်)ရဲ့စကားဖြစ်တယ် ဆိုပြီးလည်း အတည်မယူနဲ့။

ဒီဆယ်ချက်ဟာ ဗုဒ္ဓက ကေသမုတ္တိနိဂုံးမှာနေတဲ့ ကာလာမ အမျိုးသားတွေကို ဟောကြားခဲ့တဲ့ အချက်(၁၀)ချက်ပေါ့။ ဒီတရား ဟောကြားခဲ့တဲ့အကြောင်းအရာလေးကိုလည်း ငါတို့သိအောင် ပြောပြလိုက်ဦးမယ်။

အဲဒီကေသမုတ္တိနိဂုံးမှာ ဘာသာရေးခေါင်းဆောင်တွေ အသီးသီးလာပြီး သူတို့ဘာသာသာလျှင် ကောင်းတယ်။ အခြားသောဘာသာတွေဟာ မှားယွင်းပြီး မလျော်ကန်ဘူး။ အဲဒီလို ကိုယ့်ဘာသာသာကောင်းကြောင်း၊ အခြားဘာသာတွေဟာ မှားယွင်းကြောင်းကို ခေါင်းဆောင်အသီးသီးဟာ ပြောဟောကြတယ်။ ဒီတော့ ကာလာမ အမျိုးသားတွေဟာ စစ်မှန်တဲ့ဘာသာ၊ ကိုးကွယ်မှုတရားကို ဝေဖန်ပိုင်းခြားနိုင်ဖို့ အရမ်းခက်ခဲသွားကြတယ်ပေါ့။

တစ်နေ့ဘုရားရှင်ဟာ အဲဒီကေသမုတ္တိနိဂုံးကို ကြွသွားတယ်။ ကာလာမအမျိုးသားတွေဟာ အဲဒီအယူအဆ ကွဲလွဲချက်တွေကို ဘုရားရှင်ကို လျှောက်ကြတယ်။ ဒါနဲ့ပတ်သက်ပြီး ဘုရားရှင်ဟောကြားခဲ့

> ကောက်ကျစ်ယုတ်မာတဲ့လူတွေရဲ့လက်ထဲကို ကျရောက်မသွားဖို့တော့ အရေးကြီးတယ် ငါ့တူ။ မာယာထောင်ချောက်ထဲ ကျရောက်ပြီး၊ လမ်းမှားသွားတာနဲ့ တစ်ပြိုင်နက် အနာဂတ်အညွန့်တလူလူတက်ရမယ့် လမ်းဟာ ခရီးမတွင် ဖြစ်နေလိမ့်မယ်။

တဲ့ တရားတော်ပေါ့ကွာ၊ ဘုရားရှင်ကလည်း ပြောပါတယ်။ "ဒီကိစ္စနဲ့ပတ်သက်လို့ မင်းတို့မှာ သံသယဖြစ်ထိုက်ပါတယ်" တဲ့။

ကဲ ငါ့တူအနေနဲ့ရော ဒီအကြောင်းအရာနဲ့ ပတ်သက်လို့ ဘာတွေ ဆင်ခြင်ဖြစ်၊ အတွေးပွားဖြစ်၊ အသိဉာဏ်ဝင်ဖြစ်သွားသလဲ။ ဦးလေးတော့ ဒီကိစ္စအတွက် ဟောခဲ့တဲ့ အချက်အလက်လေးနဲ့တင် ဘုရားရှင်ကို တော်တော်လေးကို ကြည်ညိုလေးစားသွားမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခြားအခြားသော ဘာသာရေးခေါင်းဆောင်တွေလို ကိုယ့်ဘာသာသာလျှင်ကောင်းကြောင်းဆိုတာတွေကို မပြောဘဲ ကိုယ့်အသိဉာဏ်နဲ့ ဝေဖန်ဆုံးဖြတ်ပြီးမှသာ ယုံသင့်မှယုံဖို့ ဟောကြားခဲ့တယ် မဟုတ်လား။

ဦးလေးတို့ လောကီလူသားတွေမှာ ဒီလို ကိုယ့်ဘက်ကိုယ်ယက်ပြီး ဆွဲဆောင်သိမ်းသွင်းခံရတဲ့အဖြစ်မျိုးတွေ မကြာခဏဆိုသလို ကြုံတွေ့ရင်ဆိုင်နေကြရတယ် မဟုတ်လား။ လူတွေရဲ့ မာယာသာဒ္ဒေယျဆိုတဲ့ ကျော့ကွင်းတွေနဲ့ အယုံသွင်းခံရပြီး လူ့ဘဝအလယ်မှာ မျက်စိလည်လမ်းမှားလိုက်ခဲ့ကြရတဲ့ လူတွေလည်း ဒုနဲ့ဒေးဆိုသလို ရှိနေခဲ့တယ် မဟုတ်လား။ ဒီတော့ မျက်ကန်းယုံကြည်မှုတွေ ဖြစ်လာတယ်။ အဲဒီလို မျက်ကန်းယုံကြည်မှုတွေ ဖြစ်လာတာနဲ့အမျှ လောကကြီးဟာ အမှန်တရားဆိုတာတွေ တဖြည်းဖြည်းပျောက်ဆုံးလာတော့တာပဲ မဟုတ်လား။ ငါ့တူအနေနဲ့လည်း အဲဒီလို မျက်ကန်းယုံကြည်မှုဝါဒကို စွန့်လွှတ်နိုင်အောင် ကြိုးစားစေချင်တယ်။ လူတွေကတော့ အနည်းနဲ့အများ ကိုယ့်ဘက်ပါအောင် သိမ်းသွင်းပြီး ဆွဲဆောင်ကြမှာပဲ။ အကယ်၍ သိမ်းသွင်းခေါ်ဆောင်ခံရတဲ့အခါ ငါ့တူအနေနဲ့ လမ်းမှားမလိုက်မိရလေအောင် ယုံကြည်သင့်မှ ယုံကြည်ပြီး လက်ခံသင့်မှ လက်ခံနိုင်အောင်ကိုယ့်ဦးနှောက်ကိုယ် အသုံးချဆုံးဖြတ်ပြီးမှ လိုက်နာပါလို့ ဦးလေး တိုက်တွန်းချင်တယ်။




အဲဒီလိုမဟုတ်ဘဲ ဟိုလူပြောလည်း ယုံ ဒီလူပြောလည်း ယုံဆိုရင်တော့ ငါ့တူရဲ့အနာဂတ်လမ်းဟာ ဆူးငြောင့်ခလုတ်တွေနဲ့ ကာဆီးပြီး ဖြောင့်ဖြူးမှာ မဟုတ်ဘူး။ လမ်းမှားလိုက်မိရင်တော့ အနာဂတ်ခရီးလမ်းဟာ တော်တော်နဲ့ခရီး တွင်မှာ မဟုတ်တော့ဘူးပေါ့။ ကိုယ်ပိုင်ဉာဏ်နဲ့ဆုံးဖြတ်တတ်တဲ့ အမူအကျင့် တွေ အခုကတည်းက ရအောင် ကြိုးစားပေါ့။ ဘယ်လို ဆုံးဖြတ်အသိဉာဏ်ဝင် ရမလဲဆိုရင် ကိုယ်လုပ်တဲ့လုပ်ရပ်ဟာ သူတစ်ပါးအတွက် ထိခိုက်နစ်နာမှုရှိနေ သလား၊ အမှန်တကယ်ရော ကိုယ့်အတွက်အကျိုးကျေးဇူးရှိရဲ့လားဆိုတဲ့ အတွေး အခေါ်စဉ်းစားမှုမျိုးတွေပေါ့။

ဘာပဲဖြစ်ဖြစ် ကောက်ကျစ်ယုတ်မာတဲ့လူတွေရဲ့လက်ထဲကို ကျရောက် မသွားဖို့တော့ အရေးကြီးတယ် ငါ့တူရေ။ မာယာထောင်ချောက်ထဲ ကျရောက်ပြီး လမ်းမှားသွားတာနဲ့တစ်ပြိုင်နက် အနာဂတ်အညွန့်တလူလူနဲ့တက်ရမယ့် လမ်း ဟာ ခရီးမတွင် ဖြစ်နေလိမ့်မယ်။ အဲဒီတော့ လမ်းလွဲတွေကို မလိုက်ဖြစ်အောင် ကိုယ့်ကိုယ်ကိုယ်ဆုံးဖြတ်ချက်မှန်မှန်ကန်ကန်နဲ့ ဝေဖန်ပိုင်းခြားပြီးမှ လျှောက်ရ မယ့်လမ်းကို ဖြောင့်တန်းတည့်မတ်စွာ လျှောက်လှမ်းနိုင်ပါစေလို့ ဦးလေး မှာကြား လိုက်ပါတယ်။ ။

အခန်း - ၈

# ခေတ်နဲ့အညီတွေး ခေတ်နဲ့အညီပြော

ဘယ်လိုဖြစ်နေလဲဆိုရင်
လူငယ်တော်တော်များများဟာ
စာမဖတ်ကြဘူး ဖြစ်နေတယ်။
ဘာဖြစ်လို့လဲဆိုတော့
သူတို့ရဲ့လက်ထဲမှာ ဂျာနယ်တွေ
တစ်နေ့တစ်စောင်ကိုင်ထားပြီး
ပြောရရင်တော့ ရိုင်းနေမလားပဲ။
များသောအားဖြင့်တော့ အားကစား
ဂျာနယ်တွေပဲ ဖြစ်နေတယ်။
စာကြီးပေကြီး မဟုတ်ဘူး။


ENGLISH
ENGLISH
ENGLISH..

ငါတို့ ကျန်းမာလား။ မင်းလည်း ကျောင်းစာတွေနဲ့ လုံးပန်းနေရပြီ မဟုတ်လား။ မျှော်လင့်ချက်တနင့်တပိုးနဲ့ မင်းရဲ့အနာဂတ်အတွက် ဘယ်လိုပြင်ဆင်နေခဲ့ပြီလဲ။ ဒါကို ဦးလေးအနေနဲ့ သိချင်တယ်။ လောလောဆယ်တော့ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်လာဖို့အတွက် စာရိတ္တမဏ္ဍိုင် မပြိုလဲစေဖို့ ကျောင်းစာတွေထဲ နစ်မြုပ်ထားပါလို့ပဲ ဦးလေးအနေနဲ့ တိုက်တွန်းရင်း မှာကြားပါရစေ။

ယခုခေတ်အနေနဲ့ကတော့ ငါတို့သိတဲ့အတိုင်း အင်တာနက်၊ အီးမေးလ်၊ ဂျီမေးလ်၊ ဝတ်ဆိုက်ဆိုတဲ့ကွန်ရက်တွေနဲ့ ကမ္ဘာကြီးကို လွှမ်းခြုံထားတယ် မဟုတ်လား။ ငါတို့လည်း ကြားဖူးကောင်း ကြားဖူးလိမ့်မယ်။ ဂလိုဘယ်လ်လိုက်ဖေးရှင်း ဆိုတာတွေလေ။ ကမ္ဘာကြီး ရွာဖြစ်သွားပြီလို့ ပညာရှင်တွေဆိုနေကြတယ်။ ငါတို့အနေနဲ့တော့ လက်ခံဖို့ ဝန်လေးနေမလား မပြောတတ်ဘူး။ ဥပမာကွာ၊ ငါတို့(ဦးလေး)တို့ရွာကိုပဲ ဆိုကြပါစို့။ အနောက်ပိုင်းမှာ ဘာဖြစ်နေတယ်ဆိုတာကို အရှေ့ပိုင်းမှာနေတဲ့ လူတွေ တစ်ခဏချင်း သိသွားတယ်ဆိုတဲ့သဘော။ ဆိုပါတော့ကွာ၊ အခုအင်္ဂလန်မှာ ကန်နေတဲ့ဘောလုံးပွဲကို မိုင်ပေါင်းများစွာဝေးကွာနေပေမယ့် ငြိုဟ်တု၊ စလောင်းဆိုတဲ့ ဖမ်း

စက်တွေနဲ့ ချိတ်ဆက်ထားရင် စက္ကန့်ပိုင်းအတွင်းမှာ မြင်နိုင်၊ ကြားနိုင်၊ ကြည့်နိုင်တယ်ဆိုတဲ့ သဘောပေါ့။

ဗုဒ္ဓရဲ့ နိယာမတရား အနေနဲ့ကြည့်ရင်လည်း ဒါဟာ ထူးဆန်းတဲ့ဖြစ်စဉ်တော့ မဟုတ်ဘူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်ဝတ္ထုတွေရဲ့ တိုးတက်ပြောင်းလဲမှုဟာ တည်မြဲမနေဘူး။ အမြဲတမ်း ပြုပြင်ပြောင်းလဲနေတယ် မဟုတ်လား။ ဒီတော့ အချိန်နဲ့အမျှ တိုးတက်ပြောင်းလဲနေတဲ့ ခေတ်ရေစီးကြောင်းကို အမီလိုက်နိုင်ဖို့ ငါတို့အနေနဲ့ လက်ပိုက်ပြီး ကြည့်နေရုံနဲ့တော့ မဖြစ်တော့ဘူး။ ခေတ်ပေါ်လူ့ယဉ်ကျေးမှု ပြယုဂ်ဖြစ်တဲ့ ရုပ်ဝတ္ထုတွေကတော့ စိန်ခေါ်နေပြီ။


လက်မြှောက်အရှုံးပေးမလား။ သို့မဟုတ် ကိုယ့်စွမ်းကိုယ်စနဲ့ လိုက်နိုင်အောင်ကြိုးစားကြမလား။ ဒီနှစ်လမ်းမှာ တစ်လမ်းလမ်းကိုတော့ ရွေးချယ်ကြရတော့မယ်။ လက်ပိုက်ကြည့်ရင်း အရှုံးပေးသွားမယ်ဆိုရင်တော့ ရှေ့ဆက်ပြောနေစရာ မလိုတော့ဘူးပေါ့ကွာ။ အေး မီအောင်လိုက်ဖို့ ကြိုးစားမယ်ဆိုရင်တော့ လက်ပိုက်ကြည့်နေရုံနဲ့ မဖြစ်တော့ဘူး။

> အနာဂတ်ကမ္ဘာသစ်ကြီးဟာ ငါတို့တို့လက်ထဲ ကူးပြောင်းဖို့ စောင့်လင့်နေပြီ။ အဲဒီလို တာဝန်ယူပြီး လက်ပြောင်းယူဖို့ဆိုတာ အသိဉာဏ်ဗဟုသုတ မရှိဘဲတော့ မဖြစ်နိုင်ဘူး မဟုတ်လား။ ဒါကြောင့် မကြာခင် ရောက်ရှိလာတော့မယ့် အနာဂတ်ကမ္ဘာသစ်ကြီးကို . . .

ပထမဆုံးသင်ကြားရမှာက Internationl Language ဖြစ်တဲ့ English စာပေကို သင်ယူရမယ်။ နောက်တစ်ခု ဒါနဲ့တစ်ပြိုင်နက်လုပ်ရမှာက စာပေတွေ ဖတ်ရှုလေ့လာရမယ်။

အခု ဘယ်လိုဖြစ်နေလဲဆိုရင် လူငယ်တော်တော်များများဟာ စာမဖတ်ကြဘူး ဖြစ်နေတယ်။ စောဒကတော့ တက်လာနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့လက်ထဲမှာ ဂျာနယ်တွေ တစ်နေ့တစ်စောင်ကိုင်ထားပြီး ဖတ်ရှုနေခဲ့ကြတယ် မဟုတ်လား။ ခက်တာက ပြောရရင်တော့ ရိုင်းနေမလားပဲ။ သူတို့ဖတ်တာက စာကြီးပေကြီးမဟုတ်ဘူး။ များသောအားဖြင့်တော့ အားကစားဂျာနယ်တွေပဲဖြစ်နေတယ်။ တကယ့်အတွေးအခေါ် ရသစာပေတွေကတော့ သူတို့နဲ့ သူစိမ်းဆန်ဆန် ဖြစ်နေခဲ့တယ်။ သူတို့သိတာက ဘယ်ကလပ်က ဘယ်သူ့ကို ဘယ်လောက်နဲ့ ခေါ်လိုက်တယ်၊ ဘယ်ကလပ်မှာ ဘယ်သူဒဏ်ရာရလို့ ဘယ်လောက်အနားယူရမယ်၊ ဘယ်နိုင်ငံက လိဂ်ပွဲတွေမှာ လုပ်ပွဲတွေ ကစားလို့ ဘယ်လောက်ဒဏ်ရိုက်ခံရတယ် စသဖြင့်ပေါ့လေ။ ငါ့တူလည်း ဒီထဲ ပါကောင်းပါလိမ့်မယ်။ ဒါကို ဦးလေးအနေနဲ့ အပြစ်မတင်ပါဘူး။ ဒါပေမဲ့ ဦးလေးဖြစ်စေချင်တာကိုတော့ ငါ့တူကို ပြောပြချင်တယ်။

အားကစားဂျာနယ်တွေကို မဖတ်နဲ့လို့ ဦးလေးအနေနဲ့ တိုက်တွန်းနေတာ မဟုတ်ဘူးဆိုတာကိုတော့ သိစေချင်တယ်။ ဒါပေမဲ့ တကယ့်အဆင့်အတန်းရှိတဲ့ စာပေတွေကိုလည်း ဖတ်ကြဦးလို့တော့ ငါ့တူကိုတိုင်တည်ပြီးတော့ လူငယ်တွေကို မှာကြား



လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ အနာဂတ်ကမ္ဘာသစ်ကြီးဟာ ငါ့တူတို့လက်ထဲကို ကူးပြောင်းဖို့ စောင့်လင့်နေပြီ။ အဲဒီလို တာဝန်ယူပြီး လက်ပြောင်းယူဖို့ဆိုတာ အသိဉာဏ်ဗဟုသုတ မရှိဘဲတော့ မဖြစ်နိုင်ဘူး မဟုတ်လား။ ဒါ့ကြောင့် မကြာခင် ရောက်ရှိလာတော့မယ့် အနာဂတ်ကမ္ဘာသစ်ကြီးကို ပုခုံးလွှဲတာဝန်ယူနိုင်အောင် အခုအချိန်ကစပြီး အခြားအခြားသော ဘာသာစကားတွေ၊ ကွန်ပျူတာနည်းပညာတွေ သင်ယူလေ့လာဖို့နဲ့၊ ရသသုတစာပေတွေကိုလည်း ဖတ်ကြပါလို့ ဦးလေး တိုက်တွန်းလိုက်ပါတယ်။ ဒြော် ့ဒါနဲ့ ငါ့တူဖတ်ဖို့ (ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိ) စာအုပ်တစ်အုပ် ထည့်ပေးလိုက်တယ်။ ဖတ်ဖြစ်အောင်လည်း ဖတ်ဦးနော်။ ။

အခန်း - ၉

# မိရိုးဖလာအဆင့်မြင့်ယဉ်ကျေးမှု

အရက်အကြောက်တရားနှစ်ပါး
ပျောက်ကွယ်လာတာနဲ့အမျှ
လောကကြီးပျက်စီးဖို့
အခြေတည်လာတော့တာပဲ။
လောကကြီးကို
စောင့်ရှောက်နေတာက
အဲဒီတရားနှစ်ပါးပဲ


SUEYINT

ငါ့တူရေ ဒီတစ်ပတ်တော့ Culture နဲ့ ပတ်သက်ပြီး ပြောချင်တယ်။ ယခုခေတ် လူငယ်တော်တော်များများဟာ ယဉ်ကျေးမှု နည်းပါးသွားတယ်လို့ ဦးလေး တော့ ခံစားနားလည်မိတယ်။ အပြစ်တင်နေတာ မဟုတ်ဘူးနော်။ နိုင်ငံနဲ့လူမျိုးအတွက်မျှော်ကိုးပြီး ပြုပြင်ပြောင်းလဲစေချင်တဲ့ သဘောပါ။ ငါ့တူတို့ဟာ မကြာခင်အချိန်အတွင်းမှာ ဘာသာသာသနာနဲ့ နိုင်ငံလူမျိုးရေးတာဝန်ကို ပခုံးလွှဲပြောင်းတာဝန်ယူကြရတော့မယ် မဟုတ်လား။

ဘာသာအသီးသီး၊ နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးမှာ ကိုယ့်ယုံကြည်မှုနဲ့ ကိုယ့်ယဉ်ကျေးမှုဆိုတာတွေ ရှိတယ် မဟုတ်လား။ ရောမရောက်လို့ ရောမလို ကျင့်တာကိုတော့ ဦးလေးအနေနဲ့ မပြောလိုပါဘူး။ ဒါပေမဲ့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ပတ်ဝန်းကျင်နဲ့ နေတဲ့အခါမှာတော့ ကိုယ့်ယဉ်ကျေးမှုနဲ့နေနိုင်အောင် ကြိုးစားစေချင်တယ်။

ဗုဒ္ဓကလည်း လောကပါလတရား နှစ်ပါးကို ဟောထားခဲ့တယ်။

လောကပါလ–ဆိုတာ လူသားမျိုးနွယ်စုဆိုတဲ့ လောက၊ ပါလ–ဆိုတာ စောင့်ရှောက်တာ။ ဒါကတော့ နားလည်လွယ်အောင်ပြောရတာပေါ့။ အဲဒီလောကပါလဆိုတာ ဟိရိနဲ့ ဩတ္တပ္ပတရား နှစ်ပါးပေါ့။ ဟိရိ–ဆိုတာ ရှက်ခြင်း။ ဩတ္တပ္ပ–ဆိုတာ ကြောက်ရွံ့ထိတ်လန့်ခြင်း။ အဲဒီ အရှက်

အကြောက်တရားနှစ်ပါး ပျောက်ကွယ်လာတာနဲ့အမျှ လောကကြီး ပျက်စီးဖို့ အခြေတည်လာတော့တာပဲ။ လောကကြီးကို စောင့်ရှောက်နေတာက အဲဒီ တရားနှစ်ပါးပဲ။

အရှက်အကြောက် မရှိဘဲ နေချင်သလို နေ၊ သွားချင်သလို သွား။ လာချင်သလိုလာ ၊ဝတ်ချင်သလိုဝတ်၊ စားချင်သလို စားပြီးတော့ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ ကိုယ်ထင်ရာ ကိုယ်စိုင်းနေမယ်ဆိုရင်တော့ ပထမဦးဆုံး မိမိကိုယ်ကိုယ်မိမိ နစ်နာဆုံးရှုံးရမယ်။ အဲဒီနောက် မိသားစု အသိုင်းအဝိုင်းရဲ့ဂုဏ်သိက္ခာထိခိုက်မှု ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး။ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာ၊ ကိုယ့်ယဉ်ကျေးမှု စတဲ့ဆိုးကျိုးတွေ တန်းစီလိုက်လာတော့မယ် မဟုတ်လား။

တိရစ္ဆာန်တွေကို ကြည့်လေ။ ဟိရီ ဩတ္တပ္ပတရားနှစ်ပါး ကင်းနေတော့ အဖေကို အဖေမှန်းမသိ။ အမေကို အမေမှန်း မသိ၊ အစ်ကိုကို အစ်ကိုမှန်း မသိ၊ အစ်မကို အစ်မမှန်းမသိကြတော့ဘဲ နောက်ဆုံး ကိုယ့်ဟာနဲ့ပဲ နစ်ပါးသွားနေကြတယ် မဟုတ်လား။ ဒါတွေဟာ ဟိရိဩတပ္ပ ဆိုတဲ့တရားနှစ်ပါးကင်းတာနဲ့တစ်ပြိုင်နက် ရရှိလာတဲ့ ပင်မဘေးထွက်ဆိုးကျိုးတွေ မဟုတ်လား။ အဲဒီတော့ အသိဉာဏ်ရှိတဲ့ လူသားတွေထံ အဲဒီတရားနှစ်ပါး ရောက်မလာစေချင်ဘူး။

> **ဗုဒ္ဓရဲ့ အဘိဓမ္မာနည်းနဲ့ ပြောရရင်လည်း အဲဒီလို ဟိုပေါ် ဒီပေါ်ဝတ်ဆင်မှုတွေဟာ ကာမဂုဏ်ကို ထကြွစေတယ်မဟုတ်လား။ ကာမဂုဏ်ဆိုတာ လိုချင်တပ်မက်မှုဆိုတဲ့ လောဘမဟုတ်လား။ လောဘဆိုတော့ အကုသိုလ်ပဲပေါ့။**

တိုင်းတစ်ပါးရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေအနေနဲ့လည်း ကူးစက်မလာစေချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီယဉ်ကျေးမှု ဓလေ့ထုံးစံတွေ ကူးစက်လာတာနဲ့တစ်ပြိုင်နက်ကိုယ့်ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို စွန့်ပစ်လိုက်ကြတော့တာပဲ။ အဲဒီတော့ လူမျိုးရော ယဉ်ကျေးမှုပါ ပျောက်ကွယ်လာတော့တာပေါ့။ ဒါကို ငါ့တူတို့အနေနဲ့ အလေးအနက်ထားစဉ်းစားသင့်တယ်။ ဦးလေးအနေနဲ့ကတော့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်ယဉ်ကျေးမှုရဲ့ ဓလေ့ထုံးစံအမွေအနှစ်တွေကို မတိမ်ကော မပပျောက်သွားရအောင် ထိန်းသိမ်းစောင့်ရှောက်စေချင်တယ်။

အနောက်တိုင်းယဉ်ကျေးမှုရဲ့ လက်ဝါးကြီးအုပ် ဝါးမျိုမှုဟာ တို့မြန်မာမိန်းကလေးတွေထံ တရွေ့ရွေ့ ကူးစက်လာနေခဲ့ပြီလို့ ဦးလေးတော့ ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မြို့ကြီးပြကြီးတွေ တော်တော်များများမှာတော့ ဟိုပေါ် ဒီပေါ်၊ ဟိုမလုံ ဒီမလုံတွေနဲ့ ဘုရားကျောင်းကန်တွေသွားတာကအစ ဝတ်စားဆင်ယင်နေခဲ့ကြတယ်။ အဲဒီတော့ ဘုရားတွေမှာ ယဉ်ကျေးမှုကင်းမဲ့တဲ့ ဝတ်စားဆင်ယင်မှုတွေ ဝတ်ဆင်ပြီး ဘုရားပေါ်မတက်ကြဖို့တားမြစ်တဲ့ ဆိုင်းဘုတ်တွေချိတ်ဆွဲပြီး သတိပေးနေရတယ်။ ဦးလေးလည်း ရွာမရောက်တာကြာပြီ။ ငါ့တူတို့ရွာမှာရော အနောက်တိုင်းယဉ်ကျေးမှုတွေ ကူးစက်လာနေပြီလား။

နောက် ဗုဒ္ဓရဲ့ အဘိဓမ္မာနည်းနဲ့ပြောရရင်လည်း အဲဒီလို ဟိုပေါ် ဒီပေါ်ဝတ်ဆင်မှုတွေဟာ ကာမဂုဏ်ကို ထကြွစေတယ်မဟုတ်လား။ ကာမဂုဏ်ဆိုတာ လိုချင်တပ်မက်မှုဆိုတဲ့ လောဘ မဟုတ်လား။ လောဘဆိုတော့ အကုသိုလ်ပဲပေါ့။



အဲဒီတော့ ကိုယ့်အတွက်နဲ့ အခြားလူကို အကုသိုလ်ဖြစ်စေတဲ့အတွက် မိမိအနေနဲ့လည်း အကုသိုလ်ဖြစ်တယ် မဟုတ်လား။ ပြောရရင်တော့ အဲဒီလိုဝတ်စားဆင်ယင်မှုတွေကို ရှောင်ရှားစေချင်တယ်။

ကိုယ့်ယဉ်ကျေးမှုလောက်ကောင်းတဲ့ ယဉ်ကျေးမှုဆိုတာ ဘယ်နိုင်ငံမှာမှရှိမယ်လို့ ဦးလေးတော့ မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဦးလေးတို့နိုင်ငံရဲ့ယဉ်ကျေးမှုဆိုတာ ကမ္ဘာကြီးက ကြည်ညိုလေးစားခံနေရတဲ့ ဗုဒ္ဓရဲ့အတွေးအခေါ်၊ ယဉ်ကျေးမှုတွေနဲ့ထုံမွမ်းထားတဲ့ ယဉ်ကျေးမှုတွေပဲ မဟုတ်လား။ အဲဒီတော့ ဦးလေးနောက်ဆုံးမှာချင်တာက ငါတူတို့ရဲ့ အနာဂတ်ကမ္ဘာသစ်ကြီးဟာ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်နိုင်ငံမှာရှိတဲ့ ကိုယ့်ယဉ်ကျေးမှုဓလေ့ထုံးစံအမွေအနှစ်တွေကို မတိမ်ကော မပပျောက်သွားရအောင် ထိန်းသိမ်းစောင့်ရှောက်ကြပါလို့။ ။

အခန်း – ၁၀

# စဉ်းစားတွေးခေါ်တတ်တဲ့ အလေ့အကျင့်

ဗုဒ္ဓဟာ မစဉ်းစား မတွေးခေါ်ဘဲ
သူတို့လမ်းစဉ်ရဲ့ရရှိခဲ့တဲ့
လောကီစျာန်ချမ်းသာလောက်နဲ့သာ
နှစ်သိမ့်ကျေနပ်ကြည်နူး၊
ယစ်မူးနေခဲ့မယ်ဆိုရင်
ယခုလို ကြီးကျယ်ခမ်းနားပြီး
သံသရာမှ ထွက်မြောက်ကြောင်းဖြစ်တဲ့
သဗ္ဗညုတဉာဏ်တော်ကို
လက်ဝယ်ပိုင်ပိုင်ရရှိလာခဲ့မှာ
မဟုတ်ပါဘူး


SUEMYINT

စဉ်းစားတွေးခေါ်တတ်တဲ့ အလေ့အကျင့်လေးတွေ လုပ်ပေးဖို့ကိစ္စနဲ့ပတ်သက်ပြီး ဒီအပတ်ပြောဆိုဆွေးနွေးကြရအောင် ငါ့တူရေ။ ရွာမှာ တော်တော်လေး အေးနေပြီလား။ ဦးလေးလည်း ဒီရာသီကိုရောက်တိုင်း ရွာကိုအရမ်းလွမ်းတာပဲကွာ။ ဘာဖြစ်လို့လဲဆိုတော့ မနက်စောစော ချမ်းအေးအေးထပြီး မီးလှုံရင်း ထန်းမြစ်တွေ ဖုတ်၊ သင်းဝါးတွေဖုတ်ပြီး မြိန်ရေရှက်ရေစားခဲ့ကြတာလေးတွေကို တွေးမိတိုင်း မိဘရပ်ရွာကို အရမ်းလွမ်းရတာ။

တစ်ဆက်တည်း ဘုန်းကြီးကျောင်းသားဘဝက အဖြစ်အပျက်လေးတစ်ခုကလည်း ခေါင်းထဲရောက်လာတာနဲ့ ငါ့တူကို ပြောပြရဦးမယ်။ ယခုလို ချမ်းအေးတဲ့ရာသီမှာဆို ရွာတွေတော်တော်များများမှာ ဘုရားပွဲတွေ၊ဆွမ်းလောင်းပွဲတွေပေါ်များတယ် မဟုတ်လား။ တစ်နေ့ ဦးလေးလည်း ဆရာဘုန်းကြီးက တခြားရွာဆွမ်းလောင်းပွဲကို ဘုန်းကြီးကျောင်းသားအဖြစ် လိုက်ပါဖို့ခေါ်တာနဲ့ မနက်စောစော အဝတ်အစားသစ်လေးလဲပြီး မသွားခင်ခဏတစ်ဖြုတ် မီးလှုံနေခဲ့ကြတာပေါ့ကွာ။ ဦးလေးကလည်း တခြားရွာလိုက်ရမယ်ဆိုတော့ တက်ကြွပြီး စောစောစီးစီးထခဲ့တယ်ပေါ့။ မီးလှုံနေရင်း အိပ်ငိုက်မိသွားတာပေါ့။ ဘယ်လောက်တောင် အိပ်ငိုက်မိသွားလဲဆိုရင် အသစ်လဲထားတဲ့ ပုဆိုးအသစ်လေး ပန်းကန်ပြားတစ်ချပ်စာလောက် မီးစွဲသွားတော့မှ လန့်နိုးသွားတော့တယ်။ ဒါနဲ့ လဲစရာ ပုဆိုးအသစ်ကလည်း

မရှိတော့တာနဲ့ ဆွမ်းလောင်းပွဲကိုမလိုက်လိုက်ရတော့ဘူးပေါ့။ ကဲ့ကဲ့ ထားလိုက်တော့။ သတိရတာတွေကိုပြောဖြစ်ရင်း လိုရင်းမရောက်ဘဲ ဖြစ်နေဦးမယ်။

စဉ်းစားတွေးခေါ်တတ်တဲ့ အလေ့အကျင့်ကိစ္စကို ပြန်ပြီးသွားကြရအောင်။ ဆရာကြီးတစ်ယောက်ပြောတာ ကြားဖူးတယ်။ သူက ဘယ်လိုစဉ်းစားတွေးမိဖူးသလဲဆိုတော့ " မိုးသည် အထက်မှရွာ၍ တော်၏၊ မိုးသည် အောက်မှရွာသော် ထီး မည်သို့ဆောင်းမည် မသိ" တဲ့။ (အဲဒီတော့လည်း မစိုသင့်တာတွေ မစိုရအောင် အောက်ခြေထောက်ကနေ မိုးကာတွေ ဘာတွေ ဝတ်ကြတာပေါ့ကွာ) အဲဒီလိုမျိုး ကိုယ့်အတွက် အရည်မရအဖတ်မရ အတွေးမျိုးတွေကိုတော့ ရှောင့်ပေါ့ကွာ။

ဗုဒ္ဓရဲ့ မင်္ဂလာရှစ်ပါးထဲမှာလည်း သမ္မာသင်္ကပ္ပ–ဆိုတဲ့ ကောင်းတဲ့အကြံအစည်တွေးခေါ်မှု ရှိရမယ်တဲ့။ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် ပထမဦးဆုံး စဉ်းစားတွေးတောရမယ်။ အဲဒီလို မဟုတ်ဘဲ ရှူးရှူးဒိုင်းဒိုင်းဖြစ်ချင်တာဖြစ်ဆိုတဲ့သဘောနဲ့ လုပ်မယ်ဆိုရင်တော့ အကျိုးရလဒ်ကလည်း ကောင်းမှာ မဟုတ်ဘူးပေါ့။ ဘယ်လိုစဉ်းစားတွေးခေါ်ရမလဲဆိုရင် ငါ အခု အလုပ်တစ်ခုကို လုပ်တော့မယ်။ ဒီအလုပ်က ငါ့အတွက် ဘယ်လောက်အထိ အကျိုးရှိပြီး သူတစ်ပါးတွေကိုလည်း ထိခိုက်နစ်နာမှုမရှိတဲ့ အလုပ်ဆိုတာ ဟုတ်မဟုတ် စဉ်းစားတွေးခေါ်ရမယ်ဆိုတဲ့ အလေ့အကျင့်ကို ဆိုလိုတယ်ပေါ့ကွာ။

နယူတန်၊ အိုင်းစတိုင်းစတဲ့ ပုဂ္ဂိုလ်တွေရဲ့ နိယာမဆိုတာတွေဟာ တွေးခေါ်မှုကြောင့် ရလာခဲ့တယ် မဟုတ်လား။ သက်ရောက်မှုတိုင်းမှာ တန်

> ဘုရားရှင်ကလည်း ဒီလို မျက်ကန်းယုံကြည်မှုမျိုးကို အားမပေးဘူး။ ခေတ်စကားနဲ့ပြောရရင် မကြိုက်ဘူးပေါ့ကွာ။ စဉ်းစားတွေးခေါ်ပြီးမှ ယုံသင့်မှယုံဖို့ ကာလာမသုတ်တော်မှာ ဟောကြားခဲ့တယ် မဟုတ်လား။

ပြန်သက်ရောက်မှုရှိတယ်ဆိုတဲ့ တွေးခေါ်စဉ်းစားမှုမျိုးတွေ၊ ကမ္ဘာမြေကြီးရဲ့ဆွဲအားကြောင့် သစ်သီးသစ်ရွက်တွေ ကြွေကျရတယ်ဆိုတဲ့ စဉ်းစားတွေးခေါ်မှုမျိုးတွေပေါ့ကွာ။ ဦးလေးတို့ ဗုဒ္ဓကလည်း စဉ်းစားတွေးခေါ်မှုကို ကိုယ်တိုင်ကျင့်ခဲ့သလို အခြားသောသတ္တဝါတွေကိုလည်း စဉ်းစားတွေးခေါ်ကြဖို့ ပြောဆိုမှာကြားခဲ့တယ်မဟုတ်လား။

ကြည့်လေ၊ ဘုရားမဖြစ်မီ အာဠာရရုဒ္ဒက–စတဲ့ ရသေ့တွေထံသွားပြီး ကျင့်စဉ်တွေကို နည်းခံခဲ့တယ် မဟုတ်လား။ သူတို့ပေးလိုက်တဲ့ကျင့်စဉ်တွေကိုလည်း ဆုံးခန်းတိုင်အောင် ကျင့်ခဲ့တာပဲ မဟုတ်လား။ ဒါပေမဲ့ သူတို့လမ်းစဉ်တွေဟာ သူလိုချင်တဲ့ ပစ်မှတ်ဖြစ်တဲ့ သံသရာကနေထွက်မြောက်ကြောင်း လမ်းစဉ်မဟုတ်ဘူးဆိုတာ သိတာနဲ့တစ်ပြိုင်နက် အဲဒီလမ်းစဉ်ကို စွန့်လွှတ်ပြီး သူတို့ထံကနေ ထွက်ခွာခဲ့တယ် မဟုတ်လား။ အကယ်၍ ဗုဒ္ဓဟာ မစဉ်းစားမတွေးခေါ်ဘဲ သူတို့လမ်းစဉ်ရဲ့ရရှိခဲ့တဲ့ လောကီဈာန်ချမ်းသာလောက်နဲ့သာ နှစ်သိမ့်ကျေနပ်ကြည်နူး၊ ယစ်မူးနေခဲ့မယ်ဆိုရင် ယခုလို ကြီးကျယ်ခမ်းနားပြီး သံသရာမှ ထွက်မြောက်ကြောင်းဖြစ်တဲ့ သဗ္ဗညုတဉာဏ်တော်ကို လက်ဝယ်ပိုင်ပိုင်ရရှိလာခဲ့မှာ မဟုတ်ပါဘူး။

နောက်ဆုံး ဒုက္ကရစရိယာ ခြောက်နှစ်ပတ်လုံး အပင်ပန်းခံပြီး မနားမနေကျင့်ခဲ့တာတောင် သူလိုချင်တဲ့ပန်းတိုင်ကို သွားရာလမ်းမဟုတ်ဘူးဆိုပြီး အဲဒီကျင့်စဉ်ကိုလည်း စွန့်လွှတ်ခဲ့တယ်မဟုတ်လား။ နောက်ဆုံး မဇ္ဈိမပဋိပဒါကျတဲ့လမ်းစဉ်ကို လိုက်ပြီးကျင့်ကြံမှ ဘုရားအဖြစ်ကို ရောက်ရှိခဲ့တယ် မဟုတ်လား။ ဒါဟာ တကယ်တော့ ဗုဒ္ဓရဲ့စဉ်းစားတွေးခေါ်ပြီး ကိုယ်လုပ်ရမယ့်အလုပ်၊ ကိုယ်လိုက်ရမယ့်လမ်းစဉ်ကို လုပ်ခဲ့၊ လိုက်ခဲ့လို့ ဘုရားအဖြစ်ကို ရောက်ရှိခဲ့တယ် မဟုတ်လား။ စဉ်းစားတွေးခေါ်မှုကြောင့်ရရှိခဲ့တဲ့ အကျိုးရလာဒ်ကလည်း အလွန်အင်မတန်ကြီးကျယ်ခဲ့တယ် မဟုတ်လား။



ဦးလေးအနေနဲ့ သိတတ်စအရွယ်ကစပြီး မိဘဆရာသမားတွေကို မပြစ်မှားမိခဲ့ဘူး။ အေး ဒါပေမဲ့ သူတို့ပြောဆိုတဲ့၊ နည်းပေးတဲ့လမ်းစဉ်တွေကို ကိုယ့်အတွက် အကျိုးရှိရာ၊ရှိကြောင်းတွေပဲဆိုပြီးတော့ မျက်ကန်းယုံကြည်မှုမျိုးတွေတော့ မလုပ်ခဲ့ဘူး။ ငါ့တူကိုလည်း အဲဒါမျိုး မလုပ်ဖို့တော့ တိုက်တွန်းတယ်။ ဒါပေမဲ့ လုံးဝဆန့်ကျင်တာကြီးတော့ မဖြစ်သင့်ဘူးပေါ့။ ဘုရားရှင်ကလည်း ဒီလို မျက်ကန်းယုံကြည်မှုမျိုးကို အားမပေးဘူး။ ခေတ်စကားနဲ့ပြောရရင် မကြိုက်ဘူးပေါ့ကွာ။ စဉ်းစားတွေးခေါ်ပြီးမှ ယုံသင့်မှယုံဖို့ ကေသမုတ္တိသုတ်တော်မှာ ဟောကြားခဲ့တယ် မဟုတ်လား။


ဒီတော့ ဦးလေးအနေနဲ့ တူတော်မောင့်ကို တိုက်တွန်းချင်တာက စဉ်းစားတွေးခေါ်တတ်တဲ့ အမူအကျင့်လေးတွေ လုပ်ပေးဖို့၊ အလုပ်တစ်ခုမလုပ်ခင် မဆင်မခြင်ဘဲ ငါ့မြင်းငါစိုင်းသဘောမျိုး မလုပ်မိဖို့၊ နောက် မျက်ကန်းယုံကြည်မှုမျိုးတွေကိုလည်း အတတ်နိုင်ဆုံး ရှောင်ရှားနိုင်ဖို့ ဦးလေးတိုက်တွန်းချင်တယ်။

အခု အိုဖုန်းလွှာကြီး တစ်စနဲ့တစ်စ ပါးလွှာလာတာနဲ့ တစ်ပြိုင်နက် ကမ္ဘာကြီးဟာ တစ်နေ့တစ်ခြား ပူပြင်းလာနေခဲ့ပြီ။ ငါ့တူ ဘယ်လိုဖြေရှင်းနိုင်မလဲ၊ စဉ်းစားတွေးခေါ်မှုလေးလုပ်ပေးဖို့ ဦးလေးမှာကြားရင်း။ ။

အခန်း - ၁၁

# သိပ္ပံပညာ၊ ဗုဒ္ဓဘာသာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး

ရန်ကိုရန်ခြင်း
ပြန်လည်တုံ့ပြန်တိုက်ခိုက်နေမယ်ဆိုရင်
ငြိမ်းချမ်းရေးဆိုတာ ဖြစ်မလာဘူးတဲ့။
အဲဒီတော့ သိပ္ပံပညာရှင်တွေရဲ့
အစွမ်းကုန်စမ်းသပ်မှုကြောင့်
အဆမတန်များပြားလာတဲ့
အနုမြူလက်နက်အင်အားတွေနဲ့
အခြားတစ်ဖက်မှလည်း
ပြန်လည်တိုက်ခိုက်နေမယ်ဆိုရင်
ကမ္ဘာကြီးငြိမ်းချမ်းရေးဆိုတာ
ဖြစ်လာနိုင်မှာလား



ငါ့တူ၊ အယ်လ်ဘတ်အိုင်းစတိုင်းဆိုတဲ့ သိပ္ပံပညာရှင်တစ်ယောက်ကို ကြားဖူးတယ် မဟုတ်လား။ အခု သူပြောခဲ့တဲ့စကားတစ်လုံးကို ဖတ်ပြီး အတွေးရတာနဲ့ အဲဒီအကြောင်းကို ထပ်ဆင့်အတွေးအနေနဲ့ ပြောပြချင်တာနဲ့ ငါ့တူထံ ဦးလေး စာရေးလိုက်တယ်။ သူက ဘာပြောခဲ့သလဲဆိုတော့ -

"ခေတ်သစ်သိပ္ပံပညာရဲ့ လိုအပ်တဲ့ အချက်အလက်တွေကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်တဲ့ ဘာသာတရားတစ်ခု ရှိခဲ့မယ်ဆိုရင် ယင်းသည် ဗုဒ္ဓဘာသာသာလျှင် ဖြစ်ရမည်" တဲ့။ ကဲ့ ငါ့တူရေ၊ ကမ္ဘာပေါ်မှာ အလွန်အင်မတန်ထင်ရှားကျော်ကြားခဲ့တဲ့ သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပြောဆိုခဲ့တဲ့ စကားဆိုတာ မေ့မပစ်လိုက်နဲ့ဦးနော် ။

အင်္ဂါဂြိုဟ်ပေါ်တက်ပြီး လေ့လာဖို့၊ လကမ္ဘာပေါ်သွားပြီးလေ့လာဖို့ဆိုတဲ့ ခေတ်သစ်သိပ္ပံပညာရှင်တွေရဲ့ အစွမ်းကုန် ကြိုးစားအားထုတ်မှုတွေကိုတော့ လေးစားသလို အသိအမှတ်လည်း ပြုရမယ်ပေါ့။ ဒါပေမဲ့ ဒါတွေကို ထားပါဦး။ ဦးလေးပြောချင်တဲ့ အတွေးဆိုတာက အဲဒါတွေမဟုတ်ဘူး။ ရှင်းရှင်းပြောရရင်ကွာ အဲဒါတွေလုပ်ဖို့ဆိုတာဒီတစ်သက်တော့ ဖြစ်နိုင်မှာလည်း မဟုတ်တော့ဘူး။

ခုနကပြောခဲ့တဲ့ အိုင်းစတိုင်းဆိုတဲ့ သိပ္ပံပညာရှင်ကြီးပြောခဲ့တဲ့စကားကို ပြန်ကောက်ကြရအောင်။ "ခေတ်သစ်သိပ္ပံပညာရဲ့ လိုအပ်ချက်ကို ဦးလေးတို့ ဗုဒ္ဓဘာသာက ရင်ဆိုင်ယှဉ်ပြိုင်ဖို့ "ဆိုတဲ့စကားကို ပြောဆိုဆွေးနွေး ကြည့်ကြရအောင်။ ဒါကတော့ ဦးလေးတစ်ယောက်တည်းရဲ့ အမြင်ကို ပြောရတာဆိုတော့ အခြားသူတွေရဲ့အမြင်နဲ့ ကွာခြားကောင်း ကွာခြားနေလိမ့်မယ်။ အကယ်၍ အခြားသူ

တွေရဲ့အမြင်နဲ့ မတိုက်ဆိုင်လို့ ငါတို့အနေနဲ့ ထောက်ပြမယ်ဆိုရင်လည်း ဦးလေး ကျေကျေနပ်နပ်နဲ့ လက်ခံမယ်ပေါ့ကွာ။

အခု မြောက်ကိုရီးယား၊ အီရန် စတဲ့နိုင်ငံတွေမှာ ချူကလီးယား စမ်းသပ်မှုနဲ့ပတ်သက်လို့ ကမ္ဘာ့ခေါင်းဆောင်အသီးသီးက ရင်တထိတ်ထိတ်နဲ့စောင့်ကြည့်နေခဲ့ရတယ် မဟုတ်လား။ ဒါနဲ့ပတ်သက်လို့ ဦးလေး ပြောပြခဲ့ဖူးတယ်နဲ့တူတယ်။ တချို့ အင်အားကြီးနိုင်ငံတွေဆိုရင် ဒီကိစ္စ အောင်မြင်လာမှာကို စိုးရိမ်တကြီးနဲ့ ပူပင်နေခဲ့ကြတယ် မဟုတ်လား။

သူတို့အပြောကတော့ ကမ္ဘာကြီး ငြိမ်းချမ်းဖို့ ဦးတည်ပြီး ကန့်ကွက်သွားကြမယ်လို့ တကြော်ကြော်အော်နေခဲ့ကြတယ် မဟုတ်လား။ ဒီတော့ သူတို့ကလည်း စစ်လက်နက်လူအင်အားတွေဖြည့်ပြီး ကျူးကျော်စစ်တွေ တစ်ပွဲပြီးတစ်ပွဲဆိုသလို ဆင်နွှဲနေခဲ့ကြတယ်။ ဆိုလိုတာက ပါးစပ်က ငြိမ်းချမ်းရေးဆိုပြီး တကြော်ကြော် အော်နေပေမယ့် လက်နက်တွေအသုံးပြုပြီး တိုက်ခိုက်နေခဲ့ကြတယ်ဆိုတော့ ပါးစပ်က ဘုရား ဘုရား လက်ကကားယားကားယားဆိုတဲ့စကားပုံမျိုးလို ဖြစ်မနေဘူးလား။

ဗုဒ္ဓကတော့ နဟိ ဝေရေန ဝေရာနိ၊ ရန်ကိုရန်ခြင်း မတုံ့လျှင်းနဲ့တဲ့။ ရန်ကိုရန်ခြင်း ပြန်လည်တုံ့ပြန်တိုက်ခိုက်နေမယ်ဆိုရင်တော့ ငြိမ်းချမ်းရေးဆိုတာ ဖြစ်မလာဘူးတဲ့။ အဲဒီတော့ သိပ္ပံပညာရှင်တွေရဲ့ အစွမ်းကုန်စမ်းသပ်မှုကြောင့် အဆမတန်များပြားလာတဲ့ အန္တရာယ်ပြုစစ်လက်နက်အင်အားတွေနဲ့ အခြားတစ်ဖက်မှလည်း ပြန်လည်တိုက်ခိုက်နေ

ဗုဒ္ဓကတော့ လက်နက်ကိုလက်နက်ချင်း၊ ရန်ကိုရန်ချင်း မဖြေရှင်းဘဲ မေတ္တာဆိုတဲ့လက်နက်နဲ့ ဖြေရှင်းဖို့ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း(၂၅၀၀)လောက်ကတည်းက ဟောပြောရင်း ငြိမ်းချမ်းရေးကို မင်းမှူခဲ့တယ် မဟုတ်လား။

မယ်ဆိုရင် ကမ္ဘာကြီးငြိမ်းချမ်းရေးဆိုတာ ဖြစ်လာနိုင်မှာလား၊ စဉ်းစား ကြည့်ပေါ့ ငါ့တူရေ။

ဒေါသကြောင့်ဖြစ်ပေါ်လာတဲ့ ရန်လိုမှု၊ တိုက်ခိုက်မှု ဆိုတာတွေကို အဒေါသ(မေတ္တာ)ဆိုတဲ့လက်နက်နဲ့ ပြန်လည် တုံ့ပြန်ဖြေရှင်းမှသာလျှင် အောင်မြင်လိမ့်မယ်လို့ ဗုဒ္ဓက ပြော ကြားခဲ့တယ်မဟုတ်လား။ နောက် လောဘကြောင့် ဖြစ်ပေါ်လာ တဲ့ အနိုင်လိုချင်မှု၊ နယ်နိမိတ်လုယူမှု စတဲ့ ဝိသမလောဘ ဆိုးကျိုးတွေကို အလောဘဆိုတဲ့ လက်နက်နဲ့ ဖြေရှင်းမှသာ လျှင် အောင်နိုင်မယ်တဲ့။ ရလာဒ်ချင်းကတော့ မတူညီဘူး မဟုတ်လား။ ဘာဖြစ်လို့မတူညီလဲဆိုရင်တော့ တုံ့ပြန်မှု ကွဲလွဲ လို့ပဲ မဟုတ်လား။ ဒီတော့ လက်နက်ကိုလက်နက်နဲ့ ဖြေရှင်း တုံ့ပြန်မှုနဲ့၊ ဒေါသကို အဒေါသနဲ့တုံ့ပြန်မှုဆိုတဲ့ အဆိုနှစ်ခု အနက် ဘာကို လက်ခံမလဲ။ စစ်ပွဲတွေကတော့ တစ်ပွဲပြီးတစ်ပွဲ ဆင်နွှဲနေတယ်ဆိုတာ မီဒီယာမျိုးစုံကနေတစ်ဆင့် ငါ့တူလည်း ကြားသိနေခဲ့မယ် ထင်ပါတယ်။

ကမ္ဘာကြီးကတော့ တစ်နေ့တခြား ငြိမ်းချမ်းရေးဆို တာကို ဆာလောင်နေခဲ့ပြီ။ ဆာလောင်နေတဲ့ ကမ္ဘာကြီးအတွက် ငြိမ်းချမ်းရေးဆိုတာကို ဘယ်လိုဖြေရှင်းပေးကြမလဲ။ စစ်လက်နက် ဖောက်ခွဲရေးပစ္စည်းမျိုးစုံကို အစွမ်းကုန်ထုတ်လုပ်နေပြီး ကိုင် ဆောင်ကာ ငြိမ်းချမ်းရေးကို အော်နေမယ်ဆိုရင်တော့ လုံကိုင်ပြီး ခွေးခေါ်နေသလို ဖြစ်နေဦးမှာပဲ ငါ့တူရေ။

သိပ္ပံပညာရှင်တွေရဲ့ နေ့မအားညမအား ကြိုးစားအား ထုတ်မှုတွေကြောင့် ရုပ်ဝတ္ထုဆိုတာတွေကတော့ မမီနိုင် လောက်အောင်ကို တိုးတက်နေခဲ့ပြီ။ အခုဆိုရင် ငါ့တူကြားတဲ့ အတိုင်းပဲ။ လူပုံတူမျိုးပွားအဖြစ်တောင် စမ်းသပ်နေခဲ့ပြီ မဟုတ် လား။ (ဒါကိုလည်း ဗုဒ္ဓရဲ့ ပဋိသန္ဓေလေးမျိုးနဲ့ တိုင်းတာနိုင်ပေ



မယ့် ဖန်ဆင်းရှင်ဝါဒနဲ့တော့ ဗီလာကန့်လန့် ဖြစ်နေလိမ့်မယ်ထင်တယ်) သူတို့ရဲ့ အစွမ်းကုန်ကြိုးပမ်းမှုတွေကြောင့် ရရှိလာတဲ့ အစွမ်းထက်လက်နက်တွေနဲ့တုံ့ပြန်ပြီး ကမ္ဘာကြီးကို ငြိမ်းချမ်းအောင် လုပ်နေခဲ့ကြပြီ။ ဗုဒ္ဓကတော့ လက်နက်ကိုလက်နက်ချင်း၊ ရန်ကိုရန်ချင်း မဖြေရှင်းဘဲ မေတ္တာဆိုတဲ့ လက်နက်နဲ့ဖြေရှင်းဖို့ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) လောက်ကတည်းကဟောပြောရင်း ငြိမ်းချမ်းရေးကို မင်းမူခဲ့တယ်မဟုတ်လား။ ဒီလိုမျိုးကိစ္စတွေဟာ သိပ္ပံပညာရှင်ရဲ့ လိုအပ်မှုတွေကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်တဲ့ ဗုဒ္ဓဝါဒပဲ မဟုတ်လား။ ဒါတွေကိုသိလို့ အိုင်းစတိုင်းဆိုတဲ့ သိပ္ပံပညာရှင်ကြီးက "ခေတ်သစ်သိပ္ပံပညာကို ရင်ဆိုင်ယှဉ်ပြိုင်ဖို့ ဘာသာတရားတစ်ခုရှိခဲ့မယ်ဆိုရင် ယင်းသည် ဗုဒ္ဓဘာသာသာလျှင် ဖြစ်ရမည်လို့" ပြောဆိုခဲ့တယ်လို့ ဦးလေးအနေနဲ့ ယုံကြည်မိတယ် ငါ့တူရေ ။ ။

အခန်း – ၁၂

# ရုပ်ဝတ္ထုနှင့်ယဉ်ကျေးမှု

လူတွေဟာ လူချင်းလူ မမြင်တော့ဘူး။
အစစ်အမှန်တရားတွေကလဲ
တဖြည်းဖြည်း ဆိုသလို
ပျောက်ဆုံးလာနေခဲ့ပြီပေါ့ကွာ။
ရုပ်ဝတ္ထုဆိုတဲ့ အပေါ်ယံရေပြားတွေပေါ်
လောဘ၊ဒေါသ၊မောဟ၊မာန၊
ဣဿာ၊ မစ္ဆရိယ စတဲ့
ကိလေသာခြုံထည်တွေနဲ့ လွှမ်းခြုံရင်း
ကမ္ဘာကြီးရဲ့ ဝမ်းခေါင်းတစ်ခုလုံး
အပုပ်နံ့တွေ တထောင်းထောင်း
ထနေခဲ့ရတယ် မဟုတ်လား။



ငါ့တူ ကျန်းမာရဲ့လား။ ဦးလေးတော့ ဒီစာလေး ရေးနေတုန်း ဖက်ကြောတွေတက်ပြီး ခေါင်းတစ်လုံးလုံး ဆွဲယမ်းခံထားရသလို မူးဝေဝေ ဖြစ်နေခဲ့တယ်။ ဝမ်းတစ်လုံးမကောင်းလို့ ခေါင်းတစ်လုံးခဲတယ် ဆိုပါတော့ ကွာ။ ငါ့တူလည်း ကျန်းမာရေးကိုတော့ အထူးဂရုစိုက်ပေါ့။ ကျန်းမာခြင်းဟာ လာဘ်တစ်ပါးဆိုတယ် မဟုတ်လား။ မကျန်းမာရင်တော့ ငါ့တူရဲ့အနာဂတ်မှာ လုပ်ဆောင်ရမယ့် အိပ်မက်တွေကို အကောင်အထည် ဖော်နိုင်မှာမဟုတ်ဘူး။ ကဲ ထားတော့ ဦးလေး ဒီတစ်ပတ် ပြောပြချင်တာကတော့ ရုပ်ဝတ္ထုနဲ့စာရိတ္တကို ပြောပြချင်တယ်။

တော်ဖလာရဲ့ တတိယလှိုင်းမှသည် ခေတ်သစ်သိပ္ပံပညာရှင်တို့ရဲ့ ကြီးကျယ်တဲ့ ခြေလှမ်းသစ်ကို စတင်နေတာနဲ့အမျှ လောကကြီးဟာ အံ့ဩဖွယ် မကုန်နိုင်အောင် တိုးတက်ပြောင်းလဲနေခဲ့ပြီ မဟုတ်လား။ အဏုမြူ တိုက်ချင်းပစ် ဒုံးခွင်းဒုံး စတဲ့ ကြောက်မက်ဖွယ် လက်နက်ဆန်းတွေနဲ့ ဘေးအန္တရာယ်ကြီးမားလှတဲ့ အဖျက်လုပ်ငန်းတွေကို ဆတက်တိုးဆောင်ရွက်လာတာနဲ့အမျှ ကမ္ဘာကြီးဟာ စိုးရိမ်ထိတ်လန့်နေခဲ့ရပြီ မဟုတ်လား။

အင်တာနက်၊ ဝဘ်ဆိုက်ထဲဝင်ပြီး ကမ္ဘာအနှံ့က သတင်းမျိုးစုံ၊ ဖာတ်လမ်းမျိုးစုံကို ဝင်ရောက်ပြီး ကြည့်ရှုနိုင်၊ ဖတ်နိုင်နေခဲ့ပြီ မဟုတ်လား။ ဝိန်းရှုနီရဲ့ အကြောင်းကိုသိချင်သလား။ အဂ်လန်သွားစရာမလိုဘူး။ တစ်ခဏချင်းဆိုသလို အကြောင်းစုံကို ဖတ်နိုင်၊ ကြည့်နိုင်၊နားထောင်နိုင်ခဲ့ပြီလေ။ ဥရောပမှာရှိတဲ့ မိတ်ဆွေတစ်ယောက်ထံ စာထည့်ချင်သလား၊ သို့မဟုတ် သူနဲ့

အတူ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး စကားတွေ ဖောင်ဖွဲ့အောင် ပြောချင်သလား။ နာရီပိုင်းအတွင်းမှာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီ။

ဂလိုဘယ်လ်လိုက်ဖေးရှင်းရဲ့ သားကောင်းတွေအဖြစ် လူတွေဟာ လူတွေနဲ့ စက်ကိရိယာတွေကိုအသုံးပြုပြီး ကမ္ဘာကြီးရဲ့ ရှင်သန်ထမြောက်မှုကို အကျိုးရှိရှိ အသုံးပြုနေနိုင်ခဲ့ပြီ ငါ့တူရေ့။ ငါ့တူအနေနဲ့ အခုချိန်မှာ အသက်ဝဝရှူထားပါ။ နောက်ဆိုရင် အလကားရတဲ့အောက်ဆီဂျင်ဆိုတဲ့ ဝါယောဓာတ်လေထုကိုတောင် ဝယ်ရှူရတော့မယ်နဲ့တူတယ်။ ခေတ်သစ်သိပ္ပံပညာရှင်တွေရဲ့တီထွင်မှု၊ ဆန်းသစ်မှုတွေကတော့ ပြောမကုန်နိုင်လောက်အောင်ကို အံ့ဩဖွယ်အတိနဲ့ ကြီးထွားလာနေခဲ့ပြီ ။ နပိုလီယံ၊ အိုစမာဘင်လာဒင်တို့ရဲ့ ပုံတူတွေနဲ့ စိတ်ဓာတ်တွေကို တီထွင်မှုတွေ မလုပ်နိုင်ပါစေနဲ့လို့ ဆုတောင်းနေရမယ်နဲ့ တူတယ် ။

အေး. ခက်တာက ရုပ်ဝတ္ထုတွေ အဆမတန်တိုးတက်လာနေသလောက် တစ်ဖက်ကလဲ နာမ်ပိုင်းဆိုင်ရာ စိတ်ဓာတ်တွေ စာရိတ္တတွေကလည်း တဖြည်းဖြည်း အိကျပြိုဆင်းလာနေခဲ့ပြီ မဟုတ်လား။ ဒီတော့ ဘာဖြစ်လာသလဲဆိုတော့ လူတွေဟာ လူချင်း လူမမြင်တော့ဘူး။ အစစ်အမှန်တရားတွေကလဲ တဖြည်းဖြည်း ဆိုသလို ပျောက်ဆုံးလာနေခဲ့ပြီပေါ့ကွာ။ ရုပ်ဝတ္ထုဆိုတဲ့ အပေါ်ယံ အရေပြားတွေပေါ် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စတဲ့

အရေပြားဆန်လာတဲ့ ကမ္ဘာကြီးရဲ့ အနာဂတ်ဟာ ရုပ်ဝတ္ထုတွေ တိုးတက်နေသလောက် နာမ်ပိုင်းဆိုင်ရာကိုယ်ကျင့်တရားတွေ၊ တအိအိ ပြိုဆင်းလာတာနဲ့အမျှ ကမ္ဘာကြီးအတွက် မငြိမ်းချမ်းခြင်းရဲ့ တရားခံဖြစ်သလို လူ့ဘဝအဓိပ္ပာယ်ဆိုတာလည်း ...


ကိလေသာချုံထည်တွေနဲ့လွှမ်းခြုံရင်း ကမ္ဘာကြီးရဲ့ ဝမ်းခေါင်းတစ်ခုလုံး အပုပ်နံ့တွေ တထောင်းထောင်း ထနေခဲ့ရတယ် မဟုတ်လား။

ဒီတော့ စစ်ပွဲတွေအကြိမ်ကြိမ်၊ နိုင်လိုမင်းထက်ပြုမူမှုဆိုတဲ့ နယ်နိမိတ်လုယူမှုတွေအကြိမ်ကြိမ်၊ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ပြီး တိုင်းပြည်တစ်ခုရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ၊ အုပ်ချုပ်ခွင့်တွေကို တားဆီးပိတ်ပင်မှုတွေလုပ်ပြီး နောက်ဆုံး အနိုင်ပိုင်းသွားတဲ့ ဖြစ်ရပ်တွေအထိ ဖြစ်လာခဲ့ရတယ်။ ဘယ်သူတီထွင်ပြောဆိုပြီး ကျန်ရစ်တွင်ကျယ်နေခဲ့တဲ့ စကားတစ်လုံးလည်း ဦးလေးမသိဘူး။ ငါတို့နှုတ်ထဲလည်း တိုးနေလောက်ပြီဖြစ်တဲ့ စကားတစ်လုံးကတော့ "**အချစ်နဲ့စစ်မှာ မတရားတာဆိုတာ မရှိဘူးတဲ့**"။ ငါတူတော့ လက်ခံ၊မခံ မပြောတတ်ဘူး။ ဦးလေးအနေနဲ့တော့ လုံးဝကို လက်ခံလို့မရတဲ့ စကားတစ်လုံး ဆိုပါတော့။ ဒါပေမဲ့ ဦးလေး ငယ်ငယ်က ဒီစကားလုံးလေးကိုကိုင်ပြီး သူငယ်ချင်းတွေကို အချစ်အတွက် အနိုင်ပိုင်းခဲ့ဖူးတယ်။

အချစ်မှာ မတရားတာ ရှိ–မရှိဆိုတာ ဦးလေးတို့နိုင်ငံရဲ့ ဟိုယခင်က (**despotic**)သက်ဦးဆံပိုင်စနစ်နဲ့အုပ်ချုပ်ခဲ့တဲ့မင်းတွေရဲ့ အပျိုတော်ရွေးကောက်မှုတွေကို ပြန်ပြီးကြည့်ပေါ့ကွာ။ ထုတ်ပြနေရင် ပြီးတော့မှာမဟုတ်လို့ မြန်မာ့သမိုင်းတွေသာ ရှာပြီးဖတ်ပါလို့ ဦးလေး မှာကြားတိုက်တွန်းပါရစေ။

စစ်နဲ့ပတ်သက်လို့ရော တရားမှု ရှိ–မရှိဆိုတာ ဆန်းစစ်ကြည့်ပါ။ ကမ္ဘာပေါ် ဖြစ်ပွားခဲ့တဲ့ ပထမ–ဒုတိယ ကမ္ဘာစစ်ဆိုတဲ့ စစ်ပွဲတွေရဲ့ အခြေခံဇာစ်မြစ်ကို လိုက်ကြည့်ပါ။ စူးအက်တူးမြောင်း၊ အရှေ့အလယ်ပိုင်း၊ အီရန်–အီရတ်၊ အမေရိကန်–အီရတ်၊ အမေရိကန်–ဗီယက်နမ်၊ အာရပ်–အစ္စရေး၊ အစ္စရေး–ပါလက်စတိုင်း စတဲ့စစ်ပွဲတွေရဲ့ အခြေခံဇာစ်မြစ်ကို လိုက်ကြည့်ပါ။ ကိုယ့်အကျိုးကိုယ် ရှေးရှုပြီး ဖြစ်ခဲ့တဲ့ စစ်ပွဲတွေပဲ မဟုတ်လား။ တရားမျှတမှုဆိုတာ မရှိပါဘူး။ အဓိကတော့ နိုင်လိုမင်းထက်သဘော၊ ယုတ်မာတဲ့သဘောနဲ့ စတင်တိုက်ခိုက်ခဲ့တဲ့နိုင်ငံတွေဟာ လုံးဝ တရားမျှတမှု မရှိပါဘူး။

မကြာခင်ကမှ ဖြစ်သွားခဲ့တဲ့ စက်တင်ဘာနိမိတ်ဆိုးကြီးဖြစ်တဲ့ (WTC) ဆိုတဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံကြီးကို အစွန်းရောက်သမားတွေရဲ့ ကျူးကျော်တိုက်ခိုက်မှုဟာ တရားသလား၊ အမေရိကန်အနေနဲ့ရော ဒီကိစ္စနဲ့



ပတ်သက်လို့ သက်သေအထောက်ထားအခိုင်အလုံ မရှိဘဲ အာဖဂန်ကို ပြန်လည်တိုက်ခိုက်မှုကရော တရားရဲ့လား။ တရားမှု၊ မတရားမှုဆိုတာထက် အပြစ်မဲ့ပြည်သူလူထု သန်းပေါင်းများစွာရဲ့အသက်တွေ စတေးခဲ့ရပြီး လက်ခြေအင်္ဂါကျိုးပဲ့ခြင်း၊ အနေဆင်းရဲ၊ အစားဆင်းရဲခြင်း စတဲ့ စစ်ရဲ့အနိဋ္ဌာရုံဆိုးကျိုးတွေကိုတော့ ဒုက္ခလှလှခံစားခဲ့ရတယ် မဟုတ်လား။ ဒါတွေဟာ စစ်မှန်တဲ့ စစ်ရဲ့တရားမျှတမှုကြောင့် ရရှိလိုက်တဲ့ အကျိုးတွေဆိုရင်တော့ ဦးလေးအနေနဲ့ စစ်ဆိုတာကြီးကို တူးတူးခါးခါး ငြင်းပယ်ရင်း ဘယ်လိုမှ လူသားမဆန်တဲ့လုပ်ရပ်ပဲလို့ သတ်မှတ်ရမှာပဲ ငါ့တူရေ .။

ဒါတွေဟာ တမြည့်မြည့် နိမ့်ဆင်းပြိုကျလာနေတဲ့ စာရိတ္တမဏ္ဍိုင်ယိုင်နဲ့မှုတွေ မဟုတ်လား။ အရေပြားဆန်လာတဲ့ကမ္ဘာကြီးရဲ့အနာဂတ်ဟာ ရုပ်ဝတ္ထုတွေ တိုးတက်နေသလောက် နာမ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်တရားတွေ၊ တအိအိ ပြိုဆင်းလာတာနဲ့အမျှ ကမ္ဘာကြီးအတွက် မငြိမ်းချမ်းခြင်းရဲ့ တရားခံဖြစ်သလိုလူ့ဘဝအဓိပ္ပာယ်ဆိုတာလည်း တဖြည်းဖြည်း ပျောက်ဆုံးလာတော့မှာကိုတွေးတောရင်း ဦးလေးတော့ ခေါင်းထဲ မူးဝေဝေဖြစ်လာတော့တယ် ငါ့တူရေ .။ ။

အခန်း - ၁၃

# ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်

အောင်မြေဖြစ်တဲ့ ဦးလေးတို့ရွာလေးဟာ
ကျေးလက်ဒေသရဲ့
ဓလေ့ထုံးတမ်းတွေဖြစ်တဲ့
ယဉ်ကျေးမှုအမွေအနှစ်တွေကို
ထိန်းသိမ်းရင်း
ခေတ်အမီကြီး မဟုတ်သော်ငြား
ခေတ်နောက်ကျပြီး
ကျန်မနေရစ်ဘူး မဟုတ်လား။
ပညာတတ်တွေ
မွေးထုတ်ပေးနေတယ်ဆိုတာလည်း
ငါ့တူသိတဲ့အတိုင်း
လောကီနယ်ပယ်မှာဆိုရင်လည်း
ဘွဲ့ရပညာတတ်တွေ တစ်ပုံတစ်ပင်ကြီး

ငါတို့ရွာ ဒီနေ့ ဦးလေး သတင်းစာကောက်ကိုင်လိုက်တော့ တိပိဋကရွေးချယ်ရေးအဖွဲ့ကြီး အောင်စာရင်းထုတ်ပြန်မှုစာမျက်နှာတွေ့လိုက်တော့ ကောက်ဖတ်ဖြစ်လိုက်တယ်။ အဲဒီအထဲမှာ ဦးလေးတို့ရပ်ရွာရဲ့ သာသနာ့အာဇာနည်ရဟန်းတော်သုံးပါး အောင်ဂေဇက်ထဲပါတော့ ဦးလေးဖြင့် ဝမ်းသာလို့မဆုံး ကြွားလုံးတွေ ထုတ်ခဲ့လိုက်တယ်။ ရွာမရောက်တာ ကြာပြီဖြစ်ပေမယ့် ရွာဦးကျောင်းက ဆရာတော်ဘုရားကိုတော့ ဒီကနေပဲ နေ့စဉ်နဲ့အမျှ ကျန်းမာစေဖို့ ဆတက်တိုးသာသနာအကျိုးကိုဆောင်ရွက်နိုင်စေဖို့ ဆုတောင်းမေတ္တာတွေ ပို့သနေခဲ့တယ် ။ ငါတို့သိတဲ့ အတိုင်းပဲ ဆရာတော်ဘုရားရဲ့ လက်ထက်မှာ တိုးတက်များပြားအောင်မြင်မှုတဖွားဖွားနဲ့ ရပ်ရွာဂုဏ်ကို မြှင့်တင်ပေးနေတဲ့ သာသနာ့အာဇာနည် ရဟန်းတော်တွေဟာ နေရာအနှံ့အပြားမှာ ပရိယတ္တိစာပေကို သင်ယူကြရင်း သာသနာပြုနေတာ မနည်းမနော မဟုတ်လား။ ဆရာတော်ရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စတဲ့ မွှေးရနံ့တွေဟာလည်း အခြားအခြားသော ရပ်ရွာတွေအထိ ပျံ့သင်းနေခဲ့တယ် မဟုတ်လား။

ဒီတစ်ပတ်တော့ ရင်ထဲအထိ ရိုက်ခတ်လာတဲ့ ရွာလေးရဲ့ ဂုဏ်သတင်းတွေကို တစိမ့်စိမ့် တွေးနေရင်း ပီတိစိတ်တွေ တဖွားဖွားဖြစ်ခဲ့တာကြောင့် ဒီစာလေးကို ငါတို့ထံ ရေးသားလိုက်ရတယ်ပေါ့ကွာ။ ကိုယ့်ရပ်ရွာ၊ ကိုယ့်ဆရာတော်တွေရဲ့ ဂုဏ်တွေကို ရေးမယ်ဆိုတော့ ကိုယ့်ဂုဏ်ကိုယ်ဖော်မသူတော် ဖြစ်နေရင်တောင် မသူတော်ကြီးအနေနဲ့ ငါတို့ထံ .သူတော်ကောင်းတွေရဲ့ရနံ့တွေ တစိမ့်စိမ့် စီးဝင်ရင်း တမြည့်မြည့်ရင်ထဲမှာ ဝမ်းသာကြည်နူးဖြစ်မိတာကြောင့်

ဒီစာလေးကို ရေးဖြစ်သွားမိပါကြောင်း ထပ်လောင်းပြီး ပြောလိုက်ပါရစေ ငါ့တူရေ။

ဦးလေးတို့ရွာဆိုတာကလည်း ငါ့တူသိတဲ့အတိုင်း အိမ်ခြေဆိုလို့ (၁၅၀)လောက်သာရှိပြီး အလွန်ခေါင်တဲ့ တောရွာလေးမျှသာ ဖြစ်တယ်မဟုတ်လား။ အောင်မြေဖြစ်တဲ့ ဦးလေးတို့ရွာလေးဟာ ကျေးလက်ဒေသရဲ့ ဓလေ့ထုံးတမ်းတွေဖြစ်တဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းရင်း ခေတ်အမီကြီး မဟုတ်သော်ငြား ခေတ်နောက်ကျပြီး ကျန်မနေရစ်ဘူး မဟုတ်လား။ ပညာတတ်တွေ မွေးထုတ်ပေးနေတယ်ဆိုတာလည်း ငါ့တူသိတဲ့အတိုင်း လောကီနယ်ပယ်မှာဆိုရင်လည်း ဘွဲ့ရပညာတတ်တွေ တစ်ပုံတစ်ပင်ကြီး ရှိနေခဲ့ပြီ။ တစ်ဖက်ကလည်း ဗုဒ္ဓဘာသာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာတွေကို မကွယ်မပျောက်သွားရအောင် ဦးဆောင်ဦးရွက်ပြုနေခဲ့တဲ့ ဆရာတော်ဦးပညာဓမ္မရဲ့ သွန်သင်ဆုံးမမှုတွေကြောင့် လောကုတ္တရာနယ်ပယ်မှာဆိုရင်လည်း သံဃာတော်(၆၀) ကျော်လောက် ပရိယတ္တိ ပဋိပတ္တိဆိုတဲ့ တာဝန်တွေ ကိုယ်စီထမ်းဆောင်နေနိုင်ခဲ့တာယ် မဟုတ်လား။ ပရိယတ္တိဘက်မှာဆိုရင် ဓမ္မာစရိယအောင်မြင်တဲ့ ရဟန်းတွေဟာ (၁၅)ပါးလောက်အထိ ရှိနေခဲ့ပြီမဟုတ်လား။ တိပိဋကစာပြန်ပွဲကြီးတွေမှာဆိုရင်လဲ နှစ်စဉ်လိုလို တစ်ပါးမဟုတ်တစ်ပါး အောင်မြင်နေခဲ့တယ်နော် ဒီနှစ်ဆို နှစ်ပုံကျော်လာတဲ့ အရှင်ဝါသေဋ္ဌာလင်္ကာရ၊ နှစ်ပုံလုံးလုံးပြီးသွားတဲ့ အရှင်ပညာဝံသာလင်္ကာရ၊ ဥဘတော ရေးဖြေအောင်တဲ့ အရှင်ဇောတိကသရာလင်္ကာရ-ဆိုပြီး သုံးပါးတောင် အောင်မြင်တယ် မဟုတ်လား။ အခုဆိုရင် နှစ်ပုံ

ရုပ်ရွာကို လွမ်းစိတ်တွေကပိုလို့ လွမ်းစာတွေကို ရေးရင်း ပြုံးစင်သန့်ရှင်းဝင်းပနေတဲ့ ရွာသူရွာသားတွေရဲ့ အပြစ်ကင်းစင်တဲ့ မျက်နှာလေးတွေကို မြင်ရောင်နေမိတယ် ငါ့တူရေ။ ရုပ်ဝတ္ထုတွေနဲ့အရောင်တွေ သေးခြယ်ရင်း မြို့ပြရဲ့လူတွေဟာ လောကဓံကို ကြုံကြုံခိုင်ရင်း...



လူငယ်တစ်ယောက်ဖြစ်အောင် ကြိုးစားစေချင်တယ်။ ဦးလေးလည်း အကြွေးတွေ တင်နေခဲ့တယ်။ ရွာမှာ စာကြည့်တိုက်လေးဖွင့်ဖို့ပြောထားတာ အခုအထိကို အထမမြောက်သေးဘူး။ တက္ကသိုလ်ဆရာဖြစ်နေတဲ့ တင်ဝင်းနိုင်တို့ ကျော်စိုးတို့နဲ့လည်း ထပ်ပြီး မတွေ့ဖြစ်သေးဘူး။ သူတို့နဲ့တွေ့ပြီး တိုင်ပင်ပြီးရင်တော့ အကောင်အထည်ဖော်ဖြစ်အောင် ကြိုးစားရဦးမယ်ပေါ့ကွာ။ အခုတော့ မြို့ပြလူနေမှုဘဝမှာ အံဝင်ခွင်ကျနေနိုင်ဖို့ ကြိုးစားနေရတယ်။

ကဲ . ကိုယ့်ရပ်ရွာ၊ ကိုယ့်လူတွေ၊ ကိုယ့်ရဟန်းသံဃာတော်တွေရဲ့ ဂုဏ်တွေကို ထုတ်ဖော်ပြီး ရေးနေမိလို့ မသူတော်ကြီး ဖြစ်နေရင်တောင် ဖြစ်ပါစေတော့ ငါ့တူရေ။ အခုတော့ မသူတော်ကြီးရဲ့ ရပ်ရွာလွမ်းစိတ်တွေနဲ့ ငါ့တူထံကို ဒီစာလေးရေးရင်း အလွမ်းတွေ ဖြေလိုက်ရတယ်။ ငါ့တူနဲ့တကွ ရွာဦးကျောင်းဆရာတော်၊ ရွာသူရွာသားအားလုံးကို သတိရကြောင်းနဲ့၊ ကျန်းမာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါတယ်။ ။

ပြီးသွားတဲ့ ရဟန်းတော် သုံးပါးအထိရှိလာခဲ့ပြီး ရပ်ရွာအတွက်အောင်ပန်းတွေခူး ဆွတ်နေလိုက်ကြတာ ဘယ်လောက်တောင် အားရစရာကောင်းလိုက်သလဲဆို တာ ငါ့တူစဉ်းစားကြည့်ပေါ့။ အဲဒီလောက် ရွာအငယ်လေးကနေ အောင်မြင်မှုတွေ ဖူးပွင့်ဝေဆာနေတာ ဦးလေးဖြင့် ကိုယ့်ဂုဏ်ကိုယ်ဖော်လို့ အပြစ်တင်ရင်လည်း တင်ကြပါစေ။ ငါ့တူထံကို စာရေးချင်လွန်းလို့ ရေးသားလိုက်ရပါတယ်။

နွေရာသီကျောင်းပိတ်ရက်တွေမှာဆိုရင် အနယ်နယ်အရပ်ရပ်မှာ စာပေ သင်ကြားနေတဲ့ ရဟန်းသံဃာတော်တွေ ပြန်ကြွလာတဲ့အခါ အဝါရောင်တလွှင်လွှင် ပြိုးပြိုးပြက်ပြက်တောက်ပသစ်လွင်နေတဲ့ ရပ်ရွာရဲ့အလှကိုကြည့်ပြီး ဦးလေးဖြင့် မကြည့်နူးရတာ တော်တော်ကြာပြီပေါ့ကွာ။ ရပ်ရွာကို လွှမ်းစိတ်တွေကဲပိုလို့ လွှမ်း စာတွေကို ရေးရင်း ဖြူစင်သန့်ရှင်းဝင်းပနေတဲ့ ရွာသူရွာသားတွေရဲ့ အပြစ်ကင်းစင် တဲ့မျက်နှာလေးတွေကို မြင်ယောင်နေမိတယ် ငါ့တူရေ။ ရုပ်ဝတ္ထုတွေနဲ့ အရောင်တွေ ဆေးခြယ်ရင်း မြို့ပြရဲ့လူတွေဟာ လောကဓံကိုကြုံကြုံခိုင်ရင်း ဘဝတွေကို ပင်ပန်း တကြီးဆိုသလို ရုန်းကန်ပြေးလွှားနေခဲ့ကြရတယ်။

နေဝင်မိုးချုပ် လယ်တောထဲတကုပ်ကုပ်အလုပ်လုပ်ရင်း ဘဝကို ရုန်း ကန်နေကြရပေမယ့် တောသူတောင်သားတွေရဲ့ ပကတိရိုးသားတဲ့ မျက်ဝန်းအလှ၊ ကောက်ကျစ်မှုကင်းပြီး ရိုးသားလှတဲ့ ဖြောင့်မတ်ပွင့်လင်းနေခဲ့ကြတဲ့ ရွာသူရွာသား တွေရဲ့ နွေအလှကိုကြည့်ဖို့ မရောက်ဖြစ်တာတောင် တော်တော်ကြာခဲ့ပြီ မဟုတ် လား။ အခုဆို ငါ့တူတောင် ခြောက်တန်းကျောင်းသားကြီးတောင် ဖြစ်နေခဲ့ပြီ။ ဘာပဲဖြစ်ဖြစ် ဒီနှစ်နွေရာသီမှာတော့ ဦးလေး အရောက်ပြန်နိုင်ဖို့ ပြင်ဆင်နေခဲ့တယ်။ ရဟန်းသံဃာတော်တွေရဲ့ အဝါရောင်တလွှင်လွှင်နဲ့ သာယာလှပနေတဲ့ ကျေးလက် အလှကို ကြည့်ရှုခံစားဖို့ ဦးလေး ဒီနွေမှာ ပြန်ဖြစ်အောင်ပြန်လာမယ်ဆိုတာ မင်းအဘွားဖြစ်တဲ့အမေလှကိုလည်း ပြောလိုက်ဦးပေါ့။ ဒါနဲ့ မင်းအဘွားနဲ့ အဘိုးတွေ ရော နေကောင်းကြရဲ့လား။ အသက်တွေတောင်(၈၀)ကျော်နေပြီဆိုတော့ ဂရုစိုက် ကြပေါ့ကွာ။

ဦးလေးလည်း ရွာကိုလွှမ်းလွှမ်းနဲ့ရေးနေလိုက်တာ တော်တော်တောင် များသွားပြီ။ ငါ့တူကို တိုက်တွန်းချင်တာကတော့ ရှေ့ဆောင်လမ်းပြဖြစ်တဲ့ ဘွဲ့ရ ပညာတတ်များ၊ ရဟန်းသံဃာတော်များကို အတုယူပြီး ရပ်ရွာအကျိုး ၊ နိုင်ငံအ ကျိုးတွေကို စွမ်းဆောင်နိုင်တဲ့ အနာဂတ်ကို ပခုံးလွှဲတာဝန်ယူနိုင်တဲ့ မျိုးဆက်သစ်

အခန်း - ၁၄

# အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေး

အမျိုးဂုဏ်၊ဇာတိဂုဏ်ဆိုတာတွေဟာ
ငါ့တူတို့လက်ထဲ
တဖြည်းဖြည်း ဝင်ရောက်နေရာယူနေပြီ
မဟုတ်လား။
အဲဒါကို ငါ့တူတို့အနေနဲ့
လူရည်ချွန်ပီပီ
ဆက်လက်ပြီးတော့
လက်ဆင့်ကမ်းတဲ့အနေနဲ့
ကူးပြောင်းတာဝန်ယူနိုင်ဖို့
လိုတယ်ပေါ့ကွာ။




လူငယ်တစ်ယောက်ဖြစ်အောင် ကြိုးစားစေချင်တယ်။ ဦးလေးလည်း အကြွေးတွေ တင်နေခဲ့တယ်။ ရွာမှာ စာကြည့်တိုက်လေးဖွင့်ဖို့ပြောထားတာ အခုအထိကို အထမမြောက်သေးဘူး။ တက္ကသိုလ်ဆရာဖြစ်နေတဲ့ တင်ဝင်းခိုင်တို့ ကျော်စိုးတို့နဲ့လည်း ထပ်ပြီး မတွေ့ဖြစ်သေးဘူး။ သူတို့နဲ့တွေ့ပြီး တိုင်ပင်ပြီးရင်တော့ အကောင်အထည်ဖော်ဖြစ်အောင် ကြိုးစားရဦးမယ်ပေါ့ကွာ။ အခုတော့ မြို့ပြလူနေမှုဘဝမှာ အံဝင်ခွင်ကျနေနိုင်ဖို့ ကြိုးစားနေရတယ်။

ကဲ . ကိုယ့်ရပ်ရွာ၊ ကိုယ့်လူတွေ၊ ကိုယ့်ရဟန်းသံဃာတော်တွေရဲ့ ဂုဏ်တွေကို ထုတ်ဖော်ပြီး ရေးနေမိလို့ မသူတော်ကြီး ဖြစ်နေရင်တောင် ဖြစ်ပါစေတော့ ငါ့တူရေ။ အခုတော့ မသူတော်ကြီးရဲ့ ရပ်ရွာလွမ်းစိတ်တွေနဲ့ ငါ့တူထံကို ဒီစာလေးရေးရင်း အလွမ်းတွေ ဖြေလိုက်ရတယ်။ ငါ့တူနဲ့တကွ ရွာဦးကျောင်းဆရာတော်၊ ရွာသူရွာသားအားလုံးကို သတိရကြောင်းနဲ့၊ ကျန်းမာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါတယ်။ ။

ငါ့တူ၊ ရွာမှာ တော်တော် အေးနေလောက်ရောပေါ့။ ဒီမှာတော့ ဟိုတုန်းကလို မအေးတော့ဘူး။ ဆောင်းဥတုဆိုတာတောင် မရှိသလောက်ဆိုပါတော့ကွာ။ သဘာဝတရားဆိုတာ မမြဲတဲ့သင်္ခါရသဘောတရား မဟုတ်လား။ အဲဒီတော့ အမျိုးမျိုးအဖုံဖုံ ပြုပြင်ပြောင်းလဲနေတာပေါ့။ လူ့ဘာဝဆိုတာ ကလည်းသင်္ခါရတရားရဲ့ ကျေးကျွန်ဖြစ်နေပြန်တော့ တည်မြဲမှုဆိုတာ ရှိမနေဘူး မဟုတ်လား။ ဒီတော့ မမြဲတဲ့ အနိစ္စခန္ဓာကိုယ်ကြီးကို ရရှိပိုင်ဆိုင်ထားတဲ့ ဦးလေးတို့အနေနဲ့ အကျိုးရှိရှိအသုံးချတတ်ဖို့ ဒီတစ်ပတ်ပြောဆိုချင်လို့ ငါ့တူထံ စာရေးလိုက်တယ်။

ဗုဒ္ဓကတော့ လောကမှာ သားသုံးယောက်ရှိကြောင်းဟောထားခဲ့တယ်။ အနုဇာတသား။ အဝဇာတသား။ အတိဇာတသား တဲ့။ အနုဇာတသား ဆိုတာ မိဘထက်အသာကြီးမဟုတ်သော်ငြား မိဘနဲ့တန်းတူလိုက်နိုင်တဲ့သားကို ဆိုလိုတယ်။ အဝဇာတသား ဆိုတာကတော့ မိဘအောက် နိမ့်ကျတဲ့သားကို ဆိုလိုတယ်။ အတိဇာတသား ဆိုတာကတော့ မိဘထက်သာလွန်တဲ့သားကို ဆိုလိုတယ်။ ငါ့တူရော အဲဒီသားသုံးယောက်အနက် ဘယ်အမျိုးအစားထဲ ပါဝင်နေခဲ့သလဲ။ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ကြည့်ပေါ့ကွာ။ ဦးလေးအနေနဲ့ကတော့ အဝဇာတမဖြစ်စေချင်သလို အတိဇာတသား မဖြစ်နိုင်ရင်တောင် အနုဇာတသားဆိုတဲ့ မိဘနဲ့တန်းတူလိုက်နိုင်တဲ့သားလောက်တော့ ဖြစ်စေချင်တယ်။ အတိဇာတသား ဆိုရင်တော့ ဆိုဖွယ်ရာ မရှိဘူးပေါ့။


SUEMYINT

ငါတို့ ရွာမှာ တော်တော် အေးနေလောက်ရောပေါ့။ ဒီမှာတော့ ဟိုတုန်းကလို မအေးတော့ဘူး။ ဆောင်းဥတုဆို တာတောင် မရှိသလောက်ဆိုပါတော့ကွာ။ သဘာဝတရား ဆိုတာ မမြဲတဲ့သင်္ခါရသဘောတရား မဟုတ်လား။ အဲဒီတော့ အမျိုးမျိုးအဖုံဖုံ ပြုပြင်ပြောင်းလဲနေတာပေါ့။ လူ့ဘဝဆိုတာ ကလည်းသင်္ခါရတရားရဲ့ ကျေးကျွန်ဖြစ်နေပြန်တော့ တည်မြဲမှု ဆိုတာ ရှိမနေဘူး မဟုတ်လား။ ဒီတော့ မမြဲတဲ့ အနိစ္စခန္ဓာ ကိုယ်ကြီးကို ရရှိပိုင်ဆိုင်ထားတဲ့ ဦးလေးတို့အနေနဲ့ အကျိုးရှိရှိ အသုံးချတတ်ဖို့ ဒီတစ်ပတ်ပြောဆိုချင်လို့ ငါတို့ထံ စာရေး လိုက်တယ်။

ဗုဒ္ဓကတော့ လောကမှာ သားသုံးယောက်ရှိကြောင်း ဟောထားခဲ့တယ်။ အနုဇာတသား၊ အဝဇာတသား၊ အတိ ဇာတသား တဲ့။ အနုဇာတသား ဆိုတာ မိဘထက်အသာကြီး မဟုတ်သော်ငြား မိဘနဲ့တန်းတူလိုက်နိုင်တဲ့သားကို ဆိုလို တယ်။ အဝဇာတသား ဆိုတာကတော့ မိဘအောက် နိမ့်ကျ တဲ့သားကို ဆိုလိုတယ်။ အတိဇာတသား ဆိုတာကတော့ မိဘထက်သာလွန်တဲ့သားကို ဆိုလိုတယ်။ ငါတို့ရော အဲဒီ သားသုံးယောက်အနက် ဘယ်အမျိုးအစားထဲ ပါဝင်နေခဲ့သလဲ။ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ကြည့်ပေါ့ကွာ။ ဦးလေးအနေနဲ့က တော့ အဝဇာတမဖြစ်စေချင်သလို အတိဇာတသား မဖြစ်နိုင် ရင်တောင် အနုဇာတသားဆိုတဲ့ မိဘနဲ့တန်းတူလိုက်နိုင်တဲ့ သားလောက်တော့ ဖြစ်စေချင်တယ်။ အတိဇာတသား ဆိုရင် တော့ ဆိုဖွယ်ရာ မရှိဘူးပေါ့။



ဘယ်နိုင်ငံ၊ ဘယ်တိုင်းပြည်ကမှ လိုက်မမီနိုင်ဘူးလို့ ဦးလေးတော့ ထင်မိတယ်။ ဥပမာကွာ၊ ဖွံ့ဖြိုးပြီးဖြစ်တဲ့ အနောက်နိုင်ငံတော်တော်များများမှာ အဖေဖြစ်သူ၊ အမေဖြစ်သူဟာ ငါ့သား၊ငါ့သမီးအိမ်သွားပြီး လက်ရေတစ်ပြင်တည်း မြိန်ရေ ရှက်ရေ စားသောက်ချင်တယ်ဆိုရင် အင်မတန် မလွယ်ကူတဲ့အနေထားမှာ ရောက်သွားပြီ။ ဒါတွေဟာ တမြည့်မြည့်လောင်မြိုက်သွားတဲ့ ခေတ်သစ်ယဉ်ကျေးမှုတွေပေါ့ကွာ။ ဦးလေးတို့နိုင်ငံတွေမှာ အဲဒါမျိုးတွေ မရှိသေးဘူး မဟုတ်လား။

ရုပ်ဝတ္ထုတိုးတက်မှုတွေကိုတော့ ခေတ်ကြီးရဲ့တောင်းဆိုမှုအရ လိုက်နိုင်အောင်တော့ကြိုးစားပေါ့ကွာ။ စိတ်ပိုင်းဆိုင်ရာ မြင့်မြတ်မှုတွေကိုတော့ မိမိရဲ့ရိုးရာယဉ်ကျေးမှုအဖြစ် ဆက်လက်ပြီး လက်ဆင့်ကမ်းတာဝန်ယူရင်း မိဘတွေရဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကိုတော့ မြှင့်နိုင်သမျှမြှင့်တင်ပြီး မပပျောက်သွားရအောင် ဆောင်ရွက်သွားနိုင်ပါစေ။ လူ့ဘဝရဲ့ ခဏတာဖြစ်တည်မှုလေးမှာ ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးကို အကျိုးရှိရှိအသုံးချတတ်ဖို့ လိုတယ်။ တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းပြီး မေတ္တာစာတ်တွေသက်ဝင်ဖို့ဆိုတာ တစ်လောကလုံး လိုအပ်နေတဲ့ တရားတွေပေါ့။ ဒါတွေကို မျိုးဆက်သစ်လူငယ်တွေဖြစ်တဲ့ ငါ့တူတို့ရဲ့ စွမ်းဆောင်နိုင်မှုတွေနဲ့ အနာဂတ်ကမ္ဘာသစ်ကြီးကို ဦးဆောင်နိုင်လိမ့်မယ်လို့ ဦးလေးယုံကြည်မိပါကြောင်း။ ။

အခန်း - ၁၅

# လောကကြီးရဲ့ လိုအပ်ချက်

အဓမ္မလောဘဆိုတဲ့
မတရားသဖြင့်
အနိုင်ကျင့်လိုချင်တပ်မက်မှုတွေ
ရှိနေသရွေ့
ဘာသာရေးအယူ အစွန်းရောက်ပြီး
အကြမ်းဖက်တိုက်ခိုက်မှုတွေ ရှိနေသရွေ့
ပါဝါအာဏာကို အသုံးပြုပြီး
သက်ဦးဆံပိုင်စနစ်တွေ
ကျင့်သုံးနေသရွေ့တော့
ကမ္ဘာကြီးဟာ
ငြိမ်းချမ်းရေးအသွင်ကူးပြောင်းရေးအတွက်
တော်တော်ကို လိုအပ်နေခဲ့လိမ့်ဦးမယ်။



ဘယ်နိုင်ငံ၊ ဘယ်တိုင်းပြည်ကမှ လိုက်မမီနိုင်ဘူးလို့ ဦးလေးတော့ ထင်မိတယ်။ ဥပမာကွာ၊ ဖွံ့ဖြိုးပြီးဖြစ်တဲ့ အနောက်နိုင်ငံတော်တော်များများမှာ အဖေဖြစ်သူ၊ အမေဖြစ်သူဟာ ငါ့သား၊ငါ့သမီးအိမ်သွားပြီး လက်ရေတစ်ပြင်တည်း မြိန်ရေ ရှက်ရေ စားသောက်ချင်တယ်ဆိုရင် အင်မတန် မလွယ်ကူတဲ့အနေထားမှာ ရောက်သွားပြီ။ ဒါတွေဟာ တမြည့်မြည့်လောင်မြိုက်သွားတဲ့ ခေတ်သစ်ယဉ်ကျေးမှုတွေပေါ့ ကွာ။ ဦးလေးတို့နိုင်ငံတွေမှာ အဲဒါမျိုးတွေ မရှိသေးဘူး မဟုတ်လား။

ရုပ်ဝတ္ထုတိုးတက်မှုတွေကိုတော့ ခေတ်ကြီးရဲ့တောင်းဆိုမှုအရ လိုက်နိုင်အောင်တော့ကြိုးစားပေါ့ကွာ။ စိတ်ပိုင်းဆိုင်ရာ မြင့်မြတ်မှုတွေကိုတော့ မိမိရဲ့ရိုးရာယဉ်ကျေးမှုအဖြစ် ဆက်လက်ပြီး လက်ဆင့်ကမ်းတာဝန်ယူရင်း မိဘတွေရဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကိုတော့ မြှင့်နိုင်သမျှမြှင့်တင်ပြီး မပပျောက်သွားရအောင် ဆောင်ရွက်သွားနိုင်ပါစေ။ လူ့ဘဝရဲ့ ခဏတာဖြစ်တည်မှုလေးမှာ ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးကို အကျိုးရှိရှိအသုံးချတတ်ဖို့ လိုတယ်။ တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းပြီး မေတ္တာစာတ်တွေသက်ဝင်ဖို့ဆိုတာ တစ်လောကလုံး လိုအပ်နေတဲ့ တရားတွေပေါ့။ ဒါတွေကို မျိုးဆက်သစ်လူငယ်တွေဖြစ်တဲ့ ငါ့တူတို့ရဲ့ စွမ်းဆောင်နိုင်မှုတွေနဲ့ အနာဂတ်ကမ္ဘာသစ်ကြီးကို ဦးဆောင်နိုင်လိမ့်မယ်လို့ ဦးလေး ယုံကြည်မိပါကြောင်း။ ။

"ဦနော လောကော"လို့ ဘုရားရှင် ဟောခဲ့တယ်။ လောကော-လောကကြီးသည်၊ ဦနော-(ယုတ်လျော့)လို နေတယ်။ လောကကြီးဟာ လိုနေတယ်တဲ့။ လောကကြီးဟာ အမြဲတမ်းဆိုသလို လိုနေတယ်တဲ့။ လောကကြီးဟာ ဘာတွေ လိုခဲ့သလဲ။ ဆန်းစစ်ကြည့်ရင်း ဒီတစ်ပတ် ဒီစာလေးကို ရေးလိုက်တယ်ငါ့တူရေ။

ငါ့တူရော ဘာတွေ လိုနေခဲ့သလဲ။ ဦးလေးတော့ လိုအပ်တာတွေ အများကြီးဆိုတော့ ဘာလိုနေတယ်ဆိုတာ ထုတ်တောင် မပြနိုင်ပါဘူး။ အေး ဦးလေးတို့ ငါ့တူတို့ လိုနေသလို လောကကြီးလည်း လိုနေတယ်။

လောကကြီးကတော့ တစ်နေ့တခြားဆိုသလို ကပ်ကြီးသုံးပါးနဲ့ ရင်ဆိုင်နေရတယ်။ သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် ဆိုတဲ့ ကပ်ကြီးသုံးပါးပေါ့။ သတ္တန္တရကပ် ဆိုတာကတော့ လက်နက်ယန္တရားတွေနဲ့ ကမ္ဘာကြီးကို ခြိမ်းခြောက်မှုအန္တရာယ်ပေါ့။ စစ် ဆိုတဲ့ စကားလုံးနဲ့ သုံးလိုက်ရင် ပိုပြီးတော့ ပြည့်စုံသွားလိမ့်မယ် ထင်တယ်။ စစ်ပွဲတွေ တစ်ပွဲပြီးတစ်ပွဲ ဆင်နွှဲနေခဲ့ကြတယ်။ အသေးအကြီး ကွာရုံမျှအပ နေ့စဉ်လိုလို ကြားသိနေခဲ့ကြရတယ် မဟုတ်လား။ နျူကလီးယား၊ တိုက်ချင်းပစ်၊ ဒုံးခွင်းဒုံးစတဲ့ လက်နက်တွေကလည်း တစ်နေ့တခြား ထူးဆန်းသထက်ထူးဆန်းအောင် တီထွင်နေခဲ့ကြရင်း အစွမ်းပြပစ်ခတ်နေခဲ့ကြတယ် မဟုတ်လား။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ တစ်အုပ်စုနဲ့တစ်အုပ်စု ပစ်ခတ်ပြီး အပြစ်မဲ့ပြည်သူပေါင်းများစွာ သေကျေပျက်စီး နေလိုက်တာဟာ သတ္တန္တရကပ် ဆိုက်နေတာပေါ့။

ရောဂန္တရကာပ် ဆိုတဲ့ ရောဂါတွေဟာ လက်နက်တွေလို ဆန်းပြားလာတယ် မဟုတ်လား။ အခုဆိုရင် သွေးပျက်ဖွယ် ခြိမ်းခြောက်နေတဲ့ အေ့ဒ်စ်၊ ကြက်ငှက်တုပ်ကွေး၊ ကင်ဆာအမျိုးမျိုးတွေဆိုတဲ့ ရောဂါအဆန်းအပြားတွေဟာ ကမ္ဘာကြီးကို တုန်လှုပ်စေတယ် မဟုတ်လား။ ကမ္ဘာတစ်ဝန်းမှာလည်း ကူးစက်ရောဂါတွေ မပြန့်ပွားရအောင်ဆိုပြီး ကာကွယ်တားဆီးပိတ်ပင်နေခဲ့ကြရတယ်။ ဒါတွေဟာ သဘာဝတရားကြီးကို မလွန်ဆန်နိုင်တဲ့ ရောဂန္တရကာပ် မဟုတ်လား။

ဒုဗ္ဘိက္ခန္တရကာပ် ဆိုတာကတော့ ဆင်းရဲမွဲတေပြီး အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်းဘေးဆိုတဲ့ကပ်ကို ဆိုလိုတယ်။ ဒါဟာ ဖွံ့ဖြိုးဆဲနိုင်ငံတော်တော်များများ အခုအထိ ရင်ဆိုင်နေရသေးတဲ့ ကပ်တစ်ပါးပဲပေါ့။ ဦးလေးတို့နိုင်ငံမှာ ဒါတွေဟာ မသိသာရသေးပေမယ့် အာဖရိကနိုင်ငံတော်တော်များများမှာတော့ ကြောက်မက်ဖွယ် အန္တရာယ်ဘေးဒုက္ခဆိုပါတော့။ အဲဒီတော့ ကမ္ဘာကြီးဟာ လိုအပ်နေတယ်။ ဘာတွေ လိုအပ်နေသလဲဆိုရင် အများကြီးကို လိုအပ်နေတယ်။

တစ်နေ့တခြားဆိုသလို လိုအပ်မှုတွေ တိုးတိုးလာနေခဲ့တယ်။ မေတ္တာဓာတ်တွေ လိုအပ်နေတယ်၊ ကရုဏာဆိုတဲ့ သနားကြင်နာမှုတွေ လိုအပ်နေတယ်၊ အပြန်အလှန် လေးစားယုံကြည်မှုဆိုတဲ့ ဂါရဝ၊ နိဝါတတရားတွေ လိုအပ်နေခဲ့တယ်၊ ကူညီရိုင်းပင်းမှုတွေ လိုအပ်နေခဲ့တယ်၊

> လူကိုလူချင်း မြင်ကြဖို့ လူကိုလူချင်း စာနာထောက်ထားဖို့ လူကိုလူချင်း ချစ်ခင်ကြဖို့ လိုအပ်တယ်။ လူကိုလူချင်း မမြင်နေသမျှကာလပတ်လုံး လောကကြီးတစ်ခုလုံး အနိဋ္ဌာရုံတွေပဲ တွေ့နေခဲ့ရပြီး ဘယ်လိုမှ ငြိမ်းချမ်းနိုင်မှာ မဟုတ်ပါဘူး။

"ဦနောလောကော"လို့ ဘုရားရှင် ဟောခဲ့တယ်။ လောကော–လောကကြီးသည်၊ ဦနော–(ယုတ်လျော့)လို နေတယ်။ လောကကြီးဟာ လိုနေတယ်တဲ့။ လောကကြီးဟာ အမြဲတမ်းဆိုသလို လိုနေတယ်တဲ့။ လောကကြီးဟာ ဘာတွေ လိုခဲ့သလဲ။ ဆန်းစစ်ကြည့်ရင်း ဒီတစ်ပတ် ဒီစာလေးကို ရေးလိုက်တယ်ငါ့တူရေ။

ငါ့တူရော ဘာတွေ လိုနေခဲ့သလဲ။ ဦးလေးတော့ လိုအပ်တာတွေ အများကြီးဆိုတော့ ဘာလိုနေတယ်ဆိုတာ ထုတ်တောင် မပြနိုင်ပါဘူး။ အေး. ဦးလေးတို့ ငါ့တူတို့ လိုနေသလို လောကကြီးလည်း လိုနေတယ်။

လောကကြီးကတော့ တစ်နေ့တခြားဆိုသလို ကပ်ကြီးသုံးပါးနဲ့ ရင်ဆိုင်နေရတယ်။ သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် ဆိုတဲ့ ကပ်ကြီးသုံးပါးပေါ့။ သတ္တန္တရကပ် ဆိုတာကတော့ လက်နက်ယန္တရားတွေနဲ့ ကမ္ဘာကြီးကို ခြိမ်းခြောက်မှုအန္တရာယ်ပေါ့။ စစ် ဆိုတဲ့ စကားလုံးနဲ့ သုံးလိုက်ရင် ပိုပြီးတော့ ပြည့်စုံသွားလိမ့်မယ် ထင်တယ်။ စစ်ပွဲတွေ တစ်ပွဲပြီးတစ်ပွဲ ဆင်နွှဲနေခဲ့ကြတယ်။ အသေးအကြီး ကွာရုံမှအပ နေ့စဉ်လိုလို ကြားသိနေခဲ့ကြရတယ် မဟုတ်လား။ ချူကလီးယား။ တိုက်ချင်းပစ်၊ ဒုံးခွင်းဒုံးစတဲ့ လက်နက်တွေကလည်း တစ်နေ့တခြား ထူးဆန်းသထက်ထူးဆန်းအောင် တီထွင်နေခဲ့ကြရင်း အစွမ်းပြပစ်ခတ်နေခဲ့ကြတယ် မဟုတ်လား။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ တစ်အုပ်စုနဲ့တစ်အုပ်စု ပစ်ခတ်ပြီး အပြစ်မဲ့ပြည်သူပေါင်းများစွာ သေကျေပျက်စီးနေလိုက်တာဟာ သတ္တန္တရကပ် ဆိုက်နေတာပေါ့။

ရောဂန္တရကပ် ဆိုတဲ့ ရောဂါတွေဟာ လက်နက်တွေလို ဆန်းပြားလာတယ် မဟုတ်လား။ အခုဆိုရင် သွေးပျက်ဖွယ် ငြိမ်းခြောက်နေတဲ့ အေ့ဒ်စ်၊ ကြက်ငှက်တုပ်ကွေး၊ ကင်ဆာအမျိုးမျိုးတွေဆိုတဲ့ ရောဂါအဆန်းအပြားတွေဟာ ကမ္ဘာကြီးကို တုန်လှုပ်စေတယ် မဟုတ်လား။ ကမ္ဘာတစ်ဝန်းမှာလည်း ကူးစက်ရောဂါတွေ မပြန့်ပွားရအောင်ဆိုပြီး ကာကွယ်တားဆီးပိတ်ပင်နေခဲ့ကြရတယ်။ ဒါတွေဟာ သဘာဝတရားကြီးကို မလွန်ဆန်နိုင်တဲ့ ရောဂန္တရကပ် မဟုတ်လား။

ဒုဗ္ဘိက္ခန္တရကပ် ဆိုတာကတော့ ဆင်းရဲမွဲတေပြီး အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်းဘေးဆိုတဲ့ကပ်ကို ဆိုလိုတယ်။ ဒါဟာ ဖွံ့ဖြိုးဆဲနိုင်ငံတော်တော်များများ အခုအထိ ရင်ဆိုင်နေရသေးတဲ့ ကပ်တစ်ပါးပဲပေါ့။ ဦးလေးတို့နိုင်ငံမှာ ဒါတွေဟာ မသိသာရသေးပေမယ့် အာဖရိကနိုင်ငံတော်တော်များများမှာတော့ ကြောက်မက်ဖွယ် အန္တရာယ်ဘေးဒုက္ခဆိုပါတော့။ အဲဒီတော့ ကမ္ဘာကြီးဟာ လိုအပ်နေတယ်။ ဘာတွေ လိုအပ်နေသလဲဆိုရင် အများကြီးကို လိုအပ်နေတယ်။


တစ်နေ့တခြားဆိုသလို လိုအပ်မှုတွေ တိုးတိုးလာနေခဲ့တယ်။ မေတ္တာစေတ်တွေ လိုအပ်နေတယ်၊ ကရုဏာဆိုတဲ့ သနားကြင်နာမှုတွေ လိုအပ်နေတယ်၊ အပြန်အလှန် လေးစားယုံကြည်မှုဆိုတဲ့ ဂါရဝ၊ နိဝါတတရားတွေ လိုအပ်နေခဲ့တယ်၊ ကူညီရိုင်းပင်းမှုတွေ လိုအပ်နေခဲ့တယ်၊

> လူကိုလူချင်း မြင်ကြဖို့၊ လူကိုလူချင်း စာနာထောက်ထားဖို့၊ လူကိုလူချင်း ချစ်ခင်ကြဖို့ လိုအပ်တယ်။ လူကိုလူချင်း မမြင်နေသမျှကာလပတ်လုံး လောကကြီးတစ်ခုလုံး အနိဋ္ဌာရုံတွေပဲ တွေ့နေခဲ့ရပြီး ဘယ်လိုမှ ငြိမ်းချမ်းနိုင်မှာ မဟုတ်ပါဘူး။

ငြိမ်းချမ်းရေးတရားတွေ လိုအပ်နေခဲ့တယ်။ ဒီ လိုအပ်မှုတွေကို ဘယ်လို ဖြေရှင်းကြမလဲ။ ကမ္ဘာကြီးကတော့ အဲဒီ လိုအပ်မှုတွေကို ဆာလောင်မွတ်သိပ်စွာနဲ့ တောင်းခံနေခဲ့ပြီ။

ဒါကိုတော့ ငါ့တူတစ်ယောက်တည်းနဲ့ ဖြေရှင်းလို့ရတဲ့ကိစ္စ မဟုတ်ဘူး။ တစ်ကမ္ဘာလုံး ဝိုင်းဝန်းပြီး အဖြေရှာပြီး ဖြေရှင်းကြမှဖြစ်မယ်။ ငါတကော ကောပြီး ကိုယ့်အတ္တကိုယ် ရှေ့တန်းတင်နေသရွေ့၊ အဓမ္မလောဘ ဆိုတဲ့ မတရားသဖြင့် အနိုင်ကျင့်လိုချင်တပ်မက်မှုတွေ ရှိနေသရွေ့၊ ဘာသာရေး အယူအစွန်းရောက်ပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေ ရှိနေသရွေ့၊ ပါဝါအာဏာကို အသုံးပြုပြီး သက်ဦးဆံပိုင်စနစ်တွေ ကျင့်သုံးနေသရွေ့တော့ ကမ္ဘာကြီးဟာ ငြိမ်းချမ်းရေးအသွင် ကူးပြောင်းရေးအတွက် တော်တော်ကို ရှိုအပ်နေခဲ့လိမ့်ဦးမယ်။

အမှန်တရားတွေ၊ ကတိသစ္စာတွေ၊ ကိုယ်ချင်းစာစိတ်တွေ၊ အပြန်အလှန်လေးစား ယုံကြည်မှုတွေ။ ဒါတွေဟာ ကမ္ဘာကြီးရဲ့ တစ်နေ့တခြား တောင့်တလိုအပ်ချက်တွေပေါ့။ မတရားသဖြင့်လိုချင်မှု၊ တပ်မက်မှု၊ မုန်းတီးမှု၊ ရန်လိုမှုတွေရှိနေသရွေ့တော့ ကမ္ဘာကြီးရဲ့မြေမျက်နှာပြင်ဟာ သွေးချောင်းစီးနေဦးမှာပဲ။ အပြစ်မဲ့ပြည်သူထောင်ပေါင်းများစွာဟာလည်း အတိဒုက္ခ ရောက်ကြရဦးမှာပဲ။ သေကျေပျက်စီးကြရဦးမှာပဲ။ ငါ့တူအနေနဲ့ ငြိမ်းချမ်းရေးချိုးဖြူငှက်တစ်ကောင်ဖြစ်အောင် ကြိုးစားပြီး၊ ကမ္ဘာကြီး သာယာလှပအောင် စွမ်းဆောင်နိုင်တဲ့ မျိုးဆက်သစ်လူငယ်တစ်ယောက်ဖြစ်အောင် ကြိုးစားပါလို့ ဦးလေးအနေနဲ့ တိုက်တွန်းလိုက်ပါတယ်။



အဓိကတရားခံဖြစ်တဲ့ လူကိုလူချင်း မြင်ကြဖို့၊ လူကိုလူချင်း စာနာထောက်ထားဖို့ လူကိုလူချင်း ချစ်ခင်ကြဖို့ လိုအပ်တယ်။ လူကိုလူချင်း မမြင်နေသမျှ ကာလပတ်လုံး လောကကြီးတစ်ခုလုံး အနိဋ္ဌာရုံတွေပဲ တွေ့နေခဲ့ရပြီး ဘယ်လိုမှ ငြိမ်းချမ်းနိုင်မှာ မဟုတ်ပါဘူး။

ကမ္ဘာကြီးရဲ့ လိုအပ်ချက်တွေကတော့ အလွန်ကို များပြားလာနေခဲ့ပြီ။ ငါ့တူတို့အနေနဲ့ လူငယ်တွေပီပီ တတ်နိုင်တဲ့ဘက်ကနေ ကြိုးစားပြီး လိုအပ်မှုတွေကို ဖြည့်ဆည်းနိုင်လိမ့်မယ်လို့ ဦးလေး ယုံကြည်မိပါတယ်။ ကမ္ဘာကြီးကတော့ ဒီလိုပဲ လိုအပ်မှုတွေ ဆာလောင်ရင်း ခရီးဆက်နေရဦးမယ်။ ကမ္ဘာကြီးကို ကယ်တင်ဖို့ ဆိုတာ ငါ့တူတို့ မျိုးဆက်သစ်တွေရဲ့ စွမ်းဆောင်နိုင်မှုအပေါ်မှာ အခြေတည်နေတာဖြစ်တဲ့အတွက် ကူညီဖြေရှင်းပေးနိုင်အောင် ကြိုးစားပါလို့ တိုက်တွန်းရင်း ဒီတစ်ပတ်တော့ ဒီမှာပဲ နားလိုက်ဦးမယ် ငါ့တူရေ။ ။

အခန်း - ၁၆

# အောင်မြင်မှုနဲ့ဆုတ်ယုတ်မှု

သိပ္ပံပညာရှင်တွေရဲ့
တီထွင်ဆန်းသစ်မှုတွေကတော့
အံ့မခန်းပဲ မဟုတ်လား။
အဲဒီတော့
အောင်မြင်လာတဲ့
နည်းပညာတွေကတစ်ဆင့်
ဆုတ်ယုတ်မှုဖြစ်တဲ့
ဘေးထွက်ဆိုးကျိုးတွေကလည်း
တန်းစီပြီး
လိုက်လာခဲ့တယ်ပေါ့ကွာ



ငါ့တူရေ . ဟိုတစ်နေ့က သတင်းတစ်ပုဒ် ကြား လိုက်ရတယ်။ တစ်နေ့တခြား ပြောင်းလဲမြန်ဆန်တဲ့ သတင်း မီဒီယာခေတ်ကြီးမှာ သတင်းအသစ်အဆန်းဆိုတာတွေက လည်း အံ့သြစရာတောင် သိပ်မဖြစ်တော့အောင် နည်းပညာ တွေက တစ်နေ့တခြား တိုးတက်ပြောင်းလဲနေခဲ့တယ် မဟုတ် လား။ ဘာတဲ့ . လာမယ့်နှစ်ဆယ့်ငါးနှစ်အတွင်းမှာ တွင်တွင် ကျယ်ကျယ် အသုံးပြုနိုင်တော့မယ့်၊ နောင်တစ်နှစ်လောက် ဆိုရင်တောင် စပြီး စမ်းသပ်အသုံးပြုနိုင်တော့မယ့် ကောင်းကင် ကနေ ပျံသန်းသွားလာနိုင်တဲ့ ကားတွေကို အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားက အင်ဂျင်နီယာတစ်ယောက်ဖြစ်တဲ့ ပေါလ်မို လာဆိုသူက တီထွင်နေခဲ့ပြီတဲ့။ အတော်လေးလည်း အောင် မြင်မှုတွေ ရနေခဲ့ပြီတဲ့။ အဲဒီကားဟာ တစ်နာရီ မိုင်သုံးရာ လောက်တောင် မောင်းနှင်နိုင်မယ်တဲ့ ငါ့တူရေ။

သိပ္ပံပညာရှင်တွေရဲ့ တီထွင်ဆန်းသစ်မှုတွေကတော့ အံ့မခန်းပဲ မဟုတ်လား။အဲဒီတော့ အောင်မြင်လာတဲ့ နည်းပညာ တွေကတစ်ဆင့် ဆုတ်ယုတ်မှုဖြစ်တဲ့ ဘေးထွက်ဆိုးကျိုးတွေ ကလည်း တန်းစီပြီး လိုက်လာခဲ့တယ်ပေါ့ကွာ။ ဦးလေးတို့ ငယ်ငယ်တုန်းက ထန်းသီးတွေကို ဘီးလုပ်ပြီး ဝါးလုံးထိပ် အပေါက်ဖောက်ပြီး မောင်းနှင်ပြေးလွှားရင်း ဆော့ကစားခဲ့ကြ တဲ့ အတိတ်ပုံရိပ်တွေကိုတွေးပြီး လွမ်းဆွတ်မိတယ် ငါ့တူရေ။ အခုအချိန်ဆိုရင် ရွာမှာ ထန်းသီးတွေတောင် သီးနေလောက်ပြီ။ ထန်းသီး မစားရတာတောင် ကြာသွားပြီပေါ့ကွာ။ မင်း ဦးလေး ဌေးမြင့်လည်း ထန်းတက်ပြီး ဘဝဝမ်းစာအတွက် နပန်းလုံးနေ လောက်ပြီနဲ့တူတယ်။

ကဲ . အထက်ကပြောခဲ့တဲ့ကိစ္စကို ပြန်ဆွေးနွေး ကြရအောင်။ ပေါလ်မိုလာရဲ့ အောင်မြင်လာတော့မယ့် တီထွင် ဆန်းသစ်မှုတွေကို ကြုံဆိုရင်း ဦးလေးတို့ရဲ့ ဆွေးနွေးမှုကို အကောင်းဘက်ကရော၊ အဆိုးဘက်ကပါ ယှဉ်တွဲပြီး ဆန်း

စစ်ကြရအောင်။ ဦးလေးတော့ ကောင်းကင်ကြီးကို မော့ကြည့်ရင်း ဇက် ကြောတွေတောင် ကပြောင်းကပြန် ဖြစ်လာတော့မယ် ထင်တယ်။

ပထမဆုံးအနေနဲ့ ကျန်းမာရေးတော့ ထိခိုက်မှု သက်သာသွား မယ်ထင်ပါရဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကားတွေကနေတစ်ဆင့် ထုတ် လွှင့်နေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဆိုတာတွေက လူတွေနဲ့တစ်ပြေးညီ မဟုတ်လေတော့ အသက်ဝဝရှူဖို့ လေကောင်းလေသန့်တွေ ပြန်ရလာ မယ် မဟုတ်လား။ အဲဒီတော့ လေကောင်းလေသန့်တွေ ရှူရတဲ့အတွက် ကျန်းမာရေးလည်း ကောင်းလာမယ်ပေါ့ကွာ။ နောက်တစ်ခုက များပြား လာမယ့် ကားတွေသွားလာတဲ့အခါ ယာဉ်ကြောပိတ်ဆို့မှုတွေ နည်းပါးလာ နိုင်မယ် မဟုတ်လား။ နောက်ပြီး ကမ္ဘာမြေကြီးရဲ့အလှကိုလည်း ကောင်း ကင်ကနေတစ်ဆင့် ကြည့်ရှုခံစားနိုင်မယ် မဟုတ်လား။ ဦးလေး တွေး ကြည့်တယ်။ (ဖြစ်နိုင်ရင်တော့ ကောင်းမယ်ပေါ့ကွာ။) ဓာတ်ဆီ၊ ဒီဇယ် ဆီ၊ ဓာတ်ငွေ့ဆိုတဲ့ တန်ဖိုးကြီးမားတဲ့ ဓာတုဗေဒတွင်းထွက်ပစ္စည်းတွေ အစား ရေနဲ့အစားထိုးပြီး မောင်းနှင်နိုင်မယ့် ယာဉ်တွေများ ပေါ်လာလေဦး မလားပဲ။ အဲဒီအခြေအနေရောက်လာရင်တော့ ဦးလေးလည်း ကိုယ်ပိုင် ကားတစ်စီးလောက်တော့ ဝယ်နိုင်ကောင်းမယ် ထင်ပါရဲ့။

မီးပွိုင့်တွေ၊ လမ်းဆုံတွေ၊ ယာဉ်ထိန်းရဲတွေတော့ ရှိတော့မယ် မထင်ဘူး။ ဘယ်လိုသွားဆောက်ပြီးနေမယ်ဆိုတာ စဉ်းစားလို့ မရသေး ဘူး။ လူတွေအနေနဲ့လည်း ယာဉ်တိုက်မှုဘေးရန်တွေကနေ ကင်းပျောက် လာမယ်ပေါ့။ တစ်နာရီ မိုင်သုံးရာလောက် မောင်းနှင်နိုင်မယ်ဆိုတော့ ခရီးလည်း တွင်ကျယ်မယ် မဟုတ်လား။ နောက်ပြီး မိုးတွင်းဆို အဆင်

ကောင်းကျိုး ဆိုးကျိုးတွေဆိုတာကတော့ ဘာပဲလုပ်လုပ် ဒွန်တွဲလာစမြဲ မဟုတ်လား။ ကောင်းတာတွေပဲ တွေးတောရင်း အနာဂတ်ကမ္ဘာသစ်ကြီးရဲ့ အံ့ဩဖွယ် ဖြစ်ရပ်ဆန်းတွေကို ခံစားကြည့်ရှုကြမယ်ပေါ့ကွာ။

မပြေတဲ့နေရာတွေအတွက်လည်း တော်တော် အသုံးဝင်လာမယ် မဟုတ်လား။ ဥပမာ–မိုးတွင်းခရီးသွားဖို့ တော်တော်ခဲယဉ်းတဲ့ ဦးလေးတို့လို ရွာသူရွာသားတွေအတွက်တော့ တော်တော်အဆင်ပြေလာလိမ့်မယ်ပေါ့ကွာ။ ခက်တာက ဦးလေးအနေနဲ့ နောက်နှစ်ဆယ့်ငါးနှစ်ဆိုတဲ့အချိန်တွေကို ဘယ်လို ဖြတ်သန်းရဦးမယ် မသိဘူး။ တကယ်လို့ မသေသေးရင် ရင်သပ်ရှုမောစွာနဲ့ ကျောင်းကင်မှာ မောင်းနှင်ပျံသန်းနေမယ့် ရောင်စုံခြယ်သထားတဲ့ကားတွေကို စောင့်ကြည့်ချင်သေးတယ် ငါ့တူရေ။

အိုဖုန်းလွှာဆိုတာ ငါ့တူ ကြားဖူးမယ် ထင်တယ်။ အဲဒီကိစ္စကြီးကိုလည်း တိုင်းပြည်အသီးသီးမှာရှိတဲ့ ခေါင်းဆောင်တွေအနေနဲ့ စဉ်းစားပြီး အဖြေရှာနေခဲ့ကြရပြန်တယ်။ အဲဒီ အိုဖုန်းလွှာပါးလာတာနဲ့အမျှ လောကကြီးလည်း အပူဒဏ်တွေနဲ့ ရင်ဆိုင်ရမယ်။ အဓိကအန္တရာယ်ကတော့ စက်ရုံတွေ၊ ကားတွေကနေတစ်ဆင့် ထုတ်လုပ်လိုက်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်တွေ၊အိတ်ဇောငွေ့တွေကနေ တစ်ဆင့် အိုဖုန်းလွှာ ပါးလွှာမှုကို အဓိကအန္တရာယ်ပေးလိမ့်မယ်ဆိုတော့ တစ်ဖက်ကလည်း ဘေးထွက်ဆိုးကျိုးအဖြစ် လူသားတွေအနေ နဲ့ ဒုက္ခလှလှခံစားဖို့ အခုကတည်းက အားတင်းဖို့ လိုတယ်။

နောက်တစ်ခုက ကားဆိုတာ ရုပ်ဝတ္ထုဆိုတော့ အာမခံချက် မရှိဘူး။ သင်္ခါရသဘောကိုလည်း လွန်ဆန်နိုင်မှာ မဟုတ်ဘူး။ အဲဒီတော့ အချိန်မရွေးဆိုသလို ပျက်ကျနိုင်တယ် မဟုတ်လား။ အေး အဲဒီလို မတော်တဆ ပျက်ကျခဲ့မယ်ဆိုရင်တော့ စီးနင်းလိုက်ပါမယ့်လူတွေရဲ့ အသက်ကတော့ မတွေးဝံ့စရာ။ နောက်ပြီး မြေပြင်မှာရှိတဲ့ လူတွေ၊ အဆောက်အအုံတွေကိုလည်း ထိခိုက်နစ်နာလာမယ် မဟုတ်လား။ ဦးလေးအထင်တော့ ကောင်းကင်မှာလည်း မပျံသန်းရဖုန်တွေကို သတ်မှတ်လာလိမ့်မယ် ထင်တယ်။



အသက်အန္တရာယ်တွေကတော့ ပိုမို များပြားလာနိုင်တယ်။ ဘာပဲဖြစ်ဖြစ်ပေ့ါလေ ဦးလေးတို့အနေနဲ့ကတော့ ကြုံဆိုကြရမှာ မဟုတ်လား။ ကောင်းကျိုး ဆိုးကျိုးတွေဆိုတာကတော့ ဘာပဲလုပ်လုပ် ဒွန်တွဲလာစမြဲ မဟုတ်လား။ ကောင်းတာတွေပဲတွေးတောရင်း အနာဂတ်ကမ္ဘာသစ်ကြီးရဲ့ အံ့ဩဖွယ်ဖြစ်ရပ်ဆန်းတွေကို ခံစားကြည့်ရှုကြမယ်ပေ့ါကွာ။ ဒါတွေဆိုတာကလည်း တာမြစ်လို့ရတဲ့ ကိစ္စရပ်တွေမှ မဟုတ်တာ။ အဖြစ်အပျက်ဆိုတဲ့ ကောင်းကျိုး ဆိုးကျိုးတွေကတော့ တစ်နေ့ တခြားဆိုသလို အံ့ဩဘနန်းနဲ့ ပိုမိုနေတော့မယ်ပေ့ါကွာ။

ငှါတူလည်း ထန်းသီးဘီးလေးတွေနဲ့ ဝါးလုံးရှည်ရှည်ကိုတွန်းပြီး ရှာရိုးကိုးပေါက် ဖုန်တထောင်းထောင်းကြားက ပြေးလွှားနေတဲ့ ပုံရိပ်လွှာလေးကို မြင်ယောင်နေမိတယ်ကွာ။ ဦးလေးလည်း အဲဒီအရွယ်က ပြေးလွှားရင်း လဲကျခဲ့တဲ့ နဖူးထိပ်က အမာရွတ်ဆိုရင် အခုအထိတောင် မပျောက်သေးဘူးပေ့ါ။ ဒါကို ကြည့်ရင်း တစ်ကိုယ်လုံး ဖုန်အလိမ်းလိမ်းကပ်ငြိပြီး ရှာရိုးကိုးပေါက်ပြေးလွှားရင်း ဆော့ကစားခဲ့တာကို ဘယ်လိုမှ မေ့ဖျောက်လို့မရပါဘူး ငှါတူရေ။ ဒါနဲ့ မင်းဦးလေးဌေးမြင့်ကိုလည်း သတိရကြောင်းနဲ့ ထန်းတက်တဲ့အခါ သတိ၊ ဝီရိယရှိရှိနဲ့ တက်ပါလို့ ဦးလေး မှာကြားလိုက်ပါတယ်။ ။

အခန်း - ၁၇

# ကဖေးဆိုင်ယဉ်ကျေးမှု

သူတို့လေးတွေဟာ
ရိုးသားတယ်၊ ဖြူစင်တယ်၊ ပွင့်လင်းတယ်၊
ပြောင့်မတ်တယ်။
အေး ခက်တာက
သူတို့လေးတွေမှာ
အနာဂတ် ပျောက်ဆုံးနေခဲ့ကြတယ်။
အဲဒါကို ဦးလေးပြောချင်တာပါ။
သူတို့ထဲက နှစ်ယောက်လောက်ကတော့
ဘွဲ့ရပညာတတ်တွေပါ



ကဖေးဆိုင်ထိုင်ရင်း လူငယ်တွေနဲ့ရင်းနှီးတော့ စကားတွေဖောင်ဖွဲ့ ပြောဖြစ်ကြတယ်။ အဲဒီတော့လည်း လူမျိုးစုံရဲ့ စကားမျိုးစုံတွေကို ကြားခဲ့ရတာပေါ့။ အခု သူတို့လေးတွေထဲက လူငယ်တချို့ရဲ့ တုံ့ပြန်တဲ့စကားတွေကိုကြားရတော့ အားမလိုအားမရဖြစ်မိတာနဲ့ ဒီစာလေးကို ငါ့တူထံ ရေးဖြစ်လိုက်တယ်။ ငါ့တူတို့ရွာမှာတော့ ကဖေးဆိုင်တောင် မရှိသေးဘူးနော်။ ဒီမှာတော့ လမ်းပေါ်မှာရှိတဲ့အိမ်တိုင်းလိုလို ဆိုင်တွေဖြစ်နေခဲ့တယ်။ များသောအားဖြင့်တော့ ကဖေးဆိုင်တွေက ပိုများတယ်။ ဆိုင်တွေပေါများသလို လူမျိုးစုံမရွေး ဆိုင်တိုင်းမှာလိုလို သူ့မိတ်နဲ့သူ အချိန်မရွေးရှိ နေခဲ့တယ်။ အဲဒီတော့ ကဖေးဆိုင်ထိုင်တာလည်း ယဉ်ကျေးမှုတစ်ခုလို ဖြစ်နေခဲ့ပြီ။

ငါ့တူကိုပြောပြရင်တောင် မယုံနိုင်လောက်တဲ့ စကားတချို့ကိုပြောပြချင်တယ်။ ဦးလေးရဲ့ဘော်ဒါလေးတွေ အကြောင်းပေါ့ကွာ။ လူငယ်လေးတွေပါပဲ။ အချိန်ပြည့်လိုလို ဆိုင်မှာတွေ့ရတယ်။ ဦးလေးလည်း ညဘက်အလုပ်အားရင် သွားထိုင်ဖြစ်တယ်ပေါ့။ သူတို့လေးတွေနဲ့လည်း ညစဉ်လိုလို တွေ့ဖြစ်ဆုံဖြစ်ခဲ့တယ်။ ဒီတော့လည်း ညစဉ်လိုလို သူတို့လေးတွေနဲ့ စကားတွေပြောဖြစ်တာပေါ့။ ငါ့တူတို့ဘဝတွေနဲ့တော့ သူတို့လေးတွေရဲ့ ဘဝတွေကတော့ အလွန်ကွာဟလှပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့လေးတွေရဲ့မိဘအသိုင်းအဝိုင်းက ငွေရေးကြေးရေးအင်အားတောင့်တင်းကြတယ်။ ကျောထောက်နောက်ခံတောင့်တင်းတော့ ငွေကိုရေလို သုံးဖြုန်းနိုင်တာပေါ့လေ။

အစကတော့ ဦးလေးလို မွဲခြောက်ခြောက်၊ ပေါင်းနွမ်းနွမ်းနဲ့ အဘိုးဖြစ်စ ဦးလေးကို မတူသလို၊ မတန်သလို

စကားလေးတစ်ခွန်းတောင် ပြန်မဖြေဖို့တောင် တွန့်ဆုတ်နေခဲ့ကြတယ်။ မြင်တာများတော့လည်း ခင်သွားကြတယ်။ ဦးလေးထင်သလို မဟုတ်ပါဘူး။ ဦးလေးက ချမ်းသာတဲ့လူတွေဆိုတော့ စိတ်ကြီးဝင်နေတယ်လို့ ထင်နေတာ။ တကယ်တော့ သူတို့လေးတွေဟာ ရိုးသားတယ်၊ ဖြူစင်တယ်၊ပွင့်လင်းတယ်၊ဖြောင့်မတ်တယ်။ အေး ခက်တာက သူတို့လေးတွေမှာ အနာဂတ်ပျောက်ဆုံးနေခဲ့ကြတယ်။ အဲဒါကို ဦးလေးပြောချင်တာပါ။

သူတို့ထဲက နှစ်ယောက်လောက်ကတော့ ဘွဲ့ရပညာတတ်တွေပါ။ သူတို့လေးတွေဟာ ကွန်ပျူတာကျွမ်းကျင်ကြသလို အင်္ဂလိပ်စာလေးလည်း မဆိုးကြပါဘူး။ သူတို့အဆိုရ ပြည်ပထွက်ပညာရှာဖို့ စိုင်းပြင်းနေခဲ့ကြတယ်။ လူရည်လူသန့်ဖြစ်သလို စိတ်ဓာတ်အားဖြင့်လည်း တော်တော်သဘောထားပြည့်ဝကြတယ်။ မာန်–မာနဆိုတာတောင် မရှိသလောက်ဆိုပါတော့။ ဒီနေရာမှာတော့ သူတို့လေးတွေရဲ့အကြောင်းကို ပြောမပြလိုဘူး။ အနာဂတ်ပျောက်နေတဲ့ လူငယ်လေးတွေရဲ့အကြောင်းကိုပဲ ဦးလေးပြောပြလိုတယ်။

ဆယ်တန်းတောင် တဖုတ်ဖုတ် ကျနေတဲ့ လူငယ်လေးနှစ်ယောက်အကြောင်းကို ဦးလေးပြောပြမယ်။ ဦးလေး သူတို့ကို မေးကြည့်တယ်။ အနာဂတ်ရည်မှန်းချက်တို့၊ အလုပ်အကိုင်တို့အကြောင်းပေါ့။ သူတို့ကတော့ ဘာမှမလုပ်ဘူးဆိုတဲ့အကြောင်း ပြန်ဖြေကြတယ်။ နောက် သူတို့မိဘတွေကပေးတဲ့မုန့်ဖိုးငွေနဲ့ အဆင်ပြေကြောင်း ပြောကြတယ်။ ငါ့တူကို ပြောပြရင်တော့ ယုံမယ်တောင် မထင်ဘူး။ သူတို့နေ့စဉ်သုံးတဲ့ငွေက ၂၅၀၀–ကျပ်အထက်မှာ ရှိတယ်။ ထမင်းစားတာတောင် များသောအားဖြင့် ဆိုင်မှာပဲ စားကြတယ်။ အဲ . သူတို့ ဘာဝါသနာပါ သလဲဆိုရင်တော့ ဘောလုံးပွဲပေါ့။ ဘယ်အချိန်ဖြစ်ဖြစ် ပွဲကောင်း

> ကမ္ဘာသစ်ကြီးကို ငါ့တူတို့လက်ထဲမှာ တောက်တောက်ပပ ဖြစ်စေချင်တယ်။ ဒီတော့ ပညာရှာရမယ့်အရွယ်မှာ ပညာကို ကြိုးစားပြီး ရှာစေချင်တယ်။ ဦးလေးအနေနဲ့တော့ အနာဂတ်ပျောက်ဆုံးနေတဲ့ လူငယ်လေးတွေကို ဆက်လက်တိုက်တွန်းကြည့်ဦးမယ်။

ရင်ကောင်းသလို ကြည့်ကြတယ်။ အိမ်ကလည်း အဆင်ပြေကြတော့ စလောင်းတွေ ရှိကြတယ်။ ဘောလုံးပွဲကတော့ သူတို့ရဲ့ ဓာတ်စာဆိုပါ တော့။ အလောင်းအစားလေးကလည်း ဝါသနာ ထုံသေးတယ်။

ဦးလေးက ပြောတယ်။ အတန်းစာ ဆက်မလုပ်ဖြစ်ရင် တောင် ကွန်ပျူတာတို့၊ အင်္ဂလိပ်စာတို့ ဆက်လုပ်ကြဖို့ တိုက်တွန်း ကြည့်တယ်။ သူတို့ကတော့ ဇဲဒါတွေဟာ အဓိက မကျကြောင်း ပြောကြတယ်။ အခုလို အေးအေးဆေးဆေးနေနိုင်ရင် တော်ပြီဆိုတဲ့ သဘောနဲ့ တုံ့ပြန်ပြီး ပြောဆိုချေပခဲ့ကြတယ်။ ဦးလေးကတော့ ကောင်း စေချင်တဲ့ဆန္ဒတွေနဲ့ တိုက်တွန်းပြောဆိုပေမယ့် လိုက်နာချင်ဟန်တောင် မပြကြဘူး။ ဒါပေမဲ့ ဘောလုံးပွဲနဲ့ပတ်သက်တဲ့ သတင်းတွေကို မေး ကြည့်ရင်တော့ မသိတာ မရှိသလောက်ဆိုပါတော့။ သူတို့လက်ထဲမှာ လည်း နေ့စဉ်တိုင်းလိုလို ဂျာနယ်တစ်စောင်လောက်ကတော့ ရှိနေခဲ့ တယ်။ သူတို့အဆိုပြောရရင် အားကစားဂျာနယ်သာလျှင် ဖတ်စရာ ဖြစ်ကြောင်း ထင်နေခဲ့ကြတယ်။

ဦးလေးကတော့ သူတို့ရဲ့အနာဂတ်ကိုမျှော်ပြီး ရင်လေးမိတာ နဲ့ အမျိုးမျိုးအဖုံဖုံ တိုက်တွန်းကြည့်ပါတယ်။ ဒါပေမဲ့လည်း သဲထဲ ရေသွန်သလို အချည်းနှီးသာ ဖြစ်တယ်။ ဦးလေးတိုက်တွန်းတာက ပညာဆက်ရှာဖို့၊ အလုပ်လည်းလုပ်ကြဖို့၊ အခြားခြားသော စာပေတွေ ကိုလည်းဖတ်ဖို့ တိုက်တွန်းကြည့်တာပါ။ အဆင်မပြေတော့လည်း ဘယ်တတ်နိုင်မှာလဲ။ ကိုယ့်သားလည်း မဟုတ်၊ ကိုယ့်အမျိုးလည်း မဟုတ်တော့ ဦးလေးလည်း ဘာ ဆက်ပြောလို့ရမှာလဲ မဟုတ်ဘူး လား။ သူတို့ကို အပြစ်တင်ချင်လို့ ပြောနေတာလည်း မဟုတ်ပါဘူး။ ဦးလေးအနေနဲ့ကတော့ သူတို့လေးတွေရဲ့အနာဂတ်ကိုတွေးပူလို့ ပြောရ တာပါ။ ဦးလေးကသာ တွေးပူနေတာပါ။ သူတို့ကတော့ နည်းနည်း မှတောင် ခေါင်းထဲထည့်ဟန် မပြကြဘူး။

ငါ့တူတို့က ကျောင်းပိတ်လို့ အားလပ်ရက်ရရင်တော့ ပုဆိုး တိုတိုဝတ်ပြီး နွားနှစ်ကောင်ဆွဲ လယ်တောထဲ ဆင်းနေခဲ့ကြရတယ် မဟုတ်လား။ ဒါကတော့ အဆင့်အတန်း ကွာခြားချက်ဆိုပေမယ့် ဘဝပေးကွာဟချက်ပေါ့လေ။ ဦးလေးအနေနဲ့ သူတို့ကိုပြောချင်တာက တော့ အပျောင်းချည်းစားပြီး ဘဝကို အချိန်မကုန်စေချင်တာပါ။ ငါ့ တူ နားရှုပ်သွားပြီလား။ အပျောင်းဆိုတာ အတိတ်က လုပ်ခဲ့တဲ့



ကံကြောင့် အခုပစ္စုပ္ပန်မှာအခုလို ပြည့်ပြည့်စုံစုံ နေနိုင်ပြီး သွားချင်ရာ သွားနိုင်၊ လုပ်ချင်ရာ လုပ်နိုင်၊ နေချင်ရာ နေနိုင်၊ စားချင်ရာ စားနိုင်၊ ဝတ်ချင်ရာ ဝတ်နိုင်နဲ့ ဘာမှမပူပင်ရတာကိုပြောတာပါ။ လာမည့်အနာဂတ်မှာလဲ အခုလို အပေါင်းဆိုတာတွေပြန်စားနိုင်ဖို့ အခုလက်ရှိဘဝမှာ ကိုယ်စွမ်းကိုယ်စနဲ့ ဘဝကို ရပ်တည်နိုင်အောင် ကြိုးစားရင်း တစ်ဖက်ကလည်း လူသားကောင်းကျိုးပြုအလုပ်တွေ လုပ်နိုင်အောင်လုပ်စေချင်တဲ့ ရည်ရွယ်ချက်ပေါ့လေ။

ငါ့တူလည်း မကြာခင်မှာ တက္ကသိုလ်ကျောင်းသားဘဝကို ရောက်လာတော့မယ်။ တက္ကသိုလ်ကျောင်းသားဘဝမရောက်ခင် ပညာရေးနယ်ပယ်ကနေဆုတ်ခွာသွားမှာကို ဦးလေး စိုးရိမ်မိတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ငါ့တူတို့ရဲ့လက်ထဲမှာ မကြာခင် ပြိုင်ဆိုင်မှုတွေနဲ့ ကမ္ဘာသစ်ကြီးကတော့ လွှဲပြောင်းတာဝန်ယူခံဖို့ စောင့်ဆိုင်းနေခဲ့ပြီ။ ကမ္ဘာသစ်ကြီးကို ငါ့တူတို့လက်ထဲမှာ တောက်တောက်ပပဖြစ်စေချင်တယ်။ ဒီတော့ ပညာရှာရမယ့်အရွယ်မှာ ပညာကို ကြိုးစားပြီး ရှာစေချင်တယ်။ ဦးလေးအနေနဲ့တော့ အနာဂတ်ပျောက်ဆုံးနေတဲ့ လူငယ်လေးတွေကို ဆက်လက်တိုက်တွန်းကြည့်ဦးမယ်။ ငါ့တူရဲ့အနာဂတ်လမ်းဟာ ဖြောင့်တန်းပါစေလို့ ဦးလေးဆုတောင်းပေးပါတယ်။ ဖြောင့်တန်းတည့်မတ်စွာနဲ့ ခရီးကို ရှက်လွှင့်ထွက်ခွာနိုင်အောင်လည်း ကြိုးစားစေချင်တယ်။ အနာဂတ်ဆိုတာ ပျောက်ဆုံးသွားတာနဲ့ဘဝဟာလည်း တောက်ပြောင်လာမှာ မဟုတ်ဘူးလို့ ဦးလေး မှာကြားလိုက်ပါရစေ ငါ့တူရေ။ ။

အခန်း - ၁၈

# အလုပ်နဲ့ သက်သေပြပါ

ကိုယ့်ကိုယ်ကိုယ် နာမည်ကြီးဖို့ဆိုပြီး
လူတွေကို
နည်းအမျိုးမျိုး၊ မာယာအဖုံဖုံနဲ့လှည့်စားပြီး
မှိုင်းတိုက်နေခဲ့ကြတဲ့လူတွေ
တော်တော်များများ
ပေါ်လာနေခဲ့တယ်။
ဘိုးတော်၊ မယ်တော်၊ ရသေ့၊
ဘာဘုန်းကြီး၊ ညာဘုန်းကြီး
ဆိုတာတွေပေါ့



"နာမည်ကြီးဖို့ဆိုတာ လုပ်ယူလို့ မရဘူး။ ကိုယ်လုပ်တဲ့ လုပ်ရပ်နဲ့တိုင်းတာခံရပြီး ပတ်ဝန်းကျင်က အသိအမှတ်ပြုပေးမှာ ဖြစ်တယ် " ဦးလေးငယ်ငယ်က ရွာဦးကျောင်းဆရာတော် အမြဲဩဝါဒပေးလေ့ရှိတဲ့ စကားတစ်လုံးပေါ့။ ဦးလေးတော့ အခုအထိကို နားထဲကြားယောင်နေခဲ့ပြီး နှလုံးအိမ်အထိ စွဲမြဲနေခဲ့တဲ့ စကားတစ်လုံးဆိုရင်လည်း မမှားဘူးပေါ့ကွာ။ အခု ဒီစကားလေးနဲ့ပတ်သက်ပြီး ခေါင်းထဲရောက်လာတာနဲ့ ငါ့တူထံ စာရေးလိုက်ပြန်တယ်။ ငါ့တူ နေကောင်းတယ်နော်။ ဦးလေးတော့ နာစေးချောင်းဆိုးတွေ ဖြစ်နေခဲ့တယ်။ ကျန်းမာရေး ဂရုစိုက်တဲ့ကြားက ဖြစ်လာတယ်ပေါ့ကွာ။ ညကအိုက်တာနဲ့ လေပန်ကာ ခံလိုက်လို့လား မပြောတတ်ပါဘူး။ ရုပ်တရားကြီး ရလာတော့လည်း ဒီလိုပါပဲ၊ ဖောက်ပြန်ပျက်စီးနေဦးမှာပဲ မဟုတ်လား။ ကဲ . ထားလိုက်ပါတော့၊ ရှေ့ဆက်ကြရအောင်။ ဒါနဲ့ ပြောချင်တာ မပြောလိုက်ရဘဲ ဖြစ်နေဦးမယ်။

အချိန်နဲ့အမျှ နှစ်ကာလတွေကတော့ တရွေ့ရွေ့ ကုန်ဆုံးလွန်မြောက်နေခဲ့ပြီ။ ဦးလေးတို့အသက်အရွယ်တွေတောင် တစ်နေ့တခြားဆိုသလို ကြီးနေခဲ့ပြီ။ ဒီတော့ အတွေ့အကြုံတွေများသလို အသိဉာဏ်တွေလည်း တိုးပွားနေခဲ့တယ်ပေါ့။ ရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ ဘဝတွေကနေ အဖြစ်အပျက်တွေကို သင်ခန်းစာယူပြီး ဆက်လက်ရှက်လှှင့်ထွက်ခွာနေရတယ်ပေါ့။ ပူလောင်မှုတွေ များပြားခဲ့တော့ အရေခွံတွေလည်း ထူလာခဲ့ပြီပေါ့ကွာ။

ကဲ . အထက်ကကဏ္ဍကို ပြန်ဆက်ကြရအောင်။ ဦးလေး ဒီစာလေးရေးဖို့လုပ်တော့ ခေါင်းစဉ်က "အလုပ်နဲ့ သက်သေပြပါ" ဆိုပြီး ခေါင်းထဲရောက်လာတယ်။ လူ့ဘဝမှာ လူ့အဖြစ် ရပ်တည်ရှင်သန်နေဆဲ ခဏမှာ တန်ဖိုးရှိတဲ့လူသားတစ်ယောက်ဖြစ်ဖို့လိုတယ် မဟုတ်လား။ တန်ဖိုးရှိတဲ့လူသားတစ်ယောက်ဖြစ်ဖို့ဆိုတာကလည်း ကိုယ်လုပ်တဲ့ လုပ်ရပ်တွေနဲ့သက်သေပြနိုင်ရမလို ပတ်ဝန်းကျင်ကလည်း ကိုယ်လုပ်တဲ့ လုပ်ရပ်တွေနဲ့ပဲ ကိုယ့်ဘဝကို ဆုံးဖြတ်ပေးပြီး တိုင်းတာကြမယ် မဟုတ်လား။

အခုဖြစ်နေတာက ကိုယ့်ကိုယ်ကိုယ် နာမည်ကြီးဖို့ ဆိုပြီး လူတွေကို နည်းအမျိုးမျိုး၊ မာယာအဖုံဖုံနဲ့လှည့်စားပြီး မှိုင်းတိုက်နေခဲ့ကြတဲ့လူတွေ တော်တော်များများ ပေါ်လာနေခဲ့တယ်။ ဘိုးတော်၊ မယ်တော်၊ ရသေ့၊ ဘာဘုန်းကြီး၊ ညာဘုန်းကြီးဆိုတာတွေပေါ့။ ဟိုမှာ ကြားရ ဒီမှာ ကြားရ မဟုတ်လား။ နာမည်ကြီးဖို့တစ်ခုတည်းနဲ့ အမျိုးမျိုးအဖုံဖုံ အယုံသွင်းပြီး၊ လှည့်စားတတ်သူတစ်ယောက်ရဲ့ ဘဝ နိဂုံးကလည်း ဘယ်လိုမှ ဖြောင့်ဖြူးနေမှာ မဟုတ်ပါဘူး။ ငါ့တူလည်း ကြားနေခဲ့ပြီး ဖြစ်ပါလိမ့်မယ်။ အဖြစ်မှန်တွေပေါ်ပြီး အရှက်တကွဲ အကျိုးနည်းဖြစ်သွားရတဲ့ ပုဂ္ဂိုလ်တွေဆိုတာတွေ တစ်ယောက်ပြီး တစ်ယောက်ဆိုသလို ပေါ်ထွက်လာနေခဲ့တယ် မဟုတ်လား။

ငါ့တူအနေနဲ့လည်း တဖြည်းဖြည်း လူလားမြောက်ပြီး လူ့ဘဝကြီးကို ချီတလှည့် ခါးတလှည့် ဆိုသလို ရင်ဆိုင်ဖြတ်သန်းနေရဦးမယ် မဟုတ်လား။ အဲဒီလို ရင်ဆိုင်ဖြတ်သန်းတဲ့အခါ အထက်ကပြောခဲ့သလို နာမည်ကြီးဖို့တစ်ခုတည်းနဲ့ လူတွေကို အမျိုးမျိုးအဖုံဖုံ မှိုင်းတိုက်ပြီး မာယာထောင်ချောက်တွေနဲ့ မဖြားယောင်းဖို့၊ မသိမ်းသွင်းဖို့ ဦးလေးမှာချင်တာပါ။ အဲဒီတော့ အလုပ်နဲ့ သက်သေပြနိုင်အောင်ကြိုးစားရမယ် မဟုတ်လား။ ဘာတွေလုပ်ရမလဲဆိုတော့ ကိုယ့်ဘဝရဲ့ တိုးတက်ရာတိုးတက်ကြောင်းအလုပ်တွေ လုပ်ရမှာဖြစ်သလို အများကောင်းကျိုးဆိုတာတွေလည်း တတ်နိုင်သမျှ လုပ်နိုင်အောင် ကြိုးစားရမယ်ပေါ့။ ဒီတော့ ငါ့တူတို့အနေနဲ့ ဘယ်လောက်အလုပ် လုပ်နိုင်မလဲ၊ ဘာတွေလုပ်မလဲဆိုတာကို စောင့်ကြည့်ရမယ်ပေါ့။ ဒါမှသာလျှင် ပတ်ဝန်းကျင်က ကိုယ့်ဘဝကို တန်ဖိုးရှိတဲ့ လူသားတစ်ယောက်ဖြစ်၊ မဖြစ် ဆုံးဖြတ်ပေးမှာ ဖြစ်တယ်။

> ဘာသာရေးခုတုံးလုပ်ပြီး နာမည်ကြီးဖို့ လျှောက်လုပ်ပြီး မှိုင်းတိုက်နေတဲ့ လုပ်ရပ်တွေကိုတော့ ခွံတွန်းလှန်သွားဖို့ ဘယ်တော့မှ နောက်ဆုတ်ပေးမှာ မဟုတ်ဘူး။ ထေရဝါဒအစစ်အမှန်နဲ့ ကမ္ဘာမှာ ဂုဏ်ယူဝင့်ကြွားရပ်တည်နေနိုင်တာဟာ ဦးလေးတို့ မြန်မာနိုင်ငံပဲ…

ဦးလေး ဒီစာလေးမရေးခင် ဂျာနယ်တစ်စောင် ကောက်ဖတ်ဖြစ်လိုက်သေးတယ်။ ဂမ္ဘီရနည်းမျိုးစုံနဲ့ လူတွေရဲ့အသိအမြင်တွေကို မဖော်ပေးတဲ့ အပြင်၊ အမြင်မှား၊ အသိမှား၊ အယူမှားအောင် မှိုင်းတိုက်နေခဲ့တဲ့ စာတွေ ဖတ်ခဲ့ရတယ်။ ဦးလေးအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်လို့ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းမှာ တော်တော်များများ ရေးသားခဲ့ဖူးတယ်၊ ပြဿနာတွေလည်း တော်တော်များများ တက်ခဲ့ဖူးတယ်။ နောက်ဆုံးကွာ၊ ကုန်ကုန်ပြောရရင် ဂျာနယ်တစ်စောင်က အယ်ဒီတာက သူ့ဂျာနယ်ထဲမှာ ဦးလေးရေးမယ့် စာမူတွေ နောက်နောင် အသုံးမပြုတော့တဲ့ အကြောင်း၊ သူ့ဂျာနယ်ထဲကနေ တရားဝင်ကြေညာချက်တွေတောင် ထုတ်တော့တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဂျာနယ်ထဲက ဆောင်းပါးကို ဝေဖန်လို့တဲ့လေ။ ကဲပါ။ ဒါတွေ ထားလိုက်ပါတော့။ ဒါနဲ့ လိုရင်းမရောက်ဘဲ ဖြစ်နေဦးမယ်။

အခုလည်း ဆရာတော်တစ်ပါးကိစ္စ ဂျာနယ်ထဲမှာ ရေးထားတာ တွေ့လိုက်ရပြန်တယ်။ အဲဒီဆောင်းပါးထဲက စာရေးသူအဆိုအရတော့ နာမည် မကြီးချင်လို့ တောထဲတောင်ထဲ သွားနေတာ လူတွေက နောက်ကနေလိုက်နေကြတယ်။ ဒီတော့လည်း လူတွေကို သံယောဇဉ်တွေဖြစ်ပြီး ပြန်ငဲ့ရတာပေါ့တဲ့။ အခု အဲဒီနေရာကို ပဋ္ဌာန်းဆက်ရှိသူတွေ လာရောက်ပြီး ဘာအသိုက်က လာ၊ ညာအသိုက်က လာတဲ့လူတွေ စုဝေးရောက်နေလိုက်ကြတာ အခုဆို ပွဲလမ်းသဘင်ကြီးတောင် ဖြစ်နေရောပေါ့။ ဘာပဲဖြစ်ဖြစ် လူတွေအနေနဲ့ အလိုက်မသိဘူးဆိုကြား ကာယကံရှင်ကိုယ်တိုင်က အမှန်တကယ် ဒါမျိုးတွေ မဖြစ်ချင်ဘူးဆိုရင် မလာကြဖို့ တရားဝင်မောင်းထုတ်လိုက်ရင်လည်း ရတာပဲ မဟုတ်လား။ အေး. အခုတော့ အဲဒီလို မဟုတ်ဘူး။ ဟိုစကားလို ဖြစ်နေပြီ ဘာတဲ့ "ပါးစပ်က ဘုရားဘုရား လက်က ကားယား ကားယား"ဆိုသလိုပေါ့။ အကယ်၍ အဲဒီနေရာကို သွားရောက်ချင်ရင် လမ်းတော့ ညွှန်ပြမထားဘူး။ ဒါပေမဲ့ ပဋ္ဌာန်းဆက်ရှိလို့ သွားချင်ရင်တော့ ဂျာနယ်တိုက်ကို မေးမြန်း၊ စုံစမ်းလို့ရတဲ့အကြောင်း ပါတယ်။ သူတို့ပြောနေတဲ့ ပဋ္ဌာန်းဆက်ဆိုတာတွေကလည်း ဦးလေးဖြင့် နားကို မလည်ဘူး။ ဘယ်ပဋ္ဌာန်းပစ္စည်းနဲ့ ဘယ်လိုဆက်သွယ်ကျေးဇူးပြုတာလဲဆိုတာတွေ သူတို့နဲ့ တွေ့ဖြစ်ခဲ့ရင်တော့ မေးထားလိုက်ဦးမယ်။

ဦးလေးကတော့ ဘာသာရေးကို ခုတုံးလုပ်ပြီး နာမည်ကြီးဖို့ သက်သက်လျှောက်လုပ်ပြီး မှိုင်းတိုက်နေတဲ့ လုပ်ရပ်တွေကိုတော့ ခုခံတွန်းလှန်သွားဖို့ကို ဘယ်တော့မှ နောက်ဆုတ်ပေးမှာ မဟုတ်ဘူး။ ထေရဝါဒအစစ်အမှန်နဲ့ ကမ္ဘာမှာ ဂုဏ်ယူဝင့်ကြွားရပ်တည်နေနိုင်တာဟာ ဦးလေးတို့ မြန်မာနိုင်ငံပဲ ရှိပါတော့တယ်။ အခြားသောထေရဝါဒနိုင်ငံတွေ ရှိသေးပေမယ့် ဦးလေးတို့တိုင်းပြည်လောက် တွင်ကျယ်မှု မရှိတော့ပါဘူး။ အဲဒီလို စစ်မှန်တဲ့ဘာသာတရားကို မလုပ်သင့် မလုပ်



ထိုက်တဲ့ ဘာသာရေးဗန်းပြပြီး သာသနာပျက်စီးရာပျက်စီးကြောင်းတွေ လုပ်ပြီး မှိုင်းတိုက်နေတဲ့လူတစ်စုအတွက်လောက်နဲ့တော့ တိုင်းပြည်နဲ့လူမျိုး၊ ဘာသာနဲ့ သာသနာတို့ရဲ့ယဉ်ကျေးမှုအမွေအနှစ်တွေ မပပျောက်သွားစေချင်တာကတော့ ဦးလေးရဲ့ စစ်မှန်တဲ့ရင်ထဲက သမ္မာဆန္ဒတစ်ခုပါ။

ဘာပဲဖြစ်ဖြစ် ခေတ်ကာလကတော့ တစ်ဟုန်ထိုးဆိုသလို တိုးတက်ပြောင်းလဲနေခဲ့ပြီ။ ဆုတ်ယုတ်မှုတွေရှိသလို အကောင်းဘက်ကနေ ရှုမြင်စရာတွေလည်း အများကြီး မဟုတ်လား။ ငါ့တူတို့ရဲ့လက်ထဲမှာ အနာဂတ်ကမ္ဘာသစ်ကြီးကတော့ မကြာခင် ပခုံးပြောင်းတာဝန်ယူခံဖို့ စောင့်နေခဲ့ပြီ။ အဲဒီလို တာဝန်ယူရတဲ့အခါ ငါ့တူတို့ရဲ့လက်ထဲမှာ အခုလို မှိုင်းမျိုးစုံတိုက်ပြီး လူမျိုးရော၊ ဘာသာရော၊ ယဉ်ကျေးမှုရော ကွယ်ပျောက်သွားအောင် အဘက်ဘက်ကနေ နည်းမျိုးစုံ သုံးပြီး မှိုင်းတိုက်နေဦးမှာပဲ။ ဒီတော့ ငါ့တူတို့ကလည်း အလုပ်နဲ့ သက်သေပြနိုင်အောင် ကြိုးစားကြရမယ်။ ဆိုလိုတာက မှန်မယ်ထင်ရင် နောက်မဆုတ်တဲ့ စိတ်ဓာတ်တွေနဲ့ အဲဒီမှိုင်းတွေကို တွန်းလှန်နိုင်ဖို့ လုပ်ဆောင်ကြရမယ်ပေါ့။ ဒါဟာလည်း သာသနာပြုရာရောက်ပါတယ်။ သာသနာပြုတယ်ဆိုတာဟာ လှူရုံတန်းရုံနဲ့တင် သာသနာပြုလို့ရတာ မဟုတ်ပါဘူး။ အခုလို လွဲမှားနေတဲ့အတွေးအခေါ်တွေ၊ အသိအမြင်တွေ၊ ယုံကြည်မှုတွေ မှားယွင်းစွာနဲ့ နာမည်ကြီးဖို့သက်သက် လုပ်ဆောင်နေကြတဲ့သူတွေကို အမြင်မှန်တွေရအောင်၊ နောက် အဲဒီလူတွေနောက် အသိအမြင်လွဲစွာလိုက်နေကြတဲ့လူတွေကို မှန်ကန်တဲ့လမ်းတွေ ပေါ်ရောက်အောင် ပြန်ပြီး ဆွဲတင်နိုင်တာဟာလည်း သာသနာပြုရာ ရောက်ပါတယ်။ ဒါကို ဘယ်သူ ကန့်ကွက်မလဲ။ ဦးလေးတော့ ယုံကြည်တယ်။ နောက်ဆုံး လူသားတစ်ယောက်ကို သူလုပ်ဆောင်တဲ့အလုပ်တွေကသာလျှင် သူ့ဘဝကို တန်ဖိုးဖြတ်ပေးမယ်ဆိုတာ။ ။

အခန်း - ၁၉

# မကောင်းသူတို့ရဲ့ သွားရာလမ်း

ကမ္ဘာ့လူသားအသီးသီးဟာ
ပြဿနာပေါင်းစုံတရားတွေ ကင်းနေသမျှတော့
အနိုင်ကျင့်မှုတွေ၊ ရန်လိုမှုတွေ၊
အပြန်အလှန်တိုက်ခိုက်မှုတွေ၊
အဓမ္မဖြစ်တဲ့
မတရားလိုချင်တပ်မက်မှုတွေ
ဖြစ်နေဦးမှာပဲ။
အဲဒီလို အတ္တသမားတွေရဲ့
အပြုအမူတွေကြောင့်
ကမ္ဘာကြီးဟာ
သွေးစွန်းနေခဲ့ရတယ် မဟုတ်လား။


SUEYINT

ငါ့တူရေ့ အခုတလော ကမ္ဘာတစ်ဝန်းမှာ ရိုက်ခိုက်နေတဲ့သတင်းတစ်ပုဒ်ဖတ်ဖြစ်လိုက်တာနဲ့ ဒီစာလေး ရေးဖြစ်ဖို့ ဖန်လာတယ်ပေါ့လေ။ ငါ့တူလည်း အခုလောက်ဆို သိနေ့ကြား နေလောက်ပါပြီ။ သတင်းမီဒီယာတွေကလည်း အလွန်မြန်ဆန်ပြီး ခေတ်မီတယ် မဟုတ်လား။ ဂလိုဘယ်လ်ခေတ်ကြီးမှာ လူသားတွေရဲ့ သွင်ပြင်လက္ခဏာတွေကလည်း တစ်မူထူးကဲနေ သလိုပဲ။ လူဆိုတာ လူစိတ်ရှိရမယ် မဟုတ်လား။ လူစိတ်မရှိတဲ့သူတွေရဲ့ သွားရာလမ်းဟာလည်း ဘယ်တော့မှ ဖြောင့်ဖြူးနေမှာ မဟုတ်ဘူး။ ကျဆုံးချိန်ဟာလည်း လူတစ်ယောက်အတွက် မဖြစ်သင့်တဲ့ သွေးပျက်ဖွယ်သတင်းလူသားဖြစ်နေမယ် မဟုတဲလား။

၂၀၀၆ ခုနှစ်ရဲ့ ကုန်ဆုံးရက်မရောက်ခင် တစ်ရက်အလိုမှာ အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်တစ်ယောက် အီရတ်တရားရုံးကနေ ကြိုးပေးသတ်ပစ်လိုက်ပြီဆိုတဲ့ သတင်းဟာ ကမ္ဘာတစ်ဝှမ်းလုံးကို ရိုက်ခတ်သွားတဲ့ သတင်းတစ်ပုဒ် မဟုတ်လား။ သူ့ရဲ့ နောက်ဆုံးနေဝင်ချိန်ဟာ သွေးပျက်ဖွယ်ရာ သတင်းလူသားဖြစ်နေခဲ့တယ်ဆိုတော့ ငါ့တူထံကို ဦးလေးစာရေးဖို့ ဖန်လာခဲ့တယ်ပေါ့ကွာ။ ငါ့တူလည်း သိချင်နေမယ်ထင်လို့ အခုသူ့ဘဝဇာတ်ကြောင်းအတိုချုပ်လေး ပြောပြလိုက်တယ်။

၁၉၃၇ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့ အီရတ်မြောက်ပိုင်းရှိ အယ်လ်အော်ဂျာရွာမှာ မွေး။ ၁၉၅၇ ခုနှစ်၊ အယ်ဒါးကာရန်ကာဆင်(အီရတ်သမ္မတ)ကို လုပ်ကြံရန် ကြိုးပမ်းမှုတွင် ပါဝင်ခဲ့။ ၁၉၆၃ ဖေဖော်ဝါရီမှာ ထောင်ကျ။ ၁၉၆၈ ခုနှစ် ဒုတိယသမ္မတဖြစ်။ ၁၉၈၀ ခုနှစ် အီရန်ကို ဝင်တိုက်။ ၁၉၈၀ ခုနှစ် ဒုဂျေးကျေး

ရွာတွင် လူ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု လုပ်ခဲ့။ ၁၉၉၀ခုနှစ် ကူဝိတ် ကို ဝင်သိမ်း။ လူအစုလိုက်၊အပြုံလိုက်သတ်ဖြတ်မှုကြောင့် ၂၀၀၃ ခုနှစ် မှာ အဖမ်းခံရ။ ၂၀၀၄ ခုနှစ်မှာ တရားရုံးတင် စစ်ဆေး။ ၂၀၀၆ ဒီဇင် ဘာ၊၂၆ ရက်နေ့ ကြိုးမိန့်ချမှတ်။ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်နေ့ နံနက် ၆ နာရီမှာ ကြိုးပေးသတ်ခံရခဲ့တယ်။

လူသားချင်း လူမမြင်ဘဲ မထောက်ထား၊မစာနာတဲ့ လူမဆန်တဲ့ လုပ်ရပ်တွေကြောင့် ဆက်ဒမ်ကို ကြိုးပေးလိုက်ခြင်းဖြစ်တယ်ပေါ့ကွာ။ ဒူဂျေးရွာမှာရှိတဲ့ အပြစ်မဲ့ပြည်သူတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ် ခဲ့မှုကြောင့် သူ့ကို အခုလို အီရတ်တရားရုံးကနေ ကြိုးပေးကွပ်မျက် ခံခဲ့ရတာ ဖြစ်တယ်။ ဒါဟာ မကောင်းသူတို့ရဲ့သွားရာလမ်းပဲ မဟုတ်လား။ ဘုရားလက်ထက်တော်ကလည်း ဘုရားရှင်ကို အမျိုးမျိုးအဖုံဖုံ တိုက်ခိုက် ခဲ့တဲ့၊ စွပ်စွဲခဲ့တဲ့၊ ရန်မူခဲ့တဲ့ဒေဝဒတ်တို့၊ စိဉ္စမာနတို့ရှိခဲ့သလို တရားသဖြင့် မင်းလုပ်နေတဲ့ သောတာပန်ဖြစ်တဲ့ ဖခင် ဗိမ္ဗိသာရမင်းကို လူသားမဆန် စွာ မသေမချင်းသတ်ဖြတ်ခဲ့တဲ့ သားမိုက်အဇာတသတ်တို့ရဲ့ သွားရာလမ်း ဟာလည်း မဖြောင့်ဖြူးခဲ့ဘူး မဟုတ်လား။ ဒါတွေဟာလည်း မကောင်း သူတို့ရဲ့သွားရာလမ်းပဲပေါ့။

အခု မှုခင်းသတင်းတွေထဲမှာလည်း လူသတ်မှု၊ ခိုးယူမှု၊ ကာမဂုဏ်စော်ကားမှု၊ ရမ်းကားမှုတွေကြောင့် ပြစ်ဒဏ်အသီးသီး ကျ ခံနေခဲ့ကြရတဲ့ မကောင်းသူတို့ရဲ့ သွားရာလမ်းဖြစ်တဲ့ အနာဂတ်ရှေ့ ဆက်ကြရမယ့် ခရီးလမ်းတွေကလည်း မည်းမှောင်နေခဲ့ပြန်တယ် မဟုတ်

> လူဆိုတာ လူ့အလုပ်လုပ်ဖို့နဲ့ လူသားချင်း စာနာ ထောက်ထားဖို့ အပြန်အလှန်လေးစားယုံကြည်ပြီး လူသားဆန်တဲ့ လုပ်ရပ်တွေနဲ့ လူ့စိတ်ရှိနေမှသာ ကမ္ဘာကြီး ငြိမ်းချမ်းသာယာလှပနေမယ် မဟုတ်လား

•

လား။ ငှါတူတို့ အသက်အရွယ်လေးတွေကလည်း အလွန်ကို ငယ်သေးတယ် မဟုတ်လား။ ဆိုတော့ ဒီအချိန်လေးတွေမှာ အင်မတန်မှ ရိုးသားဖြူစင်လှတဲ့ နှလုံးသားလေးတွေ၊ စိတ်ထားလေးတွေနဲ့ အပြစ်ကင်းစင်နေခဲ့ကြတယ် မဟုတ်လား။ ဒါပေမဲ့ လူမိုက်ကို မပေါင်းမိအောင်၊ စိတ်ဒို[illegible]းတွေ ဝင်မလာဖြစ်အောင် အခုကတည်းက စိတ်ကိုဆေးကြောထားဖို့လိုတယ်မဟုတ်လား။

အခု ကမ္ဘာတစ်ဝန်းမှာ ဆက်ဒမ်လို လူသားချင်း စာနာမှုမရှိဘဲ အပြစ်မဲ့ပြည်သူသန်းပေါင်းများစွာ အသက်တွေကို လုပ်ကြံသတ်ဖြတ်နေတဲ့ အကြမ်းဖက်ဝါဒတွေကို လူသားမဆန်တဲ့ပုဂ္ဂိုလ်တွေရဲ့ လုပ်ရပ်တွေကြောင့် အပြစ်မဲ့ပြည်သူတွေသေကျေနေရတဲ့ သတင်းတွေကလည်း နေ့စဉ်လိုလို ကြားနေခဲ့ရတယ် မဟုတ်လား။ အယ်ခါယီးဒါးတွေရဲ့ လုပ်ရပ်ဖြစ်တဲ့ အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်မှုကြောင့် ကမ္ဘာ့ကုန်သွယ်ရေးမျှော်စင်နှစ်ခုမှာ လုပ်နေခဲ့ကြတဲ့ အပြစ်မဲ့လူသားများစွာရဲ့ စက်တင်ဘာပုံရိပ်ဆိုးကြီးမျိုးတွေဖြစ်မလာဖို့ လိုအပ်နေပြီပေါ့ကွာ။

ကမ္ဘာ့လူသားအသီးသီးဟာ ဖြူဟွစိုရ်တရားတွေ ကင်းနေသမျှတော့ အနိုင်ကျင့်မှုတွေ၊ ရန်လိုမှုတွေ၊ အပြန်အလှန်တိုက်ခိုက်မှုတွေ၊ အဓမ္မဖြစ်တဲ့ မတရားလိုချင်တပ်မက်မှုတွေဖြစ်နေဦးမှာပဲ။ အဲဒီလို အတ္တသမားတွေရဲ့အပြုအမူတွေကြောင့် ကမ္ဘာကြီးဟာ သွေးစွန်းနေခဲ့ရတယ် မဟုတ်လား။ စစ်ပွဲအသီးသီး၊ အကြမ်းဖက်မှုအသီးသီးတို့ရဲ့ အဓိကတရားခံဖြစ်တဲ့ လောဘ၊ဒေါသ၊မောဟ၊မာန၊ဣဿာ၊မစ္ဆရိယ စတဲ့ အကုသိုလ်ဆိုးကျိုးတွေကြောင့် တစ်ဦးကို တစ်ဦး နိုင်လိုမင်းထက်ပြုမှု၊ စော်ကားမှု၊ သတ်ဖြတ်မှုတွေ ဖြစ်နေကြရတယ်။ လူဆိုတာ လူ့အလုပ်လုပ်ဖို့နဲ့ လူသားချင်းစာ နာထောက်ထားဖို့၊ အပြန်အလှန်လေးစားယုံကြည်ပြီး လူသားဆန်တဲ့ လုပ်ရပ်တွေနဲ့ လူ့စိတ်ရှိနေမှသာ ကမ္ဘာကြီး ငြိမ်းချမ်းသာယာလှပနေမယ် မဟုတ်လား။



အဲဒီလို မဟုတ်တဲ ငါတကောကောပြီး "ငါ့မြင်း ငါစိုင်း၊ ငါ့လှေ ငါထိုး"သမားတွေ များလာတာနဲ့အမျှ လောကကြီးတစ်ခုလုံး သွေးပျက်ဖွယ်၊ ထိတ်လန့်ဖွယ်၊ ကြောက်မက်ဖွယ်ကောင်းလှတဲ့ အနိဋ္ဌာရုံဆိုးကျိုးတွေကို ရှုရှိုက်မြင်တွေ့နေရမှာဖြစ်သလို ကမ္ဘာလူထုရဲ့ သွေးတွေလည်း စီးမျောနေရဦးမှာပဲပေါ့။ ဒါပေမဲ့ အဲဒီလို လူစိတ်မရှိတဲ့၊ လူသားမဆန်တဲ့ လူယုတ်မာတွေရဲ့ သွားရာလမ်းဟာလည်း ဘယ်တော့မှ ဖြောင့်ဖြူးနေမှာမဟုတ်ဘူးဆိုတာ ငါ့တူကို အထူးပြောပြနေစရာတောင် လိုမှာ မဟုတ်ပါဘူး။ ငါ့တူအနေနဲ့လည်း အခုလိုငယ်ရွယ်တဲ့ အချိန်ကနေစပြီး လူစိတ်မွေးတတ်ဖို့၊ လူသားချင်း လူမြင်တတ်ဖို့၊ လူအလုပ် လုပ်တတ်ဖို့၊ ဦးလေး ဒီအဖြစ်ပျက်တွေကိုပြောပြရင်း လူရည်လူကောင်းဖြစ်ဖို့၊ အနာဂတ်ကမ္ဘာသစ်ကြီးကို လက်ပြောင်းယူနိုင်ဖို့ တောင်းဆိုရင်း ..။ ။

အခန်း - ၂၀

# လုပ်ရဲရင် ခံရဲရမယ်

ဘာပဲဖြစ်ဖြစ်
ကိုယ်လုပ်တဲ့ လုပ်ရပ်ကြောင့်
ရရှိလာမယ့်အကျိုးအပြစ်ကို
ခံနိုင်အောင်ကြိုးစားဖို့ ပြောချင်တာပါ။
နောက် အဲဒီထဲကနေ ရရှိလာတဲ့
သင်ခန်းစာတွေကိုယူပြီး
နောက်နောင် ဒီလိုကိစ္စမျိုးတွေနဲ့
ရင်ဆိုင်လာရတဲ့အခါ
ခံနိုင်ရည်ရှိရှိနဲ့
ရင်ဆိုင်ဖြေရှင်းစေချင်တာပါ။


SUEYINT

"ကောင်းဆိုးနှစ်တန် လောကဓံကို ခံနိုင်ပါမှ လူတော်ကွ" ဒီစကားလုံးလေးဟာ ဦးလေးငယ်ငယ် ဘုန်းကြီးကျောင်းသားကစပြီး အခုအထိ ရင်ထဲစွဲကျန်ပြီး ဘယ်လိုမှ မေ့ပျောက်လို့မရတဲ့ စကားလုံးလေးပေါ့။ ဦးလေးဟာ ငယ်ငယ်ကဆိုရင် အရာရာကိုတွေးပြီး ကြောက်နေတတ်တယ်။ ဆိုပါတော့။ လူတောမတိုးရဲတာတို့၊ အဆိုးလောကဓံတွေနဲ့ ရင်ဆိုင်ရတိုင်း စိတ်ဓာတ်ကျတတ်တာတို့စတဲ့ အဖြစ်အပျက်တွေကြုံလေတိုင်း ငယ်ဆရာက အမြဲတမ်းလိုလို ဒီစကားလေးတွေကို ပြောပြောပြပြီး ဆုံးမဩဝါဒပေးလေ့ ရှိတယ်။ ကိုယ့်ရင်ထဲ ကြောက်စိတ်တွေ ဝင်လာတာနဲ့အမျှ အလုပ်တစ်ခုလုပ်ဖို့ မစွန့်စားရဲဘဲ၊ နောက် ကိုယ်လုပ်လိုက်လို့ ရရှိလာမယ့်အကျိုးတွေကို မခံစားရဲတာတို့ဆိုတာတွေ ဖြစ်လာတတ်တယ်။ ဒီတစ်ပတ် ဒီကိစ္စလေးပြောချင်တာနဲ့ ငါ့တူထံ စာရေးလိုက်ပါတယ်။

ပထမဆုံး ဦးလေးငယ်ငယ်က အဖြစ်အပျက်လေးတစ်ခု ပြောပြချင်တယ်။ ထူးဆန်းတဲ့ အဖြစ်အပျက်ဆိုတာ မျိုးမဟုတ်ပါဘူး။ ဒါပေမဲ့ ဒီအဖြစ်အပျက်လေးကနေတစ်ဆင့် ရရှိလိုက်တဲ့ သင်ခန်းစာဆိုတာတွေကတော တန်းဖိုးတောင် ဖြတ်လို့ရမှာ မဟုတ်ပါဘူး။ ဒီအဖြစ်အပျက်လေးကိုသင်ခန်းစာယူပြီး ရင်ဆိုင်ရင်း ဖြေရှင်းခဲ့ရတဲ့ လောကဓံတွေလည်း အများကြီးပေါ့။ ငါ့တူကိုလည်း အဆိုးလောကဓံတွေနဲ့ရင်ဆိုင်ရတဲ့အခါ အဲဒီအဆိုးထဲကနေ ကိုယ့်အတွက် တန်ဖိုး မဖြတ်နိုင်တဲ့အကျိုးတရားတွေ ပြန်လည်တူးဖော်ခံစားနိုင်ဖို့ ဦးလေးမှာချင့်တယ်။

ကိုရင်ဘဝက အဖြစ်အပျက်လေးတစ်ခုပေါ့။ ဦးလေးနေခဲ့တဲ့ စာသင်တိုက်က စည်းကမ်းပိုင်းဆိုင်ရာတော်တော် ကောင်းတယ်ဆိုပါတော့။ တော်တော်လေးကို တင်းကျပ်တယ်။ စည်းကမ်းတွေကိုတော့ ထုတ်မပြောတော့ဘူး။ တစ်နေ့ ဦးလေး စာတွေကျက်ရတော့ ညဘက်ကျတော့ လူငယ်ပီပီ ဗိုက်က အရမ်းဆာလောင်နေခဲ့တယ်။ ဒါနဲ့ ဦးလေးသူငယ်ချင်းကို အဖော်ညှိပြီး ဆွမ်းစားကျောင်းသွားပြီး ဆန်နှစ်ဘူးလောက် ယူလာခဲ့တယ်။ ည(၁၂)နာရီလောက်တောင် ရှိရော့မယ်။ ဦးလေး ရေချိုးခွက်အပေဟာင်းကြီးနဲ့ မပျင်းမရိ ချက်ကြတာပေါ့။ နောက်ပြီး ထမင်း မနပ်တနပ်ကို ဆီလေးဆမ်းပြီး စားမယ်လုပ်နေတုန်း ကျောင်းဘုန်းကြီးက ဆင်းလာခဲ့တယ်။ ဦးလေးတို့လည်း ကိုယ့်ဖောနဲ့ကို ဆိုတော့ သူ့ကို ဂရုမစိုက်မိခဲ့ဘူးပေါ့ကွာ။

ခဏနေတော့ "မောင်ရင်တို့ကိစ္စကို ပြီးအောင် လုပ်လိုက်တော့။ ပြီးရင် နှစ်ပါးစလုံး အခန်းထဲကိုလာခဲ့"ဆိုပြီး မှာရင်း ပြန်ကြွသွားတယ်။ ဦးလေးတို့လည်း ဘယ်လိုလုပ်ပြီး ထမင်းလုတ်ကို မျိုချနိုင်တော့မှာလဲ။ ဒီတော့ မတတ်နိုင်ဘူး။ ပင်ပင်ပန်းပန်းနဲ့ ချက်ထားတဲ့ ထမင်းတွေကို မစားတော့ဘဲ ရေမြောင်းထဲသွန်ချပြီး ရင်တထိတ်ထိတ်နဲ့ ဘုန်းကြီးထံ တက်သွားခဲ့ကြတယ်။ ရင်ခုန်နှုန်းတွေမြန်နေတော့ ဝမ်းနည်းသလိုလို၊ ငိုချင်သလိုလိုနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့လောက်အောင်ပေါ့။

" ကဲ့. မောင်ရင်တို့ ကိုယ်လုပ်တဲ့အပြစ်ကို ကိုယ်ခံယူဖို့တော့ ခံနိုင်စွမ်းရှိတယ် မဟုတ်လား။ စီးကရက်ကို ကြိုက်ရင်တော့ စီးကရက်မီးခိုး မျက်စိထဲဝင်တာလောက်တော့ ခံနိုင်ရည်ရှိရမှာပေါ့။

> အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် ပထမဆုံး ကိုယ်လုပ်မယ့်အလုပ်ဟာ ကိုယ့်အတွက်၊ ပတ်ဝန်းကျင်အတွက် အကျိုးရှိမရှိ။ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိမရှိ လုပ်လို့ရနိုင်တဲ့ အနေထားမှာ ရှိမရှိ ဆိုတာတွေကိုတော့ စဉ်းစားစေချင်တယ်

အခုလည်း မောင်ရင်တို့လုပ်တဲ့ လုပ်ရပ်ဟာ ဘယ်သူမပြု မိမိမှုပဲ။ တကယ်ဆိုကွာ၊ ၁၂–နာရီတောင် ကျော်နေပြီ။ ရေသောက်ပြီး ဗိုက်မှောက် အိပ်လိုက်တော့ပေါ့။ အပင်ပန်းခံပြီး ဘာဖြစ်လို့ ချက်ပြုတ်စားသောက်နေကြတာလဲ''။

ဆာလို့ပါဘုရား လို့ ဖြေဆိုဖို့ရန် မလိုတော့အောင် ကျောင်းဘုန်းကြီးက ဩဝါဒပေးပြီဆိုတော့ ဦးလေးတို့လည်း ဘာမှ လျှောက်မနေခဲ့တော့ဘူးပေါ့ကွာ။ ဒါပေမဲ့ ရင်ထဲမှာတော့ နှလုံးခုန်နှုန်းတွေက မြန်သထက်မြန်နေတော့တာပေါ့။ ကလေး ဆိုတော့ လည်း တွေးပြီး ပူပင်နေခဲ့ရတယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို ညဘက် ခိုးစားလို့မိရင် နှင်ထုတ်ခံရတဲ့ စည်းကမ်းဆိုတော့ တကယ်လို့ ဒီကနေ နှင်ထုတ်ခံခဲ့ရရင် ဘယ်ကျောင်းကို ရွှေ့ရမလဲ ပေါ့။ ဒီအချိန်ကျမှ ကလေးတွေပဲဆိုပြီး မညှာမတာ လုပ်ရက်လေခြင်းဆိုပြီး ကျောင်းဘုန်းကြီးကိုလည်း အပြစ်တင်နေလို့ မဖြစ်ဘူးလေ။ အစကတည်းကိုက နှင်ထုတ်ဖို့ဆိုတာ စည်းကမ်းသတ်မှတ်ပြီးသား မဟုတ်လား။

ဦးလေးပြောချင်တာက ဘာပဲဖြစ်ဖြစ် ကိုယ်လုပ်တဲ့ လုပ်ရပ်ကြောင့် ရရှိလာမယ့်အကျိုးအပြစ်ကို ခံနိုင်အောင် ကြိုးစားဖို့ပြောချင်တာပါ။ နောက် အဲဒီထဲကနေရရှိလာတဲ့ သင်ခန်းစာတွေကိုယူပြီး နောက်နောင် ဒီလိုကိစ္စမျိုးတွေနဲ့ ရင်ဆိုင်လာရတဲ့ အခါ ခံနိုင်ရည်ရှိရှိနဲ့ ရင်ဆိုင်ဖြေရှင်းစေချင်တာပါ။ တစ်ခါတလေ ကိုယ်မှန်မယ်ထင်လို့ လုပ်ခဲ့တဲ့လုပ်ရပ်တွေဟာ မှားကောင်းမှားနေ လိမ့်မယ်။ အေး . အဲဒီလို အမှားတွေနဲ့ရင်ဆိုင်ရတဲ့အခါ ကိုယ်လုပ်တဲ့လုပ်ရပ် ကြောင့်ကျရောက်လာမယ့် အကျိုးအပြစ်ကိုလည်း ခံနိုင်အောင် အခုကတည်းက အလေ့အကျင့်ဖြစ်အောင် ကြိုးစားစေချင်တယ်။ ခံနိုင်ရည်ရှိစွာနဲ့ ရင်ဆိုင်ကျော်လွှားနိုင်လိမ့်မယ်လို့လည်း ဦးလေးအနေနဲ့ ယုံကြည်ပါတယ်။

ဦးလေးအနေနဲ့ တိုက်တွန်းချင်တာကတော့ ကိုယ်မှန်မယ်ထင်တဲ့အလုပ်တွေကို အတိုက်အခံတွေများနေရင် တောင် လုပ်ဖြစ်အောင်လုပ်ပါလို့တိုက်တွန်းချင်တယ်။ ဒါပေမဲ့ အထက်



ကပြောခဲ့သလို ကိုယ်လုပ်လိုက်တဲ့လုပ်ရပ်ရဲ့ အကျိုးအပြစ်ကိုလည်း ခံနိုင်ရည်ရှိအောင် ပြင်ဆင်ထားနိုင်ရမယ်။ ဒါပေမဲ့ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် ပထမဆုံး ကိုယ်လုပ်မယ့်အလုပ်ဟာ ကိုယ့်အတွက်၊ ပတ်ဝန်းကျင်အတွက် အကျိုးရှိ၊ မရှိ၊ နောက် ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ၊ မရှိ နောက် ကိုယ်လုပ်လို့ရနိုင်တဲ့ အနေထားမှာ ရှိ၊ မရှိ ဆိုတာတွေကိုတော့ စဉ်းစားစေချင်တယ်ပေါ့ကွာ။

လောကခံဆိုတာ အဲဒါပဲ။ အဓိကအချုပ်ဆိုရရင် ကိုယ်လုပ်တဲ့လုပ်ရပ်ရဲ့ ရရှိလာတဲ့ အကျိုး၊ အပြစ်ကို ခံနိုင်ရည်ရှိရှိနဲ့ သည်းခံနိုင်ခြင်းဟာ လောကခံကို ရင်ဆိုင်နိုင်ခြင်းပဲ။ ဆရာတော်တစ်ပါးပြောခဲ့တဲ့စကားတစ်လုံး ရှိတယ်၊ "ကောင်း၊ ဆိုးနှစ်တန် လောကခံကို ခံနိုင်ပါမှ လူတော်ကွ" တဲ့။ အဲဒီတော့ ကိုယ်မှန်မယ်ထင်တဲ့ လုပ်ရပ်တွေကို တွေဝေမနေဘဲ လုပ်ဖြစ်အောင် လုပ်ပါ။ နောက် အဲဒီလုပ်ရပ်ကြောင့် ရရှိလာမယ့် အကျိုး၊ အပြစ်များကိုလည်း ခံနိုင်ရည်ရှိရှိနဲ့ ရင်ဆိုင်နိုင်ဖို့ ကြိုးစားပါ။ အဲဒါဆိုရင်တော့ လူတော်တစ်ယောက်ဖြစ်ပြီပေါ့ကွာ။

အခုဆိုရင် ကမ္ဘာကြီးဟာ အားအင်ချည့်နဲ့နေခဲ့ပြီ၊ တစ်နေ့တခြား ဆိုသလို လိုအပ်မှုတွေ များပြားလာနေခဲ့ပြီ။ ငါတို့အနေနဲ့ ဘယ်လို ဖြေရှင်းပေးနိုင်မလဲဆိုတာ ငါတို့ရဲ့လုပ်ရပ်တွေနဲ့ သက်သေပြနိုင်အောင်ကြိုးစားပါ။ တစ်ဖက်တစ်လမ်းကနေ ကူညီဖြေရှင်းပေးနိုင်လိမ့်မယ်လို့ ဦးလေးယုံကြည်မိပါတယ်။ ။

အခန်း - ၂၃

# နေ့စဉ်မှတ်တမ်းရေးရင်း အဖြေရှာဖို့

လောကဓံရဲ့ အလှည့်အပြောင်း
အဆိုးအကောင်းဆိုတာတွေကို
အတွင်းကျကျသိမြင်ဖို့
လိုအပ်နေလိမ့်ဦးမယ်လို့
ဦးလေးထင်တယ်။
ဒါပေမဲ့ အခုအချိန်ကစပြီး
ရင်ဆိုင်ဖြေရှင်း ဖြတ်သန်းကျော်လွှားနိုင်ဖို့
ကြုံတွေ့ခဲ့ရတဲ့
လူနေမှုဘဝအသွယ်သွယ်ထဲကနေ
သင်ခန်းစာယူပြီး
အနာဂတ်ကိုရင်ဆိုင်နိုင်ဖို့လိုတယ်


SUEYINT

လူတစ်ယောက် နေ့စဉ်ရင်ဆိုင်ဖြတ်သန်းနေရတဲ့ အဖြစ်အပျက်မျိုးစုံတွေကတော့ အဖုံဖုံ မဟုတ်လား။ ဒီအဖြစ်အပျက်မျိုးစုံရဲ့ သက်ရောက်မှုတွေဖြစ်တဲ့ လောကဓံအသီးသီးကို ခါးသီးရင်ဆိုင်ဖြေရှင်းဖြတ်သန်းနေခဲ့ရပြန်တယ်။ ဒီတော့ လဲကျလိုက်၊ ပြန်ထလိုက်နဲ့ လူနေမှုအလွှာအသီးသီးရဲ့ ဒုက္ခအဖုံဖုံနဲ့ တွေ့ကြုံရင်ဆိုင်နေရင်း ဘဝဟာ နေသားကျနေလောက်ပါပြီ။ ငါ့တူတို့ဟာ လောကဓံရဲ့ အလှည့်အပြောင်း အဆိုးအကောင်းဆိုတာတွေကို အတွင်းကျကျ သိမြင်ဖို့ လိုအပ်နေလိမ့်ဦးမယ်လို့ ဦးလေးထင်တယ်။ ဒါပေမဲ့ အခုအချိန်ကစပြီး ရင်ဆိုင်ဖြေရှင်း ဖြတ်သန်းကျော်လွှားနိုင်ဖို့ ကြုံတွေ့ခဲ့ရတဲ့ လူနေမှုဘဝအသွယ်သွယ်ထဲကနေ သင်ခန်းစာယူပြီး အနာဂတ်ကိုရင်ဆိုင်နိုင်ဖို့လိုတယ်။ ဒါ့ကြောင့် ငါ့တူတို့ရဲ့ နေ့စဉ်လုပ်ရပ်တွေ၊အတွေ့အကြုံတွေ၊အဖြစ်အပျက်တွေထဲကနေ ဆွဲထုတ်တတ်တဲ့အကျင့်တွေရနိုင်ဖို့ ညအိပ်ရာဝင်ခါနီးမှာ မဖြစ်မနေလုပ်ရမယ့် နေ့စဉ်မှတ်တမ်းလေးတွေရေးဖို့ တိုက်တွန်းလိုတာနဲ့ ငါ့တူထံ ဦးလေး စာရေးလိုက်ပြန်တယ်။

ဦးလေးလည်း ငယ်ငယ်ကတော့ နေ့စဉ်မှတ်တမ်းဆိုတာ ရေးဖို့ စိတ်တောင် မဝင်စားခဲ့ဘူး။ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ရေးရမယ်ဆိုတဲ့ အသိစိတ်တောင် မဝင်မိခဲ့ဘူး။ ဒါပေမဲ့ အခုတော့ ၈-နှစ်တိုင်တိုင် နေ့စဉ်မပြတ် ည အိပ်ရာဝင်ခါနီးတိုင်းရေး ဖြစ်နေခဲ့တယ်။ အိပ်ရာထဲရောက်လို့ တုံးလုံးလှဲလိုက်တာနဲ့တစ်ပြိုင်နက် ဒီနေ့ ဘာတွေလုပ်ခဲ့သလဲ၊ ဘာတွေ တွေ့ကြုံခဲ့သလဲ၊ ဘာတွေရှာဖွေတွေ့ရှိခဲ့သလဲ၊ အဲဒီလိုလဲမျိုးစုံနဲ့ တွေးတောရင်း အိပ်ပျော်သွားတတ်တဲ့အကျင့်တွေ ရနေခဲ့ပြီပေါ့ကွာ။

တောင်မြို့ဘာသာဋီကာကျမ်းပြု ဆရာတော်ဘုရားကြီး ရေးသားခဲ့တဲ့ကဗျာလေးတစ်ပုဒ် ခေါင်းထဲရောက်လာတာနဲ့ ငါ့တူကို ရွတ်ပြလိုက်တယ်။ "ကုသိုလ်ဥစ္စာ၊ ကျမ်းခန့်သာ၍ ပညာတန်ခိုး၊ တစ်မျိုးမျိုးမှ၊ အကျိုးမထွက်၊ ထိုနေ့ရက် သက်သက်ဝမ်းနည်းဖွယ်"တဲ့။ အဲဒီတော့ လူတစ်ယောက်လူ့အဖြစ်ကို ခက်ခဲပင်ပန်းစွာရရှိလာခဲ့တယ်။ အဲဒီလိုရခဲ့တဲ့ လူ့အဖြစ်ကို အမှန်စင်စစ် အနှစ်သာရရှိရှိ ရခဲ့ရဲ့လား။ လူ့ဘဝဆိုတာ အင်မတန်ကြီးကျယ်မြင့်မြတ်တဲ့ ဘုံဌာနတစ်ခုပေါ့။ ဘုရားရှင်ဆိုတာတွေကလည်း လူ့ဘုံဌာနကသာလျှင် ဖြစ်လေ့ရှိတယ် မဟုတ်လား။ ဒီတော့ လူ့ဘုံဌာနဆိုတာ ကြီးကျယ်မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေကို မွေးထုတ်ပေးရာ ဘုံဌာနတစ်ခုပဲမဟုတ်လား။

အဲဒီတော့ အင်မတန်ရခဲလှတဲ့ လူ့ဘဝမှာ လူ့အဖြစ်ကို ဦးလေးတို့၊ ငါ့တူတို့ ရရှိပိုင်ဆိုင်ခဲ့ကြပြီ။ အမှန်စင်စစ်ရော လူ့အဖြစ်ကို ရရှိပိုင်ဆိုင်နေခဲ့ကြရဲ့လား။ ဒါတွေကို နေ့စဉ်နဲ့ အမျှတွေးတောရင်း လူ့အဖြစ်ကို တာဝန်သိသိနဲ့ ရင်ဆိုင်ဖြတ်သန်းသွားလာနေထိုင်ဖို့ လိုတယ်ပေါ့ကွာ။ ဦးလေး အခု နယ်ကရွတ်ပြခဲ့တဲ့ ကဗျာလေးကို ပြန်လည်ခံစားကြည့်ပါ။ လူတစ်ယောက်ဟာ နေ့စဉ်လိုလို လူမှုနယ်ပယ်အသီးသီးမှာ အဖြစ်အပျက်တွေ လုပ်ရင်း၊ ရင်ဆိုင်ရင်း၊ တွေ့ကြုံရင်း ရင်ဆိုင်ဖြတ်သန်းနေခဲ့ရတယ် မဟုတ်လား။ ဒီတော့ ဘာတွေရရှိပိုင်ဆိုင်နိုင်ခဲ့သလဲဆိုတဲ့ အမေးပုစ္ဆာတွေနဲ့ ယှဉ်ထိုးတိုင်းတာကြည့်ကြရအောင်။

တစ်နေကုန်တစ်နေခန်းဆိုသလို အလုပ်တွေမျိုးစုံလုပ်ခဲ့ကြတယ် မဟုတ်လား။ အဲဒီလုပ်ရပ်တွေထဲမှာ သူလုပ်ခဲ့တဲ့အမှုတွေဟာ ကုသိုလ်တွေ လုပ်ခဲ့ရဲ့လား။ ပိုင်ဆိုင်နိုင်ခဲ့ရဲ့လား။ ဒါနဲ့ ဦးလေးတို့ဟာ ကုသိုလ်ဆိုတာကို

> နောက်ဆုံးတစ်ခုကတော့ ကိုယ်လုပ်တဲ့ လုပ်ရပ်ကြောင့် ပတ်ဝန်းကျင်ရဲ့ ချီးမွမ်းမှု၊ ထောမနာမှုဆိုတဲ့ သာမန်ဆိုလိုက်ရရင် ဘုန်းတန်ခိုးဆိုတာတွေရော ရရှိခဲ့ရဲ့လား ဆိုတာ စဉ်းစားတွေးခေါ်ကြည့်ပါ။

ဘာသာရေးနယ်ပယ်မှာ သုံးနှုန်းနေတဲ့စကားလုံးဆိုတော့ ကုသိုလ်ဆိုတာနဲ့ စွန့်ကြဲပေးကမ်းလှူဒါန်းမှုဆိုတာကြီးကိုပဲ သွားမြင်နေခဲ့ကြတယ်။ အမှန်က ကိုယ်လုပ်ခဲ့တဲ့လုပ်ရပ်ထဲမှာ အများကောင်းကျိုးတွေလုပ်ခဲ့တာဟာလည်း ကုသိုလ်ပဲပေါ့။ အဲဒီတော့ ဒီနေ့တစ်နေ့တာ လုပ်ခဲ့တဲ့အလုပ်တွေထဲမှာ ကုသိုလ်ဆိုတာ ရခဲ့ရဲ့လား။ ပြန်စဉ်းစားကြည့်ပါ။

နောက်တစ်ခုက ပုထုဇဉ်ပီပီ စည်းစိမ်ဥစ္စာဆိုတာလည်း ရှာဖွေရဦးမယ်မဟုတ်လား။ ဘာဖြစ်လို့လဲဆိုတော့ မနာမကျန်း ဖြစ်တဲ့အခါ ဆေးဖိုးဝါးခတို့ ဝမ်းရေး နေရေး ထိုင်ရေး ပညာရေး လူမှုရေး ဘာသာရေးစတဲ့အရေးကိစ္စဆိုတာတွေအတွက်သုံးစွဲဖို့ ငွေဟာလည်းလိုအပ်နေခဲ့တယ်မဟုတ်လား။ အဲဒီတော့ စည်းစိမ်ဥစ္စာဆိုတာရော ဘယ်လောက် ရှာဖွေနိုင်ခဲ့သလဲဆိုတာလည်း စဉ်းစားကြည့်ရမယ်။ ဒါပေမဲ့ ကြုံလို့တစ်ဆက်တည်းမှာချင်တာကတော့ အဲဒီလို ရှာဖွေတဲ့အခါမှာ သူတစ်ပါးမျက်ရည်ကျပြီး အဖွေရရှိခဲ့တဲ့ စည်းစိမ်ဥစ္စာမဖြစ်စေဘဲ။ သမ္မာအာဇီဝနဲ့ရရှိခဲ့တဲ့ စည်းစိမ်းဥစ္စာတော့ ဖြစ်ရမယ်ပေါ့ကွာ။

နောက်တစ်ခုက အာရောဂျံ ပရမံ လာဘံ–ကျန်းမာခြင်းဟာ လာဘ်ကြီးတစ်ပါးတဲ့။ ကျန်းမာမှ ကိုယ်လုပ်ချင်တာတွေ လုပ်ဆောင်နိုင်မယ် မဟုတ်လား။ ဒီတော့ ကျန်းမာရေးကိုလည်း ဂရုစိုက်ရမယ်ပေါ့။ အဲဒီကျန်းမာရေးကို ဘာသာရပ်တစ်ခုအနေနဲ့ လေ့လာလိုက်စားပြီး လုပ်ဖို့လိုတယ်ပေါ့ကွာ။ အဲဒီအချက်ကိုရော လုပ်ဆောင်နိုင်ခဲ့ရဲ့လားဆိုတာကိုလည်း စဉ်းစားကြည့်ပေါ့။

လူသားတစ်ယောက်မှာ မဖြစ်မနေ တတ်မြောက်ရမယ့် ပညာရပ်ဆိုတာတွေရှိနေခဲ့တယ် မဟုတ်လား။ အဲဒီတော့ နေ့တစ်နေ့ကုန်ဆုံးသွားတာနဲ့အမျှ ကိုယ့်အတွက် ဘယ်လိုပညာရပ်တွေ လေ့လာဆည်းပူးသင်ကြားနိုင်ခဲ့ဆိုတာကိုလည်း စဉ်းစားတွေးတော ကြည့်ပေါ့။ အဲ နောက်ဆုံးတစ်ခုကတော့ ကိုယ်လုပ်တဲ့ လုပ်ရပ်ကြောင့် ပတ်ဝန်းကျင်ရဲ့ ချီးမွမ်းမှု၊ ထောမနာမှုဆိုတဲ့ သာမန် ဆိုလိုက်ရရင် ဘုန်းတန်ခိုးဆိုတာတွေရော ရရှိခဲ့ရဲ့လားဆိုတာ စဉ်းစားတွေးခေါ်ကြည့်ပါ။



အေး . အဲဒီထဲကနေ တစ်နေ့ကိုတစ်မျိုး လောက်ရခဲ့ရင်တော့ အကျိုးရှိစွာ ကုန်ဆုံးခဲ့တဲ့နေ့ရက်လို့ သတ်မှတ်လိုက်ပေါ့။ အဲဒီလိုမဟုတ်တဲ့ အထက်က ပြောခဲ့တဲ့ အချက်အလက်တွေထဲက ဘာဆိုဘာမှ မရရှိခဲ့လိုက်တဲ့နေ့ဟာ အဓိပ္ပာယ်မရှိဘဲ ဝမ်းနည်းစွာ ကုန်ဆုံးသွားရတဲ့နေ့ပေါ့။ ငါ့တူအနေနဲ့ အကုန်လုံး မလုပ်နိုင်၊ မရနိုင်ရင်တောင် တစ်ခုခုတော့ လုပ်ဆောင်နိုင်အောင်၊ ရရှိနိုင်အောင် ကြိုးစားစေချင်တယ်။

ဒါနဲ့ပတ်သတ်ပြီး ပိုပြီးသင့်တော်မယ့် အချက်ဖြစ်တဲ့ အကောင်းဆုံးနည်းလမ်းကို ညွှန်ပြရမယ်ဆိုရင်တော့ နေ့စဉ်မှတ်တမ်းရေးဖို့ပေါ့။ ဘယ်လိုရေးရမလဲဆိုရင် တစ်နေ့တာ လုပ်ဆောင်ခဲ့တဲ့လုပ်ရပ်တွေနဲ့ ရရှိခဲ့၊ ကြုံတွေ့ခဲ့တဲ့အဖြစ်အပျက်တွေကို မပျင်းမရိ ရေးပြီး လူ့ဘဝကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းနေနိုင်ရဲ့လားဆိုတာ စဉ်းစားတွေးခေါ်ရင်း နေ့စဉ်မှတ်တမ်းထဲကနေ အဖြေရှာဖို့ပါ။ ဒါကိုတော့ မဖြစ်မနေလုပ်ဆောင်ဖို့ ဦးလေးအလေးအနက် တိုက်တွန်းချင်ပါတယ်။ အခုရေးတဲ့ နေ့စဉ်မှတ်တမ်းဆိုတာတွေဟာ အနာဂတ်အတွက် တစ်ဖက်တစ်လမ်းကနေ အကျိုးကျေးဇူးပြုနေမယ့် သမိုင်းတွေပေါ့။ ဒါ့ကြောင့် ဦးလေးအနေနဲ့ ထပ်တလဲလဲ တိုက်တွန်းချင်တာကတော့ နေ့စဉ်မှတ်တမ်းရေးပြီး ဘဝကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းနေနိုင်ရဲ့လားဆိုတာတွေကို အဖြေရှာကြည့်ပါလို့ တိုက်တွန်းရင်း။ ။

အခန်း - ၂၂

# လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်

လူမှုရေးနယ်ပယ်မှာပဲဖြစ်ဖြစ်၊
ဘာသာရေးနယ်ပယ်မှာပဲဖြစ်ဖြစ်၊
နိုင်ငံရေးနယ်ပယ်မှာပဲဖြစ်ဖြစ်၊
ဘယ်လိုနယ်ပယ်မျိုးကိုမဆို
လုပ်ပိုင်ခွင့်ရှိတယ်ဆိုပြီး
ကိုယ်ကျိုးအတွက်သာကြည့်တတ်တဲ့
လူမျိုးအတွက်
အနာဂတ်လမ်းဟာ
ဘယ်လိုမှ လှပနေလိမ့်မယ် မဟုတ်ဘူး


SUEYINT

ဦးလေးငယ်ငယ်က လူကြီးတွေနဲ့ အချေအတင် စကားများခဲ့တဲ့ကိစ္စတွေ ခေါင်းထဲရောက်လာတာနဲ့ ဒီစာလေးရေးဖို့ ဖန်လာပြန်တယ်။ လူငယ်နဲ့ လူကြီး ဆက်ဆံရေးလို့ဆိုရင်လည်း မှားမယ် မထင်ဘူးပေါ့ကွာ။ တစ်ခါတလေကျတော့ လူငယ်ဘာဝစီပီ လက်စွမ်းပြလိုက်ချင်တဲ့ကိစ္စရပ်တွေကြောင့် မိဘဆရာသမားတွေနဲ့ ကမောက်ကမဖြစ်ခဲ့ရတဲ့အကြောင်းတွေဟာလည်း မနည်းမနောဆိုသလို ရင်ဆိုင်ကြုံတွေ့ခဲ့ရတယ်။ မှားတာတွေရှိခဲ့သလို မှန်တာတွေလည်း ရှိခဲ့တယ်ပေါ့လေ။ လူငယ်နဲ့လူကြီးဆိုတာ ခေတ်တွေ၊ စနစ်တွေ ကွာဟလာတာနဲ့အမျှ အမြင်ချင်းက ဘယ်လိုမှ တူညီနိုင်မှာ မဟုတ်ဘူး။ ဒါကို လူကြီးတွေအနေနဲ့ နားလည်စေချင်သလို လူငယ်တွေကလည်း ဖြစ်ချင်ရာဖြစ် ဖွတ်လုပ်တတ်တဲ့ အမူအကျင့်တွေကို ချင့်ချိန်စဉ်းစားပြီး လုပ်ဆောင်စေချင်တာနဲ့ ငါ့တူထံ ဒီစာရေးဖို့ အကြံရတာနဲ့ ရေးလိုက်ပြန်တယ် ငါ့တူရေ။

ပထမဆုံးအနေနဲ့ ခွဲခြားသိစေချင်တာကတော့ လုပ်ပိုင်ခွင့်နဲ့ ရပိုင်ခွင့်ဆိုတာပါ။ ဦးလေးအမြင် ဒီစကားလုံးလေးကို ငါ့တူကို ရှင်းပြချင်တယ်။ လက်ခံဖို့၊မခံဖို့ ဆိုတာကတော့ ငါ့တူရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ပဲပေါ့။ ဦးလေးပြောလို့ အမှန်ချည်းပဲဆိုတဲ့ အယူအစွဲတွေလည်း ငါ့တူအနေနဲ့ ရှိနေလောက်မယ် မထင်ပါဘူး။ အဲဒီလိုရှိမနေတာကိုပဲ ဦးလေးအနေနဲ့ အသိမှတ် ပြုချင်တာ။ ဒါမှလည်း သဘာဝကျတယ် မဟုတ်လား။ အကယ်၍ ရှိနေခဲ့ရင်လည်း ဒီစာကိုဖတ်တဲ့ အချိန်ကစပြီး ခေါင်းထဲကနေ မောင်းထုတ်ပစ်နိုင်အောင် ကြိုးစားစေချင်တယ်။

## လုပ်ပိုင်ခွင့်

လုပ်ပိုင်ခွင့်ဆိုတာကတော့ အထက်အောက်မရွေး ကိုယ့်ဘောင်ကိုယ့်စည်းထဲကနေ လုပ်ရမယ့်လုပ်နေတဲ့ ကိစ္စရပ်တွေပေါ့။ ဆိုလိုတာကကွာ၊ ခေတ်စကားနဲ့ပြောရရင် လုပ်ပိုင်ခွင့်ရှိလို့ လုပ်တယ်ဆိုတဲ့စကားမျိုးလိုပေါ့။ လွယ်လွယ်မှတ်ချင်ရင် လုပ်ပိုင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့လုပ်ရပ်ကို လုပ်ပိုင်ခွင့်လို့ မှတ်သားထားလိုက်ပေါ့။ ဒါက ဦးလေးအမြင်ကိုပြောတာနော်။

## ရပိုင်ခွင့်

ဒီကိစ္စမှာတော့ အမြင်နှစ်ဖက် ရှိသွားပြီ။ ဘယ်လိုအမြင်နှစ်ဖက်လဲဆိုတော့ ကိုယ်တိုင်လုပ်လိုက်တဲ့လုပ်ရပ်ကြောင့် ကိုယ်တိုင်အကျိုးခံစားရတဲ့ ရပိုင်ခွင့်နဲ့ လုပ်ပိုင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ လုပ်ရပ်ကြောင့် အောက်လက်ငယ်သားတွေအနေနဲ့ အကောင်းအဆိုး နှစ်မျိုးစလုံးကို ခါးသီးစွာခံစားလိုက်ရတဲ့ ရပိုင်ခွင့်ဆိုပြီး နှစ်မျိုးကွဲပြားသွားတယ်။ ငါ့တူ ခေါင်းထဲ ရှုပ်ထွေးသွားပြီလား။ သေချာအောင် တစ်ခေါက်လောက် ပြန်ဖတ်ကြည့်လိုက်ပေါ့။

ကိုယ်တိုင်လုပ်ပိုင်ခွင့်နဲ့ပတ်သက်လို့ ရရှိလိုက်တဲ့ ကိုယ်ပိုင်ရပိုင်ခွင့်ဆိုတာကိုတော့ အထူးပြောနေစရာလိုမယ် မထင်ဘူး။ ဒါကတော့ ကိုယ့်လုပ်ရပ်ကြောင့်ကိုယ်တိုင်ခံစားရတဲ့ အသီးအပွင့်ဆိုတော့ ဘာမှထူးထွေပြောနေစရာ မလိုဘူးလို့ ဦးလေးတော့ ထင်တာပဲ။ လွယ်လွယ်ပြောရရင်တော့ကွာ၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးတယ်ဆိုတော့ ကိုယ်ဖန်တီးလိုက်တဲ့ကြမ္မာကို ကိုယ်တိုင် ပြန်လည်ခံစားရတဲ့ သဘောပေါ့။

> လူသားမဆန်တဲ့ အပြုအမူ၊ အပြောအဆိုတွေနဲ့ ခရီးဆက်နေမယ်ဆိုရင်တော့ အဖွဲ့အစည်းဟာ ဘယ်တော့မှ ရေရှည်တည်တံ့နိုင်မှာ မဟုတ်သလို၊ အောင်မြင်မှု၊ တိုးတက်မှုဆိုတာတွေလည်း ဖြစ်လာမှာ မဟုတ်ပါဘူး

အေး. ဒီနေရာမှာ အဓိကထားပြောချင်တာကတော့ လုပ်ပိုင်ခွင့်ရှိတဲ့ပုဂ္ဂိုလ်တွေရဲ့လုပ်ရပ်ကြောင့် ရရှိခံစားလိုက်ရတဲ့၊ဒါထက်ပြောရရင် မျက်စိမှိတ်ခံစားလိုက်ရတဲ့ ရပိုင်ခွင့်ကို ဦးလေးအနေနဲ့ပြောချင်တယ်။ ဟုတ်တယ်၊ တစ်ခါတလေမှာ လုပ်ပိုင်ခွင့်ရှိတယ်ဆိုပြီး အောက်လက်ငယ်သားတွေကို မငဲ့ညှာတဲ့အထက်လူကြီးတွေရဲ့လုပ်ရပ်ကြောင့် ဘဝပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရတဲ့ သာဓကတွေရှိခဲ့တယ် မဟုတ်လား။ ဒါမျိုးတွေကတော့ ရှင်းရှင်းပြောရရင် အထက်ပုဂ္ဂိုလ်တွေရဲ့လူကြီးမဆန်တဲ့လုပ်ရပ်တွေကြောင့် ဆုံးရှုံးနစ်နာခဲ့ရတဲ့ ကိစ္စရပ်တွေပေါ့။

ဦးလေးအနေနဲ့ကတော့ ဘယ်အဖွဲ့အစည်းမျိုးကိုမဆို ဒါမျိုးတွေ ရှိမနေသင့်ဘူးလို့ ထင်တာပဲ။ ဦးလေးအနေနဲ့လည်း ဒါမျိုးတွေကို ခံစားခဲ့ရတာပဲ။ အဲဒီ အထက်ပုဂ္ဂိုလ်တွေရဲ့ လူသားမဆန်တဲ့၊ အကောင်းမြင်ဝါဒမရှိတဲ့၊ အတ္တသမားတွေရဲ့လုပ်ရပ်တွေကြောင့် အခြေမဲ့ခဲ့ရတဲ့ဘဝတွေကို ခါးသီးစွာပဲ ခံစားခဲ့ရတယ်။ ဒါပေမဲ့လည်း ကြုံတွေ့ခဲ့ရတဲ့ ဒီအဖြစ်အပျက်တွေထဲကနေ သင်ခန်းစာတွေယူရင်း ဘဝကိုဆက်လက်ရှင်ခွင့်ရဖို့ ရုန်းကန်နေရဆဲပါပဲကွာ။

ဥပမာတစ်ခု ပြောပြမယ်။ ကုမ္ပဏီတစ်ခုလို့ပဲ ထားလိုက်ပေါ့ကွာ။ အဲဒီမှာ မန်နေဂျာဆိုသူက ငါ့ကုမ္ပဏီမှာ ငါ လုပ်ပိုင်ခွင့်ရှိတယ်ဆိုပြီး လုပ်ချင်ရာ လုပ်နေရင်တော့ အဲဒီကုမ္ပဏီအနေနဲ့ ရေရှည်ရပ်တည်နိုင်ဖို့ဆိုတာ ဘယ်လိုမှ ဖြစ်လာမှာမဟုတ်ပါဘူး။ အပြစ်မရှိအပြစ်ရှာပြီး အောက်လက်ငယ်သားတွေကို ဆူပူကြိမ်းမောင်းတာတို့၊ ဝေဖန်ပြစ်တင်တာတို့၊ နှင်ထုတ်ပစ်တာတို့ စတဲ့ လုပ်ပိုင်ခွင့်ရှိတယ်ဆိုပြီး လူသားမဆန်တဲ့ အပြုအမူ၊အပြောအဆိုတွေနဲ့ ခရီးဆက်နေမယ်ဆိုရင်တော့ အဲဒီအဖွဲ့အစည်းမျိုးဟာ ဘယ်တော့မှ ရေရှည်တည်တံ့နိုင်မှာ မဟုတ်သလိုအောင်မြင်မှု၊ တိုးတက်မှုဆိုတာတွေလည်း ဖြစ်လာမှာ မဟုတ်ပါဘူး။

နောက်ပြီးတော့လည်း အဲဒီလို အဝေဖန်ခံရ ပြစ်တင်ခံရ နှင်ထုတ်ခံရတဲ့အောက်လက်ငယ်သားတွေ အနေနဲ့လည်း စားနေဝတ်ဒုက္ခအဖုံဖုံ၊ နောက်ဆုံးကွာဘဝပါ ပျက်စီးသွားနိုင်တယ် မဟုတ်လား။ ဒါက ဥပမာကိုပြောတာနော်။ ကုမ္ပဏီမှမဟုတ်ဘူး။ ဘယ်အဖွဲ့အစည်းမျိုးကိုမဆို ပြောလိုရင်း ဖြစ်တယ်။ ငါ့တူတို့အနေနဲ့ဒီလိုအဖြစ်အပျက်မျိုးတွေက မတွေ့ကြုံဖူးသေးတော့ လွယ်လွယ်ပဲ သဘောထားကောင်းထားနေလိမ့်ဦးမယ်။ ဒါပေမဲ့ အနာဂတ်မှာ ငါ့တူဟာ အဲဒီလို နေရာမျိုး မရောက်ဘူးလို့ ပြောလို့မရသေးဘူးမဟုတ်လား။ အေး အဲဒီလို အထက်လူကြီးတစ်ယောက်ဖြစ်လာခဲ့မယ်ဆိုရင်တော့ အတ္တကိုရှေ့တန်းတင်ပြီးတော့ ကိုယ်လုပ်ပိုင်

ခွင့်ရှိတယ်ဆိုတဲ့အမူအကျင့်တွေနဲ့ အောက်လက်ငယ်သားတွေကို ပျက်စီးရာပျက်စီးကြောင်း အလုပ်တွေကို မလုပ်မိဖို့တော့ ဦးလေးအနေနဲ့ အထူးတလည် မှာကြားလိုက်ရပါတယ်ကွာ။


ဘာဖြစ်လို့ ဒါတွေ မှာကြားနေရတာလဲဆိုရင် တချို့ကိစ္စတွေမှာ ကိုယ်တိုင်တွေ့ကြုံခံစားဖူးခြင်းမရှိရင် သိပ်ပြီး အလေးတမူမရှိတာဟာ လူတွေရဲ့မွေးရာလို ဖြစ်နေခဲ့ပြီ မဟုတ်လား။ ဒါပေမဲ့ လူတိုင်းလိုလို ဒီလို အတွေ့အကြုံတွေကို တစ်ခုမဟုတ်တစ်ခုတော့ နဖူးတွေ့ဒူးတွေ့တော့ ခံစားခဲ့ရဖူးလိမ့်မယ်လို့ ဦးလေးအနေနဲ့ ထင်မြင်မိတယ်ပေါ့ကွာ။ ဒါတွေ ဘာဖြစ်လို့ပြောရသလဲဆိုရင်တော့ ငါ့တူတို့အနေနဲ့ အထက်က ပြောခဲ့သလို အသက်အရွယ်လေးတွေက နုနယ်သေးတော့ ဒီလိုအဖြစ်အပျက် အတွေ့အကြုံတွေ မခံစားဖူးသေးတော့ ပေါ့ပေါ့တွက်နေမှာစိုးလို့ အခုလို ထပ်တလဲလဲမှာနေရတာ ဖြစ်တယ်ပေါ့ကွာ။ လူမှုရေးနယ်ပယ်မှာပဲဖြစ်ဖြစ်၊ ဘာသာရေးနယ်ပယ်မှာပဲ ဖြစ်ဖြစ်၊ နိုင်ငံရေးနယ်ပယ်မှာပဲ ဖြစ်ဖြစ်၊ ဘယ်လိုနယ်ပယ်မျိုးကိုမဆို အဲဒီလိုလုပ်ပိုင်ခွင့်ရှိတယ်ဆိုပြီး ကိုယ်ကျိုးအတွက်သာကြည့်တတ်တဲ့ လူမျိုးအတွက် အနာဂတ်လမ်းဟာ ဘယ်လိုမှ လှပနေလိမ့်မယ်မဟုတ်ဘူးဆိုတာ အထူးပြောနေစရာတောင် လိုမယ် မထင်ဘူး။ နောက်ပြီး အဲဒီလူရဲ့ သမိုင်းဟာလည်း သန့်ရှင်းတောက်ပြောင်မနေဘဲ မည်းမှောင်နေပါလိမ့်မယ်။

အဲဒီတော့ မကြာခင်မှာ ငါ့တူတို့ရဲ့လက်ထဲကို အနာဂတ်ကမ္ဘာသစ်ကြီးကတော့ အလှည့်ပြောင်းအနေနဲ့ ပခုံးလွှဲတာဝန်ယူခံဖို့ စောင့်ကြိုနေခဲ့ပြီ။ နောက်ပြီးတော့ ငါ့တူတို့အနေနဲ့ မကြာခင် အဖွဲ့စည်းတစ်ခုခုမှာ ခေါင်းဆောင်အဖြစ် တာဝန်ယူကြရတော့မယ်။ အေး အဲဒီလို ရောက်ရှိလာခဲ့မယ်ဆိုရင်တော့ မော်ကြွားမှု၊ မောက်မာမှုပုံရိပ်တွေနဲ့ ကိုယ့်လက်အောက်ရှိ အောက်လက်ငယ်သားတွေကို မဆက်ဆံဘဲ ချစ်ခင်သော၊ ကြင်နာသော၊ စာနာသော၊ နားလည်သော၊ အပြန်အလှန် လေးစားယုံကြည်သော အပြုအမူ၊ အပြောအဆိုတွေနဲ့ အနာဂတ်လမ်းကို ဖြောင့်တန်းတည့်မတ်စွာ လျှောက်လှမ်းနိုင်ပါစေလို့ မှာကြားလိုက်ရပါတယ်။ ။

အခန်း - ၂၃

# ကြိုတင်ဟောကိန်းထုတ်၍မရသော သေခြင်းတရား

လူ့ဘ၀ရဲ့
ခဏတာဖြစ်တည်မှုလေးမှာ
မသေခင်
အဓိပ္ပာယ်ရှိရှိနေထိုင်သွားဖို့
အလွန်အရေးကြီးတယ်မဟုတ်လား။
သေခြင်းတရားဆိုတာကတော့
ကြိုတင်ဟောကိန်းထုတ်လို့မရတဲ့
သဘာ၀ဓမ္မပဲပေါ့။
ဒီတော့
မသေခင် ဘာတွေလုပ်သွားမလဲ



'ဘဝကို ဖြစ်သလိုမနေ
အချိန်တန် ကွယ်လွန်ကြ
အဲဒီနှစ်ခုအလယ်မှာ
မင်းနဲ့တို့ တွေ့ကြ'

ကဖေးဆိုင်ကနေ အဆိုတော် အငဲရဲ့ ကြည်လင်ပြတ်သားတဲ့ သီချင်းသံကို ကြားနေခဲ့ရတယ်။ ဦးလေးလည်း ကိုယ်နဲ့ မတည့်မှန်းသိရဲ့နဲ့ စိတ်တစ်ခုကို မနိုင်သေးတော့ အာသာငမ်းငမ်း စီးကရက်တစ်လိပ်ကို အရသာခံရှိုက်ဖွာရင်း ချိုကျတစ်ခွက်နဲ့ စိတ်ပြေလက်ပျောက် ကဖေးဆိုင်ထိုင်ရင်း ငေးမောနေခဲ့တယ်။ ကဖေးဆိုင်ကလည်း လူငယ်တွေအထိုင်များတော့ ဒီလိုသီချင်းမျိုးတွေကိုပဲ ဖွင့်လေ့ဖွင့်ထရှိတယ်ပေါ့ကွာ။ ဒီသီချင်းလေးနားထောင်ရင်း အံတွေးစရတာနဲ့ ငါ့တူထံ စာရေးလိုက်ရပြန်တယ်။ ငါ့တူရော ကျန်းမာရဲ့လား။ အခုဆိုရင် နှစ်တစ်နှစ်တောင် ကုန်တော့မယ်။ မင်းလည်း ကျောင်းတွေပိတ်လို့ ဘာတွေ လုပ်နေခဲ့လဲ။

'ဘီဇ္ဇန ဓမ္မော ဘီဇ္ဇတိ။ နဿန ဓမ္မော နဿတိ' လို့ မြတ်စွာဘုရားရှင်ကတော့ ဟောခဲ့တယ် မဟုတ်လား။ အဓိပ္ပာယ်ကတော့ သင်္ခါရတရားတွေဆိုတာ ကွဲချိန်တန်ရင် ကွဲမှာပဲ၊ ပျက်ချိန်တန်ရင် ပျက်မှာပဲတဲ့။ ဘာမှ မတည်မြဲဘူး ဆိုတဲ့သဘော။ ဒုက္ခခပ်သိမ်း နိဗ္ဗာန်ကို မရောက်သေးသမျှ ကာလပတ်လုံး ဒီသင်္ခါရသဘောတရားတွေနဲ့ ရင်ဆိုင်ရှင်သန်နေသမျှကတော့ ပျက်ချိန်တန် ပျက်၊ ကွဲချိန်တန် ကွဲနေရဦးမှာပဲ မဟုတ်လား။

တရားသဘောတွေ ပါဝင်ရောယှက်နေတော့ ငါ့တူအနေနဲ့ ငြီးငွေ့သွားမလား မသိဘူး။ ဒါပေမဲ့ ဒီစာလေးကိုတော့ ပြီးဆုံးတိုင်အောင်ဖတ်ဖို့တော့ ဦးလေး တိုက်တွန်းတောင်းဆိုလိုက်ပါတယ်။ ငါ့တူတို့က အသက်လေးတွေငယ်သေးတော့ သေခြင်းတရားက ရောက်မလာသေးဘူးလို့ ထင်ကောင်းထင်နေလိမ့်မယ်။ ဒါပေမဲ့ သေခြင်းတရားကတော့ ကြီးငယ်မရွေး ဘယ်သူ့ကိုမှ ချန်မထားဘဲ တစ်နေ့မဟုတ် တစ်နေ့တော့ ခေါ်လာလိမ့်မယ် မဟုတ်လား။

အခု တိုက်တိုက်ဆိုင်ဆိုင် ဒီစာလေးရေးနေတုန်း ဦးလေးရေးနေတဲ့ ဘောလ်ပင် မင်ကုန်သွားတယ်။ ဒါနဲ့ အနီးအနားမှာရှိတဲ့ မင်နီကိုပဲ ထုတ်ပြီး ရေးလိုက်ရတယ်။ ဒါဟာလည်း ကုန်ချိန်တန်လို့ ကုန်သွားတယ်မဟုတ်လား။ လူ့ဘဝရဲ့ ခဏတာဖြစ်တည်မှုလေးမှာ မသေခင် အဓိပ္ပာယ်ရှိရှိနေထိုင်သွားဖို့ အလွန်အရေးကြီးတယ် မဟုတ်လား။ သေခြင်းတရားဆိုတာကတော့ ကြိုတင်ဟောကိန်းထုတ်လို့မရတဲ့ သဘာဝမွေ့ပဲပေါ့။ ဒီတော့ မသေခင် ဘာတွေ လုပ်သွားမလဲ။ ငါ့တူကို မေးရင်း ငါ့တူရဲ့လုပ်ဆောင်ချက်တွေကို မသေခင် စောင့်ကြည့်သွားဦးမယ်လေ။ ငါ့တူအနေနဲ့ အမြဲတမ်းဆင်ခြင်ရမှာကတော့ လူ့ဘဝကို ရလာတာနဲ့အမျှ သေခြင်းတရားကို ဘယ်လိုတန်ခိုးကြီးမားတဲ့ နတ်ဘုရားတောင်မှ တားဆီးလို့ မရသလို သူတို့ကိုယ်တိုင်တောင် မလွန်ဆန်နိုင်ဘူးဆိုတာပါပဲ။

ဘုရားလက်ထက်ကဝတ္ထုဇာတ်လမ်းတစ်ပုဒ် ပြောပြမယ်။ ဝတ္ထုအနေနဲ့ကတော့ ထူးဆန်းတဲ့ဖြစ်ရပ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘုရားဟောခဲ့တဲ့တရားတော်ကြောင့် ရဟန္တာမ ဖြစ်သွားတယ်ဆိုတော့ လေးလေးနက်နက် မှတ်သားစေချင်တယ်ပေါ့ကွာ။ ဘုရင်ကောသလမင်းနဲ့ ကြင်ရာတော်ဥဗ္ဗိရီတို့ သမီးငယ် ဇီဝါ–ဟာ အသက်နှစ်နှစ်လောက်မှာ သေဆုံးသွားတယ်။ ဇီဝါ–ဆိုတော့ မြန်မာလိုခေါ်ရင်တော့ မသက်ရှည်ပေါ့ကွာ။ အဲဒီ မသက်ရှည်လေး အသက်မရှည်ဘဲ အသက်ငယ်ငယ်နဲ့ ဆုံးသွားတော့ ကောသလဘုရင်ကြီးအနေနဲ့ ယောက်ျားဖြစ်တော့ စိတ်ထိန်းနိုင်ပေမယ့် မိခင်ဖြစ်တဲ့ ဘုရင်မကြီးဥဗ္ဗိရီကတော့ အမေဆိုတဲ့ ကြီးမားတဲ့ မေတ္တာစိတ်တွေ၊ ကိုးလလွယ်ပြီး အသက်ပေးမွေးထားရ


ဘယ်လိုရိက္ခာထုပ်တွေကို ထုပ်ပိုးပြီး ဆက်လက်ရွက် လွှင့်ထွက်သွားကြမလဲ။ လူ့ဘဝမှာ လူသားအဖြစ်အသက် ရှင်နေထိုင်ဆဲအခိုက်မှာ စစ်မှန်တဲ့အလုပ်တွေနဲ့ သက် သေပြနိုင်ဖို့ လုပ်ဆောင်ကြရမယ်ပေါ့ကွာ။

လေတော့ ရှုမငြီးစဖွယ် ချစ်သမီးငယ်လေးသေတော့ အပူမီးတွေ တောက်လောင်ပြီး နေ့စဉ်ရက်ဆက်ဆိုသလို ငိုကြွေးနေခဲ့တာပေါ့။

တစ်နေ့ သမီးလေး မြှုပ်နှံထားတဲ့ သုသာန်ကိုသွားပြီးတော့ ငိုကြွေးနေခဲ့တယ်ပေါ့။ ဒါကို ဘုရားရှင်ကသိတော့ ကြွသွားခဲ့တယ်။ "ချစ်သမီး ဥဗ္ဗိရီ၊ သင် ဘာ့ကြောင့် ငိုကြွေးနေတာလဲ မေးတော့" "သမီးလေးအသက်ငယ်ငယ်နဲ့ သေဆုံးသွားလို့ ငိုရပါကြောင်း"ကို ဘုရားရှင်ကို လျှောက်ကြားခဲ့တယ်။ "ချစ်သမီး ဥဗ္ဗိရီ၊ သင် ငိုကြွေးခဲ့တာ ဘဝပေါင်းထောင်သောင်းမက များပြားလှခဲ့ပြီ။ အခြားအခြား သောနာမည်တွေနဲ့ သေတဲ့လူကို ထားဦး။ ဒီနေရာ၊ ဒီသုသာန်မှာ ဇီဝါ–ဆိုတဲ့ နာမည်နဲ့သေတဲ့ သမီးပေါင်း ရှစ်သောင်းလေးထောင် လောက်အထိ ဒီနေရာမှာလာပြီး ငိုကြွေးခဲ့ဖူးတယ်။ အခု ဒီရှစ်သောင်း လေးထောင်ထဲက ဘယ်သမီးကို ပိုချစ်လို့ ဘယ်သမီးအတွက် အခုလို လာပြီး ငိုကြွေးနေခဲ့ရတာလဲ"လို့ ဘုရားက မေးတော့မှ ဥဗ္ဗိရီလည်း အငိုစဲပြီး တရားတွေ ရှုမှတ်ပွားများလိုက်တာ နောက်ဆုံး ဘိက္ခုနီ ဝတ်ပြီး ရဟန္တာမ ဖြစ်သွားတယ်။

ငါ့တူတို့အရွယ်လေးတွေက အလွန် နုပျိုလန်းဆန်းတက်ကြွ နေသေးတဲ့ အရွယ်လေးတွေပေါ့လေ။ ဒါပေမဲ့ အခုအချိန်မှာ သေခြင်း တရားနဲ့ ရင်မဆိုင်ရသေးဘူးလို့တော့ ပြောလို့မရဘူးပေါ့ကွာ။ ဇာတိဆို တဲ့ ပဋိသန္ဓေနေလာရတဲ့ သတ္တဝါမှန်သမျှဟာ နောက်ဆုံးတော့ မရဏ မင်းရဲ့လက်တွင်းကို သက်ဆင်းကြရတာပဲ မဟုတ်လား။ ဘယ်အသက် အရွယ် ဘယ်အချိန်မှာသေရမလဲဆိုတာ ကြိုတင်တွေးတော မရနိုင် ပေမယ့် တစ်နေ့တော့ ဒီလမ်းကိုပဲ သွားကြရတယ်ပေါ့။ ဒီတော့ ဘယ်လိုမှလွန်ဆန်လို့မရနိုင်တဲ့ ဒီသေခြင်းတရားကြီးကို ငါ့တူအနေနဲ့ မမေ့မလျော့ဘဲနေဖို့ ဦးလေးမှာချင်တာပါ။

အဲဒီလို ကြိုတင်ဟောကိန်းထုတ်လို့မရတဲ့ သေခြင်းတရား ကတော့ အသက်ကြီးငယ်မရွေး လာခေါ်ပါလိမ့်မယ်။ ဒီတော့ လူ့ဘဝ ဆိုတဲ့ ဇရပ်တစ်ခုထဲ ဧည့်သည်အဖြစ် ဝင်ရောက်နားခိုကြရတဲ့ သံသရာခရီးသွားတွေဆိုတော့ နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင် မရောက်မချင်း ဆက်လက် ခရီးဆက်လှမ်းပြီး ရှက်လွှင့်ထွက်ခွာနေကြရဦးမယ် မဟုတ်လား။ ဒီတော့



လမ်းခရီးမှာ မပင်မပန်း ဖြစ်စေဖို့ ရိက္ခာထုပ်တွေ ထုပ်နိုင်သမျှ ထုပ်ယူနိုင်ဖို့လိုတယ် မဟုတ်လား။ မသေခင် ဘာတွေ လုပ်ကြမလဲ။ ဘယ်လိုရိက္ခာထုပ်တွေကို ထုပ်ပိုးပြီး ဆက်လက်ရွက်လွှင့်ထွက်ခွာကြမလဲ။

လူ့ဘဝမှာ လူသားအဖြစ် အသက်ရှင်နေထိုင်ဆဲ အခိုက်မှာ လူသားတစ်ယောက်ရဲ့စစ်မှန်တဲ့ အလုပ်တွေနဲ့ သက်သေပြနိုင်ဖို့ လုပ်ဆောင်ကြရမယ်ပေါ့ကွာ။ ဦးလေး မှာချင်တာကတော့ အသက်ငယ်သေးလို့ဆိုပြီး သေခြင်းတရားကတော့ ညှာတာနေမှာ မဟုတ်ဘူးဆိုတာပါပဲ။ အဲဒီလို မညှာမတာ လာခေါ်မယ့် သေခြင်းတရား ရောက်မလာခင်လေးမှာ အတ္တဟိတ ဆိုတဲ့ ကိုယ်ကျိုးတွေ၊ ပရဟိတ ဆိုတဲ့ သူတစ်ပါးကောင်းကျိုးတွေကို စွမ်းအားရှိသရွေ့ လုပ်ဆောင်ဖို့ တိုက်တွန်းချင်တာပါ။ ဘာပဲဖြစ်ဖြစ် မရဏမင်းကတော့ ကြီးငယ်မရွေး ခေါ်နေဆဲဆိုတာ မမေ့ဖို့ ဦးလေး တိုက်တွန်းရင်း။ ဒီတစ်ပတ် ဒီမှာပဲ စာကို နားလိုက်ပါတယ်။ ။

အခန်း - ၂၄

# ဆုံးဖြတ်ချက်နဲ့ ရှေ့ခရီးစဉ်

လူ့ဘဝကြီးကို
ကြီးကြီးမားမား မဖြစ်ရင်တောင်
သေးသေးမွှားမွှားမဖြစ်ရလေအောင်
ရုန်းကန်လှုပ်ရှားရင်း
ပင်ပန်းဆင်းရဲစွာ ဖြတ်သန်းနေရတော့
တစ်ခါတလေ ငြီးငွေ့စိတ်ပျက်စွာနဲ့
စိတ်ပစ်၊လက်ပစ် ဖြစ်ချင်ရာဖြစ်
နေပစ်လိုက်ချင်တယ်။
ဒါပေမဲ့
ဒီအသေးအမွှားလောကဓံလေးတွေကို
သည်းမခံနိုင်ရင်
တော်တော်ညံ့ရာကျနေမှာပေါ့


SUEYINT

ငါ့တူရေ ဒီတစ်ပတ် စာရေးတာ နည်းနည်း နောက်ကျသွားတယ်။ ဦးလေးလည်း မအားဘူး ဖြစ်နေတယ်။ ဒီအတွက် ခွင့်လွှတ်ပေးပါလို့ တောင်းဆိုလိုက်ပါတယ်။ လူ့ဘဝကြီးကို ကြီးကြီးမားမား မဖြစ်ရင်တောင် သေးသေးမွှားမွှား မဖြစ်ရလေအောင် ရုန်းကန်လှုပ်ရှားရင်း ပင်ပန်းဆင်းရဲစွာ ဖြတ်သန်းနေရတော့ တစ်ခါတလေ ငြီးငွေ့စိတ်ပျက်စွာနဲ့ စိတ်ပစ်၊ လက်ပစ် ဖြစ်ချင်ရာဖြစ် နေပစ်လိုက်ချင်တယ်။ ဒါပေမဲ့ ဒီအသေးအမွှားလောကဓံလေးတွေကို တောင် သည်းမခံနိုင်ရင် တော်တော်ညံ့ရာကျနေမှာပေါ့ဆိုတဲ့ အတွေးခေါင်းထဲဝင်လာတော့ အားတင်းထားခဲ့ရတယ်ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ လူသားတစ်ယောက်အနေနဲ့ မဖြစ်မနေရင်ဆိုင်ဖြတ်သန်းနေရမယ့် ဒီလိုကိစ္စလေးတွေကို မကျော်လွှားနိုင်ရင် လူဖြစ်ရကျိုး ဘယ်နပ်မလဲ မဟုတ်လား။ အဲဒီတော့ အနာဂတ်ခရီးမှာ ဖြောင့်တန်းစွာလျှောက်လှမ်းနိုင်ဖို့ စိတ်ဓာတ်တွေတင်းပြီး ဆက်လက်ရှက်လွှင့်ထွက်ခွာနေခဲ့ရတယ်ပေါ့ကွာ။

ဒီစာလေးမရေးခင် ဦးလေးလည်း ကော်ဖီမစ်ထုပ်လေးဖျော်သောက်၊ ဆေးလိပ်တိုလေးဖွာနေရင်း ဦးလေး အရင်က အတွေးသစ်ဂျာနယ်မှာရေးခဲ့တဲ့ဆောင်းပါးလေးတစ်ပုဒ် ခေါင်းထဲရောက်လာတာနဲ့ အခု အဲဒီဆောင်းပါးထဲက ဇာတ်လမ်းကို ငါ့တူကိုပြောပြချင်တာနဲ့ပဲ ဒီဆောင်းပါးလေးကို ရေးဖြစ်လိုက်တယ်။ အမှန်ကတော့ ဒီဆောင်းပါးထဲက ဦးလေးဇာတ်ကောင်က အိပ်မက်ထဲက ရလိုက်တာပါ။ ဒါနဲ့ ဒီဆောင်းပါးလေးရဲ့အမည်ကို " အိပ်မက်ထဲကဇာတ်ကောင်" ဆိုပြီး ပေးလိုက်တယ်။ ဒီဆောင်းပါးလေးကို အတိုအကျဉ်းဆိုသလို လိုရင်းလောက်ကိုပဲ ငါ့တူကို ပြောပြလိုက်ပါတယ်။

တစ်နေ့လူပေါင်းများစွာတင်ဆောင်လာတဲ့ သင်္ဘောကြီးတစ်စီး ကမ်းမမြင်လမ်းမမြင်နဲ့ ပင်လယ်ထဲကို ထွက်ခွာလာခဲ့တယ်။ အဲဒီသင်္ဘောကြီးရဲ့အသက်လို့ဆိုရမယ့် လမ်းပြအိမ်မြှောင်ကို

လူငယ်တစ်ဦးရဲ့ဦးထုပ်ထဲမှာ တပ်ဆင်ထားခဲ့ကြတယ်။ ဒီတော့ ဒီသင်္ဘောကြီးရဲ့အသက်ဟာ အဲဒီလူငယ်ရဲ့လက်ထဲမှာရှိနေတယ်လို့ ဆိုရမှာပေါ့။ မကြာခင်မှာပဲ ပင်လယ်မျက်နှာပြင်တစ်ခုလုံး မိုးမှောင်တွေ ကျလာတယ်။ မိုးစက်မိုးပေါက်လေးတွေနဲ့အတူ လေပြင်းပါ တိုက်ခတ်လာခဲ့တယ်။ သင်္ဘောကြီးနဲ့မနီးမဝေးမှာ အဘွားအိုကြီးတစ်ယောက်ဟာ လှေကလေးလှော်ခတ်ပြီး သင်္ဘောကြီးဆီဦး တည့်လာနေခဲ့တယ်။

လူငယ်က အဲဒီအဘွားအိုကိုမြင်တော့ ဘာမှလည်း ဆောင်းစရာမပါတော့ သူဆောင်းထားတဲ့ လမ်းပြအိမ်မြှောင်တပ်ဆင်ထားတဲ့ ဦးထုပ်ကို အဘွားအိုရဲ့လှေထဲကို ပစ်ပေးလိုက်တယ်။ မကြာခင်မှာပဲ မိုးသက်လေပြင်းက အားကုန် ဖွင့်မောင်းနှင်လာခဲ့တယ်။ သင်္ဘောပေါ်မှာရှိတဲ့ လူတွေကတော့ ကိုယ်ကိုးကွယ်ရာအသီးသီး ဘုရားတနေခဲ့ကြတယ်။ သင်္ဘောကြီးဟာလည်း ဘာမှ မမြင်ရအောင် မှောင်မည်းနေခဲ့တယ်။ အဲဒီအချိန်မှာ တာဝန်ရှိသူတွေအနေနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်နေကြတယ်။ လူငယ်ကိုခေါ်ပြီး စစ်ဆေးကြတယ်ပေါ့။ နောက်ဆုံးစစ်ဆေးအပြီးမှာ အရေးကြီးတဲ့ပစ္စည်းကို အလွဲသုံးစားလုပ်မှုကြောင့် လူငယ်ကို သင်္ဘောပေါ်ကနေပစ်ချဖို့ ဆုံးဖြတ်ချက် ချလိုက်တယ်ပေါ့။

ဒါနဲ့စကားမစပ် ဦးလေးကြုံတင်မှာချင်တာက အဲဒီဇာတ်လမ်းထဲက လူငယ်ပြောတဲ့စကားကို ငါ့တူအနေနဲ့ လေးလေးနက်နက်ထားပြီး စဉ်းစားတွေးခေါ်နိုင်ဖို့ ဦးလေးတိုက်တွန်းချင်တာပါ။ အခု သူတို့လူငယ်ကို စစ်ဆေးတဲ့စကားလေးကို အဓိကထား ပြောပြချင်တာပါ။

> ကိုယ်လုပ်မယ့်လုပ်ရပ်ဟာ ကိုယ့်အတွက် အကျိုးရှိသလား။ ပတ်ဝန်းကျင်အတွက်ရော ဘယ်လောက်အထိ အကျိုးရှိသွားနိုင်မလဲ။ နောက် ပတ်ဝန်းကျင်ကိုလည်း မထိခိုက်ဘူးဆိုရင်တော့ ဆုံးဖြတ်ချက်ချပြီးတာနဲ့

"မင်းဘာဖြစ်လို့ ဒီလောက်အရေးကြီးတဲ့ ပစ္စည်းကို အလွဲသုံးစားနဲ့ ပေါ့ပေါ့ဆဆ လုပ်လိုက်တာလဲ "

"ဟုတ်ပါတယ်၊ ကျွန်တော် ကိုင်ဆောင်ခဲ့ရတဲ့ အဲဒီဦးထုပ်ဟာ အရေးကြီးတယ်ဆိုတာ သိပါတယ်။ ဒီသဘောကြီးရဲ့ အသက်ဆိုတာလည်း ကျွန်တော် မမေ့ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့မှာ အန္တရာယ်ကြုံမကြုံဆိုတာ အနာဂတ်မှာပဲ ရှိပါသေးတယ်။ အနာဂတ်ဆိုတာဟာလည်း ကြိုတင်မြင်နိုင်တဲ့အရာ မဟုတ်ပါဘူး။ အခုလို ကြုံတွေ့လာလိမ့်မယ်လို့ ကျွန်တော်အစက ကြိုသိခဲ့ရင်တော့ အဘွားအိုထံပစ်ချဖို့ စိတ်တောင်ကူးမိမယ် မထင်ပါဘူး"

"အခုတော့ ခင်ဗျားတို့သိတဲ့အတိုင်း အဘွားအိုကြီးမှာ ဘာမှ ဆောင်းစရာ မပါရှာဘူး။ မိုးစက်တွေထဲမှာ ဒီလိုပဲ လျော့ခတ်သွားတာကို ဆက်ကြည့်ဖို့ ကျွန်တော့်စိတ်နဲ့ အသိဉာဏ်က ခွင့်မပြုဘူး။ ဒါ့ကြောင့် ပစ္စုပ္ပန်တည့်တည့်မှာ ဒုက္ခရောက်နေတဲ့ အဘွားအိုထံကို ပစ်ချလိုက်တာပါ။ ဒါဟာ ပေါ့ပေါ့ဆဆ မဟုတ်ဘဲ လေးလေးနက်နက်စဉ်းစားပြီးမှ လုပ်လိုက်ရတာပါ"တဲ့။

ကဲ . ငါ့တူရေ၊ ဦးလေးရဲ့အိပ်မက်ထဲက ဇာတ်ကောင်ပြောခဲ့တဲ့စကားကို ဘယ်လိုသဘောရသလဲ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ဦးလေးအမြင်ကတော့ သူ့အနေနဲ့ လုပ်သင့်လုပ်ထိုက်တာကို တွေးတွေးဆဆနဲ့ ဆုံးဖြတ်ချက်ချပြီးမှ လုပ်လိုက်တယ်လို့ပဲ ဦးလေးတော့ ထင်မြင်မိတယ်။ သူ့အကယ်၍ သဘောပေါက ပစ်ချခဲ့ရရင်တောင် ဦးလေးရဲ့ဇာတ်ကောင်လူငယ်ဟာ တည်တည်ငြိမ်ငြိမ်နဲ့ပဲ အပစ်ချခံလိမ့်မယ်လို့ ဦးလေးတော့ ယုံကြည်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့.သူဟာ လုပ်သင့်လုပ်ထိုက်တယ်လို့ထင်တာကို ကျေကျေနပ်နပ်လုပ်လိုက်ရလို့ သူ့လုပ်ရပ်ကို ကျေနပ်နေလိမ့်မယ်လို့ ထင်လို့ပါ။

ဦးလေးအနေနဲ့လည်း ငါ့တူကို အဲဒီဇာတ်ကောင်လူငယ်ရဲ့ စရိုက်မျိုးကို လိုက်နာစေချင်တယ်၊ အတုယူစေချင်တယ်ပေါ့ကွာ။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခါတလေမှာ ကိုယ့်အထက်က မိဘ၊ ဆရာသမား၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းရဲ့ ဖိအားတွေကြောင့်





ကိုယ်မှန်တယ်ထင်တာတွေကို မလုပ်ရဲတာ၊ နောက် မလုပ်လိုက်ရတဲ့အတွက် ကိုယ့်အတွက်ရော၊ ပတ်ဝန်းကျင်အတွက်ပါ နစ်နာနိုင်တာတွေရှိသလို အကျိုးရှိတာတွေလည်း ရှိမယ် မဟုတ်လား။ ဒါပေမဲ့ အလုပ်ကို လုပ်တော့မယ်ဆိုရင် ပထမဆုံး စဉ်းစားတွေးခေါ်ဖို့ လိုတယ်ပေါ့ကွာ။ ကိုယ်လုပ်မယ့်လုပ်ရပ်ဟာ ကိုယ့်အတွက် အကျိုးရှိသလား။ ပတ်ဝန်းကျင်အတွက်ရော ဘယ်လောက်အထိ အကျိုးရှိသွားနိုင်မလဲ။ နောက် ပတ်ဝန်းကျင်ကိုလည်း မထိခိုက်ဘူးဆိုရင်တော့ ဆုံးဖြတ်ချက်ချပြီးတာနဲ့လုပ်ရဲတဲ့သတ္တိကိုမွေးပြီးတော့ အမြန်ဆုံးလုပ်ဆောင်နိုင်အောင်၊ လုပ်ဆောင်ဖြစ်အောင်ကိုလုပ်ပါလို့ ဦးလေးအနေနဲ့ တိုက်တွန်းချင်တာပါ။

ဦးလေးပြောတာကိုရော သဘောပေါက်ရဲ့လားတော့ မသိဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခါတလေမှာ မှန်တယ်ထင်တဲ့လုပ်ရပ်တွေကို လုပ်ရဲတဲ့သတ္တိမရှိဘဲ နောက်ဆုတ်သွားကြတဲ့ လူငယ်တွေရဲ့ ဖြစ်ရပ်တွေ မကြာခဏ ဆိုသလို ကြုံနေရလွန်းလို့ပါ။ ဒီတော့ ခရီးတွင်သင့်သလောက် မတွင်တာတို့ ရှေ့တန်းရောက်သင့်ပါလျက် မရောက်တာတို့–စတဲ့ အဖြစ်မျိုးတွေကို မဖြစ်စေချင်လို့ပါ။ လူမိုက်အားပေးနေတာ မဟုတ်ဘူးဆိုတာတော့ ငါ့တူသဘောပေါက်မယ်လို့ ယုံကြည်ပါတယ်။ မိဘ၊ဆရာသမားဆိုတာတွေကတော့ ကိုယ့်အတွက် ဘယ်တော့မှ မကောင်း မပြောကြပါဘူး။ ဒါပေမဲ့ တစ်ခါတလေမှာ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ရပ်တွေကိုတော့ သူတို့ရဲ့ဖိအားတွေနဲ့ လေးလံပြီး မလုပ်ရဲ၊ မကိုင်ရဲဖြစ်ပြီး ရှေ့တန်းမရောက်မှာကို စိုးရိမ်မိလို့ ဦးလေး ဒီစာလေးရေးပြီး အသိပေးလိုက်ရပါတယ်။ ။

အခန်း - ၂၅

# မိမိကိုယ်ကိုယ်တန်ဖိုးထားပါ

မပြီးဆုံးသေးတဲ့ အနာဂတ်ခရီးရှည်ကြီးကို
ချီတက်နေတဲ့အခါမှာ
လမ်းခရီးဟာ သာသာယာယာနဲ့
ဖြောင့်ဖြောင့်ဖြူးဖြူးလျှောက်လှမ်းနိုင်ဖို့
ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား လေးစားရမယ်
မဟုတ်လား။
ကိုယ့်ကိုယ်ကိုတန်ဖိုးထားလေးစားမှုလည်း
ကြိုတင်မှန်းဆမရတဲ့ လောကဓံဆိုတဲ့
ဆူးငြောင့်ခလုတ်တွေကို
ဖယ်ရှားပြီး ကျော်လွှားသွားနိုင်မယ်



ငါ့တူရေ . ဒီတစ်ပတ်တော့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားလေးစားပြီး သိမြင်တတ်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး ဦးလေး ပြောပြချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကိုယ် ကိုယ် တန်ဖိုးမထား၊ မလေးစားရင် လူ့အဖြစ်ရဲ့ ခဏတာမှာ အဓိပ္ပာယ်ရှိရှိရှင်သန်မှုတွေ တစ်စတစ်စ မှေးမှိန်လာပြီး အထီး ကျန်ဆန်စွာ ဘဝကိုရင်ဆိုင်ရင်း နောက်ဆုတ်ပေးရတော့တာပဲ မဟုတ်လား။

"အတ္တသမံ ပေမံ နတ္ထိ"လို့ ဗုဒ္ဓက ဟောကြား ခဲ့တယ် မဟုတ်လား။ လောကမှာ ကိုယ့်ကိုယ်ကိုယ်သာလျှင် အခင်မင်ဆုံး၊ အချစ်ခင်ဆုံးလို့ ဆိုလိုတယ်။ အဲဒီတော့ ကိုယ့် ကိုယ်ကိုယ်တန်ဖိုးထား၊ လေးစားပြီး ချစ်ခင်နိုင်အောင် ဘယ် လိုနေထိုင်မလဲ၊ ဘယ်လိုရှင်သန်မလဲ။ "ငါ့မြင်းငါစိုင်း ရှစ်ကိုင်း ရောက်ရောက်၊ ငါ့လှေငါထိုး ပဲခူးရောက်ရောက်" ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့တော့ ခရီးတွင်မှာ မဟုတ်ဘူး။ တကယ်လို့ အဲဒီလို စိတ်ဓာတ်မျိုးတွေ ရှိနေခဲ့ရင်လည်း အခုကတည်းက မောင်းထုတ်ရင်း သန့်စင်မွန်မြတ်စွာ စိတ်ဓာတ်ကို မွေးမြူပြီး အနာဂတ်လမ်းဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်စေဖို့ ဦးလေး အနေနဲ့ ရှေးဦးစွာ တိုက်တွန်းလိုက်ပါတယ်။

အေး ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထားဘဲ ကိုယ်ထင်ရာ စိုင်းနေမယ်ဆိုရင်တော့ ဘဝအတွက် ပျက်စီးမှုရဲ့လမ်းစပေါ် တဖြည်းဖြည်း ရောက်လာတော့တာပဲပေါ့။ များသောအားဖြင့် အခုကမ္ဘာမှာ အောင်မြင်ကျော်ကြားနေတဲ့ပုဂ္ဂိုလ်တွေဟာ ကိုယ့် ကိုယ်ကိုယ် တန်ဖိုးထား၊ လေးစားမှုဆိုတာတွေ ရှိခဲ့ကြတယ်။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထား၊ မလေးစားဘူးဆိုရင်လည်း အောင်မြင်ကျော်ကြားမှုဆိုတာ ရှိမှာမဟုတ်ဘူးလို့ ဦးလေးတော့ ယုံကြည်တယ်။

## Man is social animal
## 'လူဆိုတာ လူမှုရေးသတ္တဝါ'တဲ့။

လူဆိုတာ တစ်ယောက်တည်းနေလို့ မဖြစ်ဘူး။ ပတ်ဝန်းကျင်နဲ့ အလိုက်သင့်နေထိုင်တတ်ဖို့ အရေးကြီးတယ်။ အသင်းအဖွဲ့ အသိုင်းအဝိုင်း ဆိုပြီး အုပ်စုလိုက်နေထိုင်ကြတဲ့ လူတွေနဲ့ ဆက်ဆံနေရတဲ့အခါ ငါတကောကောပြီးနေလို့ မဖြစ်ဘူး။ ဆိုလိုတာ ကိုယ့်အတ္တကို ရှေ့တန်းမတင်ဖို့ပေါ့။ ငါ့တူကို ဦးလေးအဖြစ်အပျက်လေးတစ်ခု ပြောပြချင်တယ်။

ဦးလေး အခုနေထိုင်တဲ့ရပ်ကွက်ထဲက ကိုနိုင်ဆိုတဲ့ လူငယ်တစ်ယောက်အကြောင်းပေါ့။ သူဟာ ခေတ်ပညာတတ်တစ်ယောက်ဆိုရင်လည်း မမှားဘူးပေါ့။ ဘွဲ့ဒီဂရီတစ်ခုရထားတယ်ဆိုပါတော့။ ဘာဘွဲ့ဆိုတာတော့ ဦးလေးလည်း မသိဘူးပေါ့ကွာ။ ခက်တာက သူဟာ အနေအထိုင်မတတ်ဘူး။ ခေတ်စကားနဲ့ပြောရရင်တော့ ထောင်လွှားလွှားနဲ့ ထောင့်မကျိုးဘူးပေါ့ကွာ၊ မိဘအသိုင်းအဝိုင်းကလည်း အရမ်းကြီး မချမ်းသာပေမယ့် ပြေပြေလည်လည်ဆိုပါတော့၊ သူ့တို့ဆွေမျိုးအသိုင်းအဝိုင်းထဲမှာ သူ့လို ဘွဲ့ရပညာတတ်ဆိုတာ မရှိတော့ မိဘတွေအနေနဲ့ ပျော်မဆုံး၊ မော်မဆုံးပေါ့။


ဒီလိုနဲ့နေလာလိုက်တာ ကိုယ်ရထားတဲ့ ဘွဲ့လေးနဲ့ အလုပ်အကိုင်လေးတစ်ခုတောင် မယ်မယ်ရရလုပ်မယ် မရှိဘူး။ တစ်နေကုန် တစ်နေခန်း သောက်စားနေလိုက်တာ အခုဆို အရက်သမားကြီး ဖြစ်နေခဲ့ပြီပေါ့ကွာ။ ဘွဲ့ရထားတယ်ဆိုပေမယ့် အခုလိုအချိန်နဲ့အမျှ အရက်ဆိုင်မှာပဲ ဘဝတစ်ခုလုံး မြှုပ်နှံထားလေတော့ ပတ်ဝန်းကျင်ကလည်း ဘယ်သူကမှ အထင်

လူ့အဖြစ်ဆိုတဲ့ ခဏတာ အသက်ရှင်နေထိုင်ခိုက်မှာ တန်ဖိုးရှိရှိ အသက်ရှင်နေထိုင်နိုင်ဖို့ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်တွေကို ဆင်ဆင်ခြင်ခြင်နဲ့ ပြုမူပြောဆိုနေထိုင်သွားပါလို့ ဦးလေး မှာကြားလိုပါတယ်။

ကြီးလေးစားမှုဆိုတာတွေ မရှိကြတော့ဘူးပေါ့။ နောက်ဆုံး ကွာ၊ လူတွေက သူ့ကိုတွေ့ရင် အော်ဂလီဆန်တဲ့ အကြည့် တွေနဲ့ ကြည့်ကြတယ်။ မကြားတကြား ဝေဖန်သံတွေနဲ့ ပြောဆိုကဲ့ရဲ့ပြီး ထိုးနှက်တာမျိုးတွေတောင် ခံရတယ်ပေါ့။ သူ့မိတ်တွေဆိုရင်လည်း အခုဆို ပတ်ဝန်းကျင်မှာ ခေါင်းမဖော် ဝံ့လောက်အောင်ကို ဂုဏ်သိက္ခာတွေ ထိပါးသွားရတယ်ပေါ့။

ကဲ ငါ့တူရေ၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထား၊ မလေးစားတဲ့ လူတစ်ယောက်ရဲ့ဘဝနိဂုံးဟာ ရင်လေးဖွယ် ရာပဲ မဟုတ်လား။ အသက်အရွယ်လေးလည်း ရှိ၊ ခေတ်ပညာ လေးလည်းရှိပြီး ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထား၊ မလေးစား တဲ့ လူတစ်ယောက်ကို ငါ့တူအနေနဲ့ ဘယ်လို ရှုမြင်နိုင်မလဲ။ ကိုယ့်သမိုင်းကိုယ် ရေးကြတာတော့ မှန်တယ်။ ဦးလေးအနေနဲ့ လည်း သူ့ကိုအပြစ်တင်ဖို့ တွန်းအားပေးနေတာ မဟုတ်ဘူး နော်။ ဒါလေး ကြားပြီး ငါ့တူအနေနဲ့ ဘယ်လို သင်ခန်းစာယူ နိုင်မလဲ၊ နောက် ငါ့တူအနေနဲ့ရော ဒါမျိုးတွေ မဖြစ်စေရဘူး လို့ ကိုယ့်ကိုယ်ကိုယ် အာမခံချက်ပေးနိုင်မလားဆိုတာ ဦးလေး အနေနဲ့ သိချင်တယ်ပေါ့ကွာ။

ငါ့တူတို့ အသက်အရွယ်နဲ့ဆိုတော့ လျှောက်လှမ်း ရဦးမယ့် အနာဂတ်ခရီးလမ်းဟာ အရမ်းကိုရှည်လျားနေလိမ့်ဦး မယ်မဟုတ်လား။ ဒီတော့ မပြီးဆုံးသေးတဲ့ အနာဂတ်ခရီး ရှည်ကြီးကို ချီတက်နေတဲ့အခါမှာ လမ်းခရီးဟာ သာသာ ယာယာနဲ့ ဖြောင့်ဖြောင့်ဖြူးဖြူးလျှောက်လှမ်းနိုင်ဖို့ ကိုယ့်ကိုယ် ကိုယ် တန်ဖိုးထားလေးစားရမယ် မဟုတ်လား။ ကိုယ့်ကိုယ် ကိုတန်ဖိုးထား လေးစားမှုလည်း ကြုံတင်မှန်းဆ မရတဲ့ လောကဓံဆိုတဲ့ ဆူးငြောင့်ခလုတ်တွေကို ဖယ်ရှားပြီး ကျော် လွှားသွားနိုင်မယ် မဟုတ်လား။



အတ္တာဟိ အတ္တနော နာထော လို့ ဗုဒ္ဓကလည်း ဟောကြားခဲ့တယ်။ "ကိုယ့်ကိုယ်ကိုယ်သာလျှင် ကိုးကွယ်ရာ၊ ယုံကြည်ရာ၊ လေးစားရာ ဖြစ်တယ်"တဲ့။ ဒီတော့ ကိုယ့်ကိုယ်ကိုယ် ကိုးကွယ်နိုင်ဖို့ ယုံကြည်နိုင်ဖို့၊ လေးစားနိုင်ဖို့ဆိုတာကလည်း ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှုဖြစ်မယ် မဟုတ်လား။ လူ့အဖြစ်ဆိုတဲ့ ခဏတာအသက်ရှင်နေထိုင်ခိုက်မှာ တန်ဖိုးရှိရှိ အသက်ရှင်နေထိုင်နိုင်ဖို့ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်တွေကို ဆင်ဆင်ခြင်ခြင်နဲ့ ပြုမူပြောဆိုနေထိုင်သွားပါလို့ ဦးလေး မှာကြားလိုပါတယ်။ နောက်ပြီး ဘာမှ ကြိုတင်မှန်းဆလို့မရတဲ့ အနာဂတ်ခရီးလမ်းမှာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားရင်း လူသားကောင်းကျိုးပြု လုပ်ငန်းတွေကို စွမ်းအားရှိသလောက် လုပ်ဆောင်သွားနိုင်ပါစေလို့ ထပ်ဆင့်မှာကြားရင်း ဒီစာကို နိဂုံးချုပ်လိုက်ပါတယ်။ ။

# မောင်မင်းစိုး(ရွှေနှံ့သာ)

## စာရေးသူ၏ကိုယ်ရေးအကျဉ်း

ဘွဲ့အမည်
အရှင်ရာဇိန္ဒ
ကလောင်အမည်
မောင်မင်းစိုး(ရွှေနှံ့သာ)
ဇာတိ
နှံ့သာကုန်းရွာ၊
ယင်းမာပင်မြို့၊စစ်ကိုင်းတိုင်း။
မွေးသက္ကရာဇ်
၁၃၃၉၊ပြာသို၊ဗုဒ္ဓဟူးနေ့။
အဘအမည်
ဦးတင်အောင်
အမိအမည်
ဒေါ်သိန်းကြည်
၁၃၅၂ ကိုရင်ဘဝ ရောက်
၁၃၅၉ ရဟန်းဘဝ ရောက်
၁၃၆၆ သာသနဓဇသာသနပါလ ဓမ္မာစရိယဘွဲ့ရ
၂၀၀၀ ခုနှစ်မှစ၍ စာပေနယ်ထဲသို့ ရောက်ရှိ။
လက်ရှိ
ပါဠိတက္ကသိုလ်ညောင်တုန်းတိုက်၊
ရွှေပိဋကတ်ကျောင်း၊ဗဟန်းတွင်
သီတင်းသုံးလျက်ရှိ။



တစ်နေ့တခြားဆိုသလို
**လိုအပ်မှုတွေ တိုးတိုးလာနေခဲ့တယ်။**
မေတ္တာဓာတ်တွေ လိုအပ်နေတယ်
ကရုဏာဆိုတဲ့ သနားကြင်နာမှုတွေ လိုအပ်နေတယ်
အပြန်အလှန်လေးစားယုံကြည်မှုဆိုတဲ့
ဂါရဝ-နိဝါတတရားတွေ လိုအပ်နေခဲ့တယ်
ကူညီရိုင်းပင်းမှုတွေ လိုအပ်နေခဲ့တယ်
ငြိမ်းချမ်းရေးတရားတွေ လိုအပ်နေခဲ့တယ်။
**ဒီ လိုအပ်မှုတွေကို ဘယ်လိုဖြေရှင်းကြမလဲ။**

# ပုလဲတစ်ကန့် ရွဲတစ်သန့်

# မောင်မင်းဝိုး

ရွှေ နံ့ သာ

design: luzawthit 2007